
www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန် အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသား အားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ

## နိုင်ငံရေးဦးတည်ချက် ၄ ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် ၄ ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေး ဦးတည်ချက် ၄ ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

# မဟာမြိုင်မင်းသမီး

## ဂမ္ဘီရမောင်မောင်

www.burmeseclassic.com

www.burmeseclassic.com

**စာမူခွင့်ပြုချက်အမှတ်** – [၅၀၀၉၉၈၀၅၀၈]

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်** – [၅၀၁၀၅၄၀၅၀၉]

**မျက်နှာဖုံးပန်းချီ** ◆ မောင်မောင်သိုက်

**ထုတ်ဝေသည့်လ** ◆ ၂၀၀၅ ခုနှစ်၊ စက်တင်ဘာလ

(ပထမအကြိမ်)

**အုပ်ရေ** ◆ ၅၀၀

**ထုတ်ဝေသူ**

ဦးသန်းမြင့်(၀၁၀၄၀)၊ လင်းလင်းစာပေ

အမှတ် ၄/၂၉၊ မြဝတီမင်းကြီးလမ်း

၁၀–မိုင်ကုန်း၊ အင်းစိန်။ ရန်ကုန်မြို့။

**အတွင်းပုံနှိပ်သူ**

ဦးဇော်မင်း (**wizard**)

အမှတ်(၁၉၇)၊ ၃၃–လမ်း(အထက်)

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးပုံနှိပ်**

ဦးတိုးဝင်း(၀၂၄၃၁) နေလရောင်အော့ဖ်ဆက်

(၉၆/ခ)၊ ၁၁ လမ်း၊ ရန်ကုန်မြို့။

**စာအုပ်ချုပ်** ◆ ပပစိုး

**တန်ဖိုး** ◆ ၅၀ ကျပ်

သူရဿတီ
ဒေဝီမယ်လျှ
ကိုယ်တိုင်ကြွ၍
ငါ့နှလုံးသား
ခံစားမှုမွေ့လျော်
နှစ်မြိုက်ပျော်လော့
တွေးခေါ်စဉ်းစား
ဉာဏ်စဉ်ပွားလျက်
ရေးသားပြုရ
ဝတ္ထုစာပေ
ကျမ်းတွေတွေကို
မသေ့စောင့်ရှောက်
ပြီးမြောက်အောင်မြင်
ကောင်းကျိုးထင်လျှတ်
ရှင်လူအများ၊ မေတ္တာပွား၍
ခံစားရှင်ပျော်၊ 'သာဓု'ခေါ်စေ
ဒေဝီမယ်လျှ၊ ကိုယ်တိုင်ကြွ၍
ငါ့အား စောင့်ရှောက်ပါလေလော့။
ငါ့အား စောင့်ရှောက်ပါလေလော့။
ငါ့အား စောင့်ရှောက်ပါလေလော့။

ဂမ္ဘီရမောင်မောင်

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁)

## ကားတစ်စီး၊ လူနှစ်ယောက်

ဝိုးဝိုင် သတိရလျှင်ရချင်း ပထမဆုံး ခံစားသိရှိလိုက်ရသည်မှာ သူ့တစ်ကိုယ်လုံး ချစ်ချစ်တောက်ပူလောင်လျက်ရှိသည်ဆိုသည့် အသိတရားဖြစ်၏။ သူ့တစ်ကိုယ်လုံးလည်း ရိုက်နှက်ထုထောင်းထားသကဲ့သို့ လေးလံလျက် ရှိ၏။ သူသည် မျက်လုံးများကို အားယူ၍ဖွင့်လိုက်၏။ စူးစူးရဲရဲ တောက်ပသော နေရောင်ကြောင့် ချက်ချင်းပင် ပြန်၍မှိတ်ပစ်လိုက်ရ၏။

နောက်တစ်ကြိမ် သူ့မှတ်ဉာဏ်တွင်းသို့ ချင်းနင်းဝင်



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာသူမှာ ကားသမားအလီ ဖြစ်၏။

သူသည် မျက်စိကို တဖြည်းဖြည်းအားယူ၍ ကြည့်လိုက်သည်။ တစ်ဖက်တွင် နေရောင်ခြည်ကြောင့် အခိုးအလျှံများ တညီးညီးထွက်နေသော သဲပြင်ကျယ်ကြီးနှင့် မနီးမဝေးမှ မျက်စိစူးမတတ် အရောင်များပြန်ထွက်နေသော ကျောက်တောင်ကတုံးများ ရှိ၏။ သို့သော် တစ်ဖက်တွင်မူ ကိုက်နှစ်ရာမျှကျယ်ပြီး ကျောက်စရစ်ခဲများ၊ ကျောက်တောင်ကျောက်ကမ်းပါးများကြားမှ တသွင်သွင်စီးဆင်းနေသော ချောင်းကျယ်ကြီးတစ်ခုကိုလည်း တွေ့လိုက်ရသည်။ ချောင်းအစပ်တစ်နေရာတွင်မူ သူစီးနင်းလိုက်ပါလာသော အစိမ်းပုပ်ရောင် ဂျစ်ကားကလေး တိမ်းမှောက်နေသည်ကို တွေ့ရ၏။

‘အလီ’

သူ[illegible] ရုတ်တရက် ကားသမားအလီကို အော်ခေါ်လိုက်သည်။

ပြီးမှ သတိလက်လွှတ်ဖြစ်သွားကြောင်း သူ့ကိုယ်သူ သတိထားမိသွားပြီး ကိုယ့်ကိုယ်ကိုယ် ကျိန်ဆဲလိုက်မိသည်။ ထို့နောက် သူသည် ကျောက်စရစ်မြေပေါ်၌ ဒူးထောက်ကာ





အားယူထပြီး ချောင်းစပ်သို့ သွားသည်။ လေးငါးလှမ်းမျှ လှမ်းပြီး နောက်ပြန်လှည့်လာသည်။ သူ လဲကျနေသောနေရာတွင် သူ့သေနတ်ကို သူ ပြန်ရှာရန် ဖြစ်သည်။ သို့သော် သူ့သေနတ်ကို သူ ရှာ၍မတွေ့ရတော့ချေ။

သူ့အင်္ကျီ၏အောက်တွင် ကိုယ်ထည်နှင့်ကပ်၍ အိတ်ပုန်းတစ်ခု ပြုလုပ်ထားသည်။ ဒသမသုံးငယ်ရှစ် ပြောင်းတိုခြောက်လုံးပြူးတစ်လက် ခိုး၍ထည့်ထားရန် ဖြစ်သည်။ အလီ၏ ခါးကြားတွင်လည်း ဒသမလေးငါး ‘ကိုးမလီ’ ပစ္စတိုတစ်လက် ရှိနေသည်။ ထိုသေနတ်ဖြင့် အလီက သူ့ကိုသတ်ရန် ခြိမ်းခြောက်ခဲ့သည်။ ပျံလွှားငှက်ကလေးများ ချောင်းရိုးပေါ်တွင် ဝဲပျံလျက်ရှိသည်။

သူသည် ကားဆီသို့သွားပြီး အခြေအနေကို လေ့လာကြည့်ကြသည်။ ကားမှာ ဘီးလေးဘီးစလုံး မိုးပေါ်သို့ ပက်လက်လန်နေသည်။ ကားခေါင်းပိုင်းတစ်ခုလုံး ပြုပြင်၍ မရတော့လောက်အောင် ပျက်စီးသွားခဲ့ပြီ ဖြစ်သည်။ ဂျစ်ကားကိုယ်ထည်အောက်၌မူ ပိနေသော အလီ၏ပစ္စတိုသေနတ်ကို တွေ့လိုက်ရသည်။ အလီကိုမူ ယခုတိုင် အစအနပင်ရှာ၍ မတွေ့



www.burmeseclassic.com

www.burmeseclassic.com



ချေ။

သူသည် ချောင်းစပ်သို့သွားကာ ရေထဲသို့ ဆင်းလိုက်၏။ ရေမှာ ဒူးဆစ်သာသာမျှသာ နက်ပြီး ရေအောက်ရှိ ကျောက်စရစ်ခဲကလေးများကိုပင် တွေ့မြင်နေရသည်။ နောက်တော့ သူသည် မျက်နှာသစ်ကာ ခြေလက်သုတ်သင်လိုက်သည်။

သူ သတိမေ့မြောနေခဲ့သည်မှာ နာရီဝက်သာသာ လောက်တော့ ကြာပေလိမ့်မည်။ သူသည် အပေါ်အင်္ကျီကို ချွတ်ကာ လက်ဝဲနံဘေးမှ ထိခိုက်ပွန်းပဲ့ထားသည့် ဒဏ်ရာကို ရေဖြင့် ဆေးကြောလိုက်သည်။ ဒဏ်ရာမှာ အစင်းအကြောင်း တစ်ခုဖြစ်၍ သွေးစေးများ မေကျံနေသည်။ ဂျစ်ကား ကျွမ်းထိုး ကျသွားစဉ် သူသည် လေကာမှန်ပေါ်မှလွင့်၍ကျသွားခဲ့သည်။ ထိုမှတစ်ဆင့် ကျောက်စရစ်မြေပေါ်သို့ ဒလိမ့်ကောက်ကွေး ကျရာမှ ရခဲ့သောဒဏ်ရာ ဖြစ်သည်။

သူသည် မမျှော်လင့်ဘဲ သစ္စာဖောက်ခြင်းခံလိုက်ရသည့်အတွက် သူ၏ပေါ့လျော့မှုကို သူ အပြစ်တင်နေသည်။ သူ့အဖို့ အရာရာ သံသယဖြင့်ဆက်ဆံမှ တော်ကာကျလိမ့်မည်။ အရာရာကိုလည်း အမှန်တကယ်ပင် သံသယဖြင့် ဆက်ဆံခဲ့





သည်။ သို့သော် သူ့ဘက်က သည့်ထက်ပိုပြီး သတိရှိဖို့လိုသည်ကို သူ ဆင်ခြင်မိလိုက်သည်။

သူ ဂျစ်ကားအနီးမှ ထွက်လာခဲ့သည်။ ထိုအချိန်တွင် သေနတ်သံတစ်ချက် ပေါ်ထွက်လာခဲ့ပြီးနောက် ကျည်ဆန်က သူ့ခြေဖမိုးပေါ်မှဖြတ်ပြီး ကျောက်စရစ်ခဲတစ်လုံးကို ထိမှန်ပြီး လွင့်စင်သွားသည်။ ထိုသေနတ်သံမှာ သူ၏ ကိုယ်ပိုင်သေနတ်မှအသံဖြစ်ကြောင်း သူ အတတ်သိလိုက်သ[illegible]။

သူသည် ကျည်ဆန်လာရာသို့ လှမ်း၍ ကြည့်လိုက်၏။ ဦးမင်းနိုင်၏ကားကို မောင်းနှင်လာခဲ့သော [illegible]သီသည် မသေသေး။ ကျောက်တောင်ပေါ်၌ ရှိနေသည်။ သူ[illegible] ကျောက်ဆောင်အခြေသို့ ပြေးကပ်လိုက်သည်။ နောက်ထပ်သေနတ်သံ ထွက်ပေါ်မလာတော့။

သူသည် သတိကြီးစွာထား၍ ကျောက်တောင်ပေါ်သို့ တက်လမ်းရှာ၏။ လူသွားလမ်းသဖွယ် အထင်အရှားဖြစ်နေသော ကွေ့ကောက်သည့် လမ်းကလေးအတိုင်း တက်လာခဲ့သည်။ အတတ်နိုင်ဆုံး ကျောက်တုံးကျောက်ခဲများကို အကာအကွယ်ယူ၍ သတိကြီးစွာထားပြီးမှ တက်ခဲ့ရခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အထက်ဆီမှ ကျောက်တုံးတစ်တုံး လိမ့်ကျလာသဖြင့် သဲမှုန်များ လျှောကျလာသည်။ ယခုအခါ သူသည် ကျောက်တောင်တစ်ဝက်မျှသာ ရောက်သေးသည်။ သူ ကျောက်တုံးတစ်တုံးကိုတွယ်၍ ကျောဖြင့်ကပ်မှီကာ အကာအကွယ်ယူရင်း ခေတ္တနားနေလိုက်၏။ ပြီး အသက်ကို ဝအောင်ရှူထုတ်လိုက်သည်။

နောက် အပေါ်သို့ မော့ကြည့်၍ စိတ်ချရလောက်မှ သတိကြီးစွာဖြင့် ဆက်၍ တက်ခဲ့သည်။ ရှေ့တွင် ကျောက်တုံးအကာအကွယ်ဟူ၍ သိပ်မရှိတော့။ တစ်နေရာရာကသာ သူ့ကို ချောင်းမြောင်းကြည့်ရှုလျှင် အထင်းသားမြင်နေရမည် မဟုတ်။ မြင်လိုက်ပျောက်လိုက်ဖြင့် ကွေ့၍ကောက်၍ တက်လာခဲ့သည်။ သူ့ခမျာ ဇောချွေးများ ပျံလာသည်။

နောက်ထပ် ပေ ခြောက်ဆယ်ခန့် ဆက်၍တက်လာခဲ့သည်။ တစ်နေရာတွင် သွေးကွက်တချို့ကို တွေ့လိုက်ရသည်။ သူ မျှော်လင့်သည့် ကျောက်တောင်ပေါ်သို့ ရောက်ရန် ပေလေးဆယ်လောက်သာ လိုတော့သည်။ အလီသည် သည်နေရာမှ နောက်ဆုံး အားယူ၍ တက်သွားခဲ့ပုံရသည်။





သူသည် သည်နေရာတွင် ရပ်နားနေ၍ မဖြစ်နိုင်တော့။ အားယူ၍ ကျန်ရှိနေသော အငူဘက်ဆီသို့ ပြေးတက်ခဲ့သည်။ သူ့လက်ထဲတွင် ပစ္စတိုကို အသင့်ကိုင်ထားပြီး ဖြစ်သည်။

သူ တောင်ကုန်းထိပ်ပေါ်သို့ ရောက်ရှိသွားချိန်တွင် ကားဆရာအလီမှာ ကျောက်တုံးတစ်တုံးပေါ်တွင် မှောက်၍ ကျောက်တုံးဖြင့် ပါးအပ်ကာ လဲကျနေသည်။

စိုးပိုင် အသက်ကို ပြင်းပြင်းရှူလိုက်ပြီး သူ့ဆီသို့ လျှောက်သွားသည်။ ပြီးတော့ ပခုံးမှဆွဲလှန်ပြီး ပက်လက်လှန်လိုက်သည်။ အလီ၏မျက်လုံးများ ပွင့်လာသည်။

'တော်တယ်ကွာ၊ ငါ့လိုလူကိုမှ မင်းက လွဲအောင်ပစ်ရတယ်လို့'

အလီက အသနားခံသော မျက်လုံးများဖြင့်ကြည့်ပြီး ပါးစပ်ကလေး ဟလာသည်။

'ကျွန်တော့်မှာ တည့်အောင်ချိန်ပြီး ပစ်နိုင်လောက်တဲ့ အင်အားကို မရှိတော့ပါဘူး'

'မင်းဒဏ်ရာက များသလား'

'သေရတော့မှာပါဗျာ'



www.burmeseclassic.com

www.burmeseclassic.com



'မင်းသေလို့ ဘယ်ဖြစ်ဦးမလဲကွာ'

'ခင်ဗျား ကျွန်တော့်ကို သတ်တော့မလို့လား'

'ဟင့်အင်း… ငါ မေးတာကို မင်း ဖြေရလိမ့်မယ်ကွ'

စိုးပိုင်က သူ့အင်္ကျီအိတ်ထဲမှ စီးကရက်ဘူးကိုထုတ်လိုက်သည်။ ပြီး မီးညှိကာ နှစ်ကြိမ်ဖွာရှိုက်လိုက်သည်။

'မင်း ရင်ဘတ်ကြီးတစ်ခုလုံး ကြွေမွနေတယ် ထင်တယ်'

'ဂျစ်ကားပေါ်ကလွင့်ပြီး ကျောက်တုံးအစွန်းနဲ့ ဝင်ဆောင့်မိတာဗျ'

'မင်း ငါ့ကို ဘာဖြစ်လို့ ဒီနေရာ ခေါ်လာခဲ့ရတာလဲ'

'ခင်ဗျားကို သတ်မလို့'

'ဘာကြောင့်လဲ'

'အမိန့်အရပါ'

'ဘယ်သူပေးတဲ့ အမိန့်လဲ'

အလီက ထိုင်ရန် ကြိုးစားသည်။ သို့သော် သူ့မှာ





ထနိုင်ပုံ မရ။ မြေကြီးပေါ် လေးဘက်ထောက်ပြီး စိုးပိုင်ကို မော့ကြည့်သည်။

စိုးပိုင်သည် တောင်ထိပ်ပေါ်မှ အဝေးသို့ လှမ်းကြည့်လိုက်သည်။ ဟိုးတောင်ဘက် ခပ်ဝေးဝေးမှာ ကျွဲနဖားတောင်ကို လှမ်း၍ မြင်နေရသည်။ ပြီးတော့ ချောင်းမကြီးနှင့် အဝေးမှ တောင်တန်းများ၊ တောအုပ်ထူထူများ။

'ရေ… ရေ…'

အလီ့ထံမှ အသံထွက်ပေါ်လာသည်။ သူ တော်တော်ရေငတ်နေပုံ ရသည်။ သူကိုယ်တိုင်လည်း ရေငတ်နေသည်။ အပူရှိန်က အလွန်ပြင်းသည်။ သည်အတိုင်းသာဆိုလျှင် သူ့ကိုယ်မှ ရေငွေ့များ တဖြည်းဖြည်း ကုန်ဆုံး၍ ခန်းခြောက်သွားလိမ့်မည်။ သေပင် သေသွားနိုင်သည်။

'မင်း ငါ့ကို ဘာကြောင့် သတ်ချင်ရတာလဲ'

'ခင်ဗျား မန္တလေးကို ရောက်လာတယ်၊ ပြီးတော့ အရှေ့တောင်ပိုင်းကို ခရီးဆက်ဦးမယ် မဟုတ်လား၊ ဒါဆိုရင် လုံလောက်ပြီပဲ'

'ငါဟာငါ လာတာ ဘာဖြစ်လဲ၊ ငါလာတာ မိတ်ဆွေ



www.burmeseclassic.com

www.burmeseclassic.com



အဖြစ်နဲ့ပါကွာ'

'မဟုတ်ပါဘူး၊ ရန်သူအဖြစ်နဲ့ပါ'

စိုးပိုင်က အလီ၏မေးစေ့ကို ခြေထောက်ဖြင့်မ၍ မော့ပေးလိုက်သည်။

'ဘယ်သူလဲကွ၊ ငါ့ကိုသတ်ဖို့ အမိန့်ပေးတာ၊ ဦးကျော်ခေါင်လား၊ ဦးမင်းနိုင်လား'

'ကျွန်တော် ဒီထက်ပိုပြီး ဘာမှ မသိဘူး၊ ကျွန်တော့်တာဝန်က ခင်ဗျားကို သတ်ဖို့ပဲ'

'မင်း ဦးမင်းနိုင်နဲ့ တောင်တက်အဖွဲ့သားထဲက တစ်ယောက် မဟုတ်လား'

'ကျွန်တော်က တောင်ပေါ်ဒေသကပါ၊ ဒီလိုဒေသမျိုး မလာချင်ပါဘူး၊ လွှတ်တဲ့လူရှိလို့ လာခဲ့ရတယ်၊ ပြီးတော့ သူတို့ခိုင်းတဲ့အတိုင်း လုပ်ခဲ့မိတယ်၊ ဘာပဲဖြစ်ဖြစ် ကျွန်တော့်တာဝန် ပြီးဆုံးတော့မှာပဲ၊ မဟုတ်လည်း သေရတော့မှာပဲ မဟုတ်လား'

'မင်းတာဝန် မပြီးသေးပါဘူး'

စိုးပိုင်က တစ်လုံးချင်း ပြောလိုက်သည်။





'ကဲ… ကဲ… ငါ့ကို အောက်ပြန်ဆင်းလိုက်ကြရအောင်'

'ကျွန်တော် ဆင်းနိုင်မယ် မထင်ဘူး'

'မင်း ဆင်းနိုင်အောင် ဆင်းရလိမ့်မယ်'

စိုးပိုင်က သူ၏ ဆုံးဖြတ်ချက်ကို နိုင်နိုင်မာမာ ပြောလိုက်သည်။

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၂)

## လှည်းကြဲ

နေရောင်မှာ ကြာလေ ဖိတ်ဖိတ်တောက် ပူပြင်းလေ ဖြစ်၏။ ပြင်မှာ နေ၏အပူရှိန်ကြောင့် တညီးညီလောင်မြိုက်ကာ မျက်စိကျိန်းစပ်မကာတတ် ဖြစ်နေ၏။ အထက်ကောင်းကင်တွင် သိန်းစွန်ငှက်ရဲတစ်ကောင်သည် လေဟုန်ကိုခွဲ၍ ပျံဝဲလျက်ရှိလေ၏။

စိုးပိုင်သည် အလီအား လက်မောင်းတစ်ဖက်မှ ဆွဲမကာ ထူလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



'ကဲ… လာ… သွားကြမယ်'

'ကျွန်တော်… ကျွန်တော် မလျှောက်နိုင်လို့ပါ'

'မင်း လျှောက်ရမယ်'

'အမလေး… သေပါပြီဗျာ'

'အေး… သေတာတော့ သေရမှာပေါ့ကွာ၊ ဒါပေမဲ့ ခုလောက် ခံစားမှုမျိုးနဲ့တော့ သက်သောင့်သက်သာသေလို့ ဘယ်ဖြစ်မလဲ'

အလီ၏မျက်နှာမှာ အမှန်ပင် လူသေရုပ် ပေါက်နေတော့သည်။ သူ အနည်းငယ်မျှ ချောင်းဟန့်လိုက်လျှင်ပင် သွေးစသွေးနများ ထွက်လာလေ၏။ စိုးပိုင်က သူ့ကို စိတ်ဝင်စားမှု မရှိဟန်ဖြင့် စိုက်ကြည့်နေသည်။

လွန်ခဲ့သော တစ်နာရီကျော်ကျော်က အလီသည် သူ့ကို တင်ဆောင်၍ မောင်းလာသောကားကို ရုတ်တရက် ရပ်ပစ်လိုက်သည်။ ထို့နောက် နှစ်ဦးသား လုံးထွေးသတ်ပုတ်ကြစဉ် အလီသည် ဂျစ်ကားတွင်းမှ လွင့်စဉ်ကျသွားခဲ့၏။

နောက် ဂျစ်ကားသည် လမ်းပေါ်မှ ခြေချော်ကာ ပက်လက်လန်သွားခဲ့လေသည်။ စိုးပိုင်လည်း ကားထဲမှ လွင့်စဉ်ကျ





ခဲ့သည်။ စိုးပိုင် ဘယ်နေရာကျသည်ကို သိလို၍ အလီသည် သေကောင်ပေါင်းလဲ ဒဏ်ရာဖြင့်ပင် ကျောက်တောင်ကတုံးပေါ်သို့တက်ကာ ရှာဖွေခဲ့သည်။ ပြီးလျှင် စိုးပိုင်အား အသေသတ်ရန် နောက်ဆုံးကြိုးပမ်းအားထုတ်သည့်အနေဖြင့် သေနတ်ဖြင့် ပစ်ရန် ကြိုးစားခဲ့သည်။

ထိုအချက်က အလီ၏အမှားပင်။

စိုးပိုင်အား သေနတ်ကျည်ဆန်ထိမှန်ခြင်း မရှိသည့်အပြင် သတိပေးသကဲ့သို့ပင် ဖြစ်သွားသေးသည်။

'သတ်ပစ်ရမယ့်စာရင်းထဲမှာ ငါတစ်ယောက်တည်းလား'

'မဟုတ်ပါဘူး'

အလီက အသံယဲ့ယဲ့ဖြင့် ပြောသည်။

'ဘယ်သူတွေ ပါသေးလဲ'

'ဆွေကြီးမျိုးကြီးထဲက သိပ်ချမ်းသာတဲ့ သူဌေးတစ်ယောက်ပါ'

'ထိပ်တင်ငြိမ်းလား'

'အင်း'



www.burmeseclassic.com

www.burmeseclassic.com



'ပြီးတော့ ဘယ်သူ ပါသေးလဲ'

'တောင်ပေါ်တက်မယ့် လူတွေ တစ်ဖွဲ့လုံးပါ'

'ဘာဖြစ်လို့တုံး'

'အဲဒီမေးခွန်းကို ကျွန်တော် ဘယ်တုန်းကမှ မေးခွင့်မရခဲ့ပါဘူးဗျာ၊ ဒီလိုမေးခွန်းမျိုး မေးမိတာနဲ့ ကျွန်တော့်လည်ပင်းကို ဖြတ်ချလိုက်ပါတော့ဗျာလို့ ပြောသလို ဖြစ်သွားမှာပေါ့'

'ဘာဖြစ်ဖြစ် မေးကိုမေးရတော့မယ်ဆိုရင် မင်း ဘယ်သူ့ကို မေးမှာလဲ'

အလီထံမှ ဘာသံမျှ မကြားရချေ။

'မင်း သေရတော့မှာပဲကွာ၊ မင်း ဘာကြောင့် လူသတ်ရတယ်ဆိုတာ ဘုရားသခင်ဆီမှာ ဝန်ခံသွားဦးမှပေါ့'

စိုးပိုင်က သူ့ကို လက်လွှတ်လိုက်ပြီး ကျောက်တုံးပေါ် ချပေးလိုက်သည်။

'ဘုရားသခင်ကမေးရင်တော့ ပြောရမှာပေါ့ဗျာ'

'ကဲ... သွားမယ်'

'ကျွန်တော်... ကျွန်တော် မထနိုင်တော့ဘူး'





အလီသည် ရုတ်တရက် ခေါင်းငိုက်စိုက်ကျကာ ပုံလဲသွားလေတော့သည်။

'တစ်ကောင်တော့ ချောသွားပြီ'

စိုးပိုင်သည် သက်ပြင်းချကာ အောက်သို့ မျှော်၍ကြည့်လိုက်သည်။ အောက်တွင် ချောင်းရေ ရှိသည်။ သူ ရေသောက်ရမှ ဖြစ်လိမ့်မည်။

ထို့နောက် သူသည် သူ ဒီသို့လာခဲ့ရပုံကို ပြန်ပြီး စဉ်းစားလိုက်မိသည်။ ပထမဦးဆုံး မျက်စိထဲ ပေါ်လာသည်ကတော့ ထိပ်တင်ငြိမ်းပင်။

သူမကို သူ ရန်ကုန်အင်လျားမြိုင်ဟိုတယ်တွင် တွေ့ခဲ့သည်။ ထိုစဉ်က သူမအနားတွင် ခင်မောင်ကြီးဆိုသူက အရိပ်လို ကပ်ပါနေခဲ့သည်။ သူတို့နှစ်ယောက်က စေ့စပ်ထားပြီးပြီ။ မကြာမီ လက်ထပ်ကြတော့မည့် စုံတွဲဖြစ်ကြောင်း သူ သိရှိခဲ့ရသည်။

ထိပ်တင်ငြိမ်းမှာ ကုန်းဘောင်မင်းဆက်မှ တော်ဝင်မျိုးနွယ်ဝင်ဖြစ်၍ သိန်းပေါင်းများစွာ ချမ်းသာသောသူ ဖြစ်သည်။ အချမ်းသာဆုံး အမျိုးသမီးလုပ်ငန်းရှင်လည်း ဖြစ်ပေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



သတ္တုရိုင်းရှာဖွေရေးလုပ်ငန်းများတွင်လည်း အစိုးရထဲ အစုရှယ်ယာဝင်ထားသူ ဖြစ်သည်ဆို၏။ သူ့ဝတ်စုံများကို နိုင်ငံခြားမှ မှာယူချုပ်ပေးရသည်ဟု သိရသည်။ ထို့ကြောင့်လည်း တောင်တက်လေ့လာရေးအဖွဲ့တွင် သူမသည် ကုန်ကျစရိတ်ခံမည့်အပြင် သူမကိုယ်တိုင်လည်း လိုက်ပါမည် ဖြစ်သည်။ ထိုခရီးအတွက် သက်ဆိုင်ရာမှ စိတ်မချ၍ သူမကိုစောင့်ရှောက်ရန် စိုးပိုင်အား တာဝန်ပေး၍ ခိုင်းစေလိုက်ခြင်း ဖြစ်သည်။ သို့သော် သူ လိုက်လာမည်ကိုတော့ ထိပ်တင်ငြိမ်းမှာ သိပ်ပြီး သဘောကျလှသည် မဟုတ်ပေ။ သူ့အတွက် သူ့ချစ်သူ ခင်မောင်ကြီးရှိနေလျှင် လုံလောက်ပြီဟု ထင်နေသူဖြစ်၍ ခင်မောင်ကြီးက သူ့ကို အကာအကွယ်ပေးနိုင်လိမ့်မည်ဟုလည်း ယုံကြည်နေပုံရသည်။

ခင်မောင်ကြီးအကြောင်းကတော့ ကြားသိရသမျှ သိပ်ပြီး မကောင်းလှချေ။ ခင်မောင်ကြီးသည် တောင်တက်သမားကောင်းတစ်ယောက်ဖြစ်ပြီး ဘူမိဗေဒဘာသာရပ်ဖြင့် ဘွဲ့ရပြီးသူ ဖြစ်၏။ သူသည် အသုံးအဖြုန်းကြီး၍ မိန်းမမူပွေသည်ဟု အပြောများသည်။ သူ၏ ဘကြီးတော်သူတစ်ယောက်မှာ ပျူ





ဘောသီးခေါင်းဆောင်တစ်ယောက် ဖြစ်ခဲ့ဖူး၍ အစိုးရက သေဒဏ်ချမှတ်ခံခဲ့ရသည်။ ခင်မောင်ကြီးမှာ နိုင်ငံရေးကို နားမလည်သော်လည်း သူ့ဦးကြီးကို ခေါင်းဆောင်တစ်ယောက်အနေဖြင့် အားကျလျက်ရှိသည်ဟု သိရသည်။

ခင်မောင်ကြီးတွင် နှမတစ်ယောက်ရှိပြီး အင်မတန်ချောမောလှပသည်ဟု နာမည်ကြီးသည်။ သူမသည် ရှေးခေတ်ကျောင်း သုတေသနဘာသာရပ်ဖြင့် အိန္ဒိယနိုင်ငံမှ ဘွဲ့ရခဲ့ပြီး စွန့်စားမှုကို ဝါသနာပါသည်ဟု သိရသည်။ ထို့ပြင် သူမသည် သူ လေ့လာကြားသိရသမျှ ဒဏ္ဍာရီပုံပြင်အရ မဟာမြိုင်မင်းသမီးလေး၏ မကိုဋ်သရဖူကို စိတ်ဝင်စားလျက်ရှိနေသည်။ သူမကိုတော့ စိုးပိုင် တစ်ကြိမ်တစ်ခါမျှ မြင်ဖူးတွေ့ဖူးခြင်း မရှိသေးချေ။

စိုးပိုင်သည် ရေငတ်လှသဖြင့် အလီ၏အလောင်းအားကျောခိုင်းကာ လာလမ်းအတိုင်း ပြန်၍ဆင်းခဲ့လေသည်။ သွေးညှီနံ့ရသော သိန်းစွန်ငှက်တစ်ကောင်မှာ အလီ၏ကိုယ်ပေါ်မှ ဝေ့ပတ်၍ ပျံဝဲလျက်ရှိသည်။

သူသည် တောင်ခြေသို့ရောက်သည်နှင့် ချောင်းရေထဲ



www.burmeseclassic.com

www.burmeseclassic.com



သို့ ဂုန်းခနဲ ခုန်ချလိုက်လေ၏။ ထို့နောက် စိတ်ရှိလက်ရှိ လူး လိမ့်ကာ ရေကို အဝသောက်လိုက်သည်။ ထို့နောက် ဂျစ်ကား ဆီသို့ ပြန်သွားပြီး ကားထဲမှ လွှင့်ကျနေသော သူ၏ကျောပိုး အိတ်ကို ဆွဲထုတ်ကာ အဝတ်အစားလဲလှယ်လိုက်သည်။

ထို့နောက် ချောင်းပိုင်းတစ်လျှောက် ခြေလျင်လျှောက် ၍လာခဲ့ရာ နာရီဝက်ခန့် လာမိလျှင် လှည်းလမ်းကြောင်းတစ်ခု ပေါ်သို့ ရောက်ရှိခဲ့သည်။ ထိုစဉ် ချောင်းရိုးအတိုင်း ဆင်းလာ သော နွားလှည်းတစ်စီးတွေ့သည်နှင့် စိုးပိုင်သည် လှည်းကြုံ စီးကာ ကားလမ်းပေါ်သို့ ရောက်သည်အထိ လိုက်လာခဲ့လေ တော့သည်။

✣ ✣ ✣



# အခန်း(၃)

## ရဲတိုက်

ပြင်ဦးလွင်၏ ခံ့ညားထည်ဝါလှသော ရဲတိုက်သဖွယ် အိမ်ကြီးရှေ့တွင် စိုးပိုင် ရောက်ရှိလာခဲ့၏။ သူသည် ငှားစီး လာခဲ့သော မြင်းလှည်းသမားကို ပြန်လွှတ်လိုက်ပြီး ရဲတိုက် ကြီးဆီသို့ လျှောက်လှမ်းလာခဲ့သည်။ ခြံတံခါးဝသို့ ရောက်သော အခါ ခေါင်းလောင်းကြိုးကလေးကို ဆွဲလိုက်သည်။ မကြာမီ ဝတ်စုံဝတ် သန့်မာထွားကျိုင်းသော လူတစ်ယောက် ထွက်လာ ပြီး စိုးပိုင်အား ခြေဆုံးခေါင်းဆုံးကြည့်ကာ-



www.burmeseclassic.com

www.burmeseclassic.com



'ဘာကိစ္စလဲ'

ဟု မေးသည်။

'ကျုပ် ဦးမင်းနိုင်နဲ့ တွေ့ဖို့လာတာပါ'

'မောင်ရင်က စိုးပိုင်လား'

'ဟုတ်ပါတယ်'

စိုးပိုင်သည် ဖွင့်ထားသော တံခါးမှဝင်လာရာ လူ၏ခါးတစ်ဝက်နီးပါးရှိ ခွေးကြီးနှစ်ကောင် တဝုတ်ဝုတ်ထိုးဟောင်ပြီး ပြေးထွက်လာသည်ကို တွေ့ရသည်။ သို့သော် ခွေးက သူ့ဆီသို့ ရောက်မလာပါ။ နောက်မှ ဝတ်စုံဝတ်တစ်ဦးက သံကြိုးများဖြင့် ဆွဲထား၍ဖြစ်ပါသည်။

ထို့နောက် ဝတ်စုံဝတ်တစ်ဦး ထွက်လာပြီး စိုးပိုင်အား အခန်းတစ်ခုထဲသို့ ခေါ်သွားသည်။

အခန်းသည် ကျယ်ကျယ်ဝန်းဝန်း ရှိ၍ မဟော်ဂနီရောင် ဗီရိုများ၊ စာရွက်စာတမ်းများဖြင့် ပြည့်လျှက်ရှိသည်။ အခန်းအလယ်ရှိ ရောမစားပွဲတစ်လုံး၏နောက်တွင် အသက်လေးဆယ်ခန့် ရည်ရည်မွန်မွန် လူကြီးတစ်ဦး ထိုင်နေသည်။ သူက စိုးပိုင်ဝင်လာသည်ကို မော့၍ကြည့်ပြီး ပြုံးရွှင်စွာနှုတ်ဆက်လိုက်သည်။





'ဪ... ကိုစိုးပိုင် ရောက်လာပြီကိုး၊ ကဲ... ထိုင်ဗျာ၊ ခင်ဗျားရဲ့ ပုံပန်းသဏ္ဌာန်ရော၊ ခင်ဗျားလာမယ်ဆိုတာကို သိထားတော့ ခင်ဗျား ဘယ်သူလဲဆိုတာ ကြိုသိထားတာပေါ့၊ ဒီမှာ ရေးလက်စ အစီရင်ခံစာလေးတစ်စောင် မပြီးသေးလို့ ထွက်မကြိုဖြစ်တာ အားနာစရာတော့ ကောင်းနေပြီ'

'ဦးမင်းနိုင် ဟုတ်ပါတယ်နော်'

စိုးပိုင်က မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်ရင်း မေးလိုက်သည်။

'ဟုတ်ပါတယ်၊ ဒါနဲ့ ခင်ဗျား ဘာလို့နောက်ကျရတာလဲ'

'ကျွန်တော် မန္တလေးကို မနက်လင်းလင်းချင်း ရောက်တာပဲ'

'အေးလေ... ဒီလိုပဲ ဖြစ်ရမှာပေါ့၊ ကျုပ် အကြိုလွှတ်လိုက်တဲ့ကားရော တွေ့တယ်မို့လား'

စိုးပိုင်က ဦးမင်းနိုင်အား လေ့လာ အကဲခတ်သလို ကြည့်လိုက်သည်။ အရာရာကို သံသယဖြင့် ဆက်ဆံရမည်မှာ ယခုအခါ စိုးပိုင်တာဝန်ပင် ဖြစ်နေသည်။ သူသည် ခြေမျှင်



www.burmeseclassic.com

www.burmeseclassic.com



တောင်တက်အဖွဲ့ ခေါင်းဆောင်အဖြစ် လေ့လာရေးတပ်ဖွဲ့များကို နှစ်ကြိမ်တိုင် ဦးဆောင်၍ တက်ခဲ့သူဖြစ်သည်။ ကြံ့ခိုင်သန်စွမ်းပြီး ပြတ်သားသည့်သဘောလည်း ရှိသည်။ သို့သော် နူးညံ့ပျော့ပျောင်းစွာ ဆက်ဆံတတ်သူတော့ ဖြစ်၏။ သူ၏ နူးညံ့ပျော့ပျောင်းမှုမှာ အရေခြုံထားခြင်းလည်း ဖြစ်နိုင်၏။

စိုးပိုင်က အလီနှင့် သူ၏အဖြစ်အပျက်ကို ပြောပြလိုက်သည်။ ဦးမင်းနိုင်သည် စိုးပိုင်စကားဆုံးသည်နှင့် ဘဲလ်ကို နှိပ်လိုက်ရာ ဝတ်စုံဝတ် အမျိုးသားနှစ်ဦး ဝင်ရောက်လာခဲ့ကြသည်။ ဦးမင်းနိုင်က သူတို့နှစ်ဦးအား မန္တလေးသို့ ဆင်း၍ အလီ၏ အလောင်းအား ရှာဖွေရန် စေလွှတ်လိုက်သည်။

'ကျွန်တော် ထိပ်တင်ငြိမ်းအတွက် သိပ်ပြီး စိုးရိမ်စရာ ရှိပါတယ် ဦးမင်းနိုင်၊ သူ ဘယ်မှာနေတယ်ဆိုတာကော ခင်ဗျား သိပါသလား'

ဦးမင်းနိုင်က ပြုံး၍ ခေါင်းညိတ်လိုက်သည်။

'သူ ဘာမှမဖြစ်ပါဘူး၊ ခင်ဗျားကိစ္စကို ကျွန်တော် ဘယ်လိုတောင်းပန်ရမှန်းမသိ ဖြစ်နေတာပါ'

'ကျွန်တော် အန္တရာယ်ကင်းကင်းနဲ့ ပြန်ရောက်လာခဲ့





ပြီပဲ၊ အရေးကြီးတာက ထိပ်တင်ငြိမ်းပါ၊ သူ အခု ဘယ်မှာလဲ၊ ကျွန်တော့်ကို သူ့ဆီ ပို့ပေးပါ'

'မလိုတော့ပါဘူး ကိုစိုးပိုင်၊ သခင်မလေး ဒီအိမ်ထဲမှာ ခည့်အညအဖြစ် ရောက်နေပါပြီ'

ဦးမင်းနိုင်က အစေခံကိုခေါ်ကာ ထိပ်တင်ငြိမ်းကို ခေါ်ခဲ့ဖို့ မှာလိုက်သည်။ စိုးပိုင်မှာ မချင့်မရဲဖြင့် အနေရခက်နေသည်။ သူ၏ခရီးစဉ်အစမပျိုးမီမှာပင် ဖျက်ဆီးခံလိုက်ရပြီဆိုသော အသိကြောင့် စနိုးစနောင့် ဖြစ်နေသည်။

'ဒါနဲ့ ခင်မောင်ကြီးတို့ မောင်နှမကော'

'သူတို့လည်း အေးအေးဆေးဆေးပါပဲ၊ လုံခြုံမှု အပြည့်ရှိပါတယ်၊ ရှမ်းပြည်နယ်တောင်ပိုင်းကို ခရီးထွက်ဖို့ သူတို့စီမံနေကြတယ်၊ လေ့လာရေး တောင်တက်ခရီးအတွက် လိုအပ်တဲ့ပစ္စည်းတွေနဲ့ အလုပ်သမားတွေလည်း အသင့်စီစဉ်ပြီးသားဖြစ်အောင် ဆောင်ရွက်နေကြပါတယ်၊ သူတို့ရည်မှန်းတဲ့အတိုင်းဆို သန်ဘက်ခါလောက် စပြီး ခရီးထွက်ဖြစ်လိမ့်မယ်'

'ပြီးတော့ ကျန်ပါသေးတယ်၊ ဇော်ဝိတ်ဆိုတဲ့ လမ်းပြလေ'



www.burmeseclassic.com

www.burmeseclassic.com



'သူလည်း ဘာမှမဖြစ်ပါဘူး'

'အေးဗျာ… ကျုပ်ဖြင့် ဘယ်လိုလုပ်ရမှန်းတောင် မသိတော့ဘူး'

ဦးမင်းနိုင်က လိုက်လိုက်လှဲလှဲ ပြုံးလိုက်သည်။

'စိတ်ရှည်ရှည်ထားပါ ကိုစိုးပိုင်၊ ခင်ဗျား ကြုံခဲ့ရတဲ့ ကိစ္စအတွက် ကျုပ် တကယ်ပဲ စိတ်မကောင်းပါဘူး၊ ဒါပေမဲ့ ဒီခရီးမှာ တစ်ဦးအပေါ်တစ်ဦး ယုံကြည်စိတ်ချမှုရှိဖို့ လိုတယ်ဗျ'

စိုးပိုင် ဘာမျှမပြန်မပြောဘဲ ငြိမ်နေလိုက်သည်။

'ဩော်… ဒါနဲ့ ဟိုဒဏ္ဍာရီကိစ္စရော ခင်ဗျား ယုံကြည်သလား၊ မဟာမြိုင်မင်းသမီးကို ဆက်သဖို့ တရုတ်ပြည်က လက်ဆောင်ပဏ္ဏာဆက်တဲ့ မကိုင်္ဇသရဖူကို တောင်ပေါ်လူရိုင်းတွေ ခိုးယူသွားခဲ့ကြတယ်ဆိုတာလေ၊ အဲဒီ သရဖူက အခုသွားမယ့် ဦးခေါင်းတစ်ရာဂူမှာ ပျောက်ဆုံးသွားခဲ့တယ်လို့ အဆိုရှိတယ်၊ ဒဏ္ဍာရီရဲ့ အဆိုအရ အဲဒီသရဖူဟာ တန်ဖိုးဖြတ်လို့မရနိုင်ဘူးတဲ့'

'ခင်ဗျားကကော ဒီဒဏ္ဍာရီကို ယုံကြည်နေလို့လား'

'ကျွန်တော်တို့နိုင်ငံဟာ ထူးခြားဆန်းကြယ်မှုတွေနဲ့ ပေါ





ကြွယ်ဝတဲ့ နိုင်ငံပဲဗျာ၊ မမျှော်လင့်တဲ့ အဖြစ်အပျက်တွေလည်း တော်တော်များတယ်၊ ဘာမဆို ဖြစ်နိုင်တာပေါ့လို့ အတပ်ပြောလို့ မရသလို မဖြစ်နိုင်ဘူးလို့လည်း ယတိပြတ် ငြင်းလို့ရတာ မဟုတ်ဘူး၊ ပုဂံခေတ် အနော်ရထာမတိုင်ခင် ဟိုးပဝေသဏီက တည်းက အစပျိုးခဲ့တယ်၊ ပျူမင်းပြုံးမင်း မတိုင်မီကတည်းက ပေါ့။ ထေရဝါဒ ဗုဒ္ဓဘာသာမထွန်းကားခင်မှာ သူတစ်လူ ငါတစ်မင်း မင်းပြုခဲ့ကြတယ်။ ပျူ-ကမ်း-ယမ်-သက် စတဲ့လူမျိုးစုတွေအပြင် ကျွန်တော်တို့ မသိသေးတဲ့ ပျောက်ကွယ်သွားတဲ့ လူမျိုးစုတွေ အသိုင်းအဝိုင်းတွေလည်း ဒုနဲ့ဒေးပဲ၊ သမိုင်းဦးဘုံမြေခေတ်ကတည်းက မြန်မာလူမျိုးစုတွေဟာ မြန်မာလို့ မခေါ်သေးဘဲ ရှိနေခဲ့ကြလိမ့်မယ်လို့ ကျွန်တော် ထင်တယ်။ မွန်ဂိုတွေ၊ တာတာတွေ၊ တိဘက်တွေနဲ့လည်း ဆက်နွယ်ဖူးခဲ့ကြတယ်၊ ခင်မင်ခဲ့ဖူးကြတယ်၊ မဟာမြိုင်သခင်မဟာ ပင်းတယနယ်မှာ ကျော်ကြားတဲ့ ဘုရင်မတစ်ပါးဖြစ်ပြီး သူ့ကို လက်ထပ်လိုကြတဲ့ အပြည်ပြည်က မင်းညီမင်းသားတွေဆီက လက်ဆောင်ပဏ္ဏာတွေကို ဥပါယ်တံမျဉ်နဲ့ ငြင်းခဲ့တယ်၊ အဲဒီထဲက ဘုရင်မအတွက် ရည်စူးပြီး ပြုလုပ်ထားတဲ့ မကိုင်္ဇသရဖူကို ဆက်သဖို့



www.burmeseclassic.com

www.burmeseclassic.com



အလာမှာ အရိုင်းအစိုင်း လူမျိုးစုတစ်စုရဲ့ လုယက်တိုက်ခိုက်မှု ခံခဲ့ရပြီး အဲဒီကျောက်တောင် လိုဏ်ဂူတစ်ခုမှာ ပျောက်ဆုံး ခဲ့တယ်လို့ ပြောနေကြတယ်၊ တခြားဇာတ်လမ်းကွဲတွေလည်း အများကြီးပေါ့၊ တချို့ဆို သိကြားမင်းက ဆက်တဲ့ သရဖူလို့ တောင် တင်စား ပြောဆိုကြတာတွေ ရှိတယ်၊ ဘာပဲဖြစ်ဖြစ် သရဖူကတော့ပါနေတာပဲ’

‘ဒါပေမဲ့ သမိုင်းဆိုတာ ကာလတာရှည်တာနဲ့အမျှ သဲလွန်စတွေလည်း ပျောက်ကုန်တတ်တာပဲ၊ လူ့သမိုင်းမှာ လူမျိုးစုတွေ၊ ဘာသာအယူ ကွဲပြားမှုတွေ စစ်ပွဲတွေနဲ့ ရောပွမ်းပြီး တည်ဆောက်လိုက်ကြ၊ ဖျက်ဆီးလိုက်ကြ၊ ထပ်ပြီးတည်ဆောက် လိုက်ကြနဲ့ ရှုပ်ထွေးနေတယ်၊ တချို့လည်း မြေအောက်ကမ္ဘာထဲ ရောက်ကုန်ကြပြီ၊ ခင်ဗျား ဘယ်နေရာပဲ တူးကြည့်ကြည့် သမိုင်းအမွေတစ်ခုခုတော့ တွေ့ရမှာပဲ’

‘ခင်ဗျားကတော့ သမိုင်းဆရာတစ်ယောက်ပဲနော်’

စိုးပိုင်က ချီးမွမ်းစကား ဆိုလိုက်၏။

‘ကျုပ်က သမိုင်းနဲ့စာလိုက်ရင် ဘာမှအရေးပါ အရာရောက်တဲ့လူ မဟုတ်ဘူးဗျာ၊ သမိုင်းအဖြစ်က အရိပ်ထင်ကျန်





ခဲ့တဲ့ ခရီးတစ်လျှောက်မှာ မဖြစ်နိုင်တာ ဘာမှမရှိပါဘူးလို့ပဲ ကျွန်တော် ယုံကြည်ထားတယ်’

‘သရဖူကိစ္စကကော၊ အဲဒီသရဖူက တကယ်ရှိခဲ့ဖူးလို့လား’

‘အဲဒါကို ထိပ်တင်ငြိမ်းကတော့ စွဲစွဲလမ်းလမ်းကို ယုံကြည်နေတယ်’

‘ခင်ဗျားကော ယုံသလား’

‘ခင်ဗျားလိုပဲပေါ့ဗျာ၊ ကျုပ်ဆောင်ရွက်ရမယ့် တာဝန်က တကယ့်လက်တွေ့ကျပါတယ်၊ ကျောက်ဖြူတောင်ပေါ်မှာ သတ္တုရိုင်း တကယ်ရှိမရှိ သေသေချာချာ လေ့လာခွင့်ရတာပေါ့’

ဦးမင်းနိုင်က စိုးပိုင်ကို၏ ပခုံးပေါ်မှ ကျော်ပြီး နောက်ဘက်သို့ လှမ်းကြည့်လိုက်သည်။ ပြီးတော့ သူ့မျက်နှာ ပြုံးသွားသည်။

‘ထိပ်တင်ငြိမ်း ရောက်လာပြီလား၊ လာဗျာ… အေးအေးဆေးဆေး စကားပြောလှည့်ပါဦး’

စိုးပိုင်က နောက်သို့လှည့်ကြည့်လိုက်သည်။

ခန်းဆီးလိုက်ကာကို ဖယ်၍ အမျိုးသမီးတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



သိမ်မွေ့စွာ ဝင်လာသည်ကို တွေ့ရသည်။ သို့သော် သူမသည် ဦးမင်းနိုင် ပြောသလို ထိပ်တင်ငြိမ်းအစစ်တော့ မဟုတ်ချေ။ ထိပ်တင်ငြိမ်းနှင့်တူအောင် ဝတ်စားဆင်ယင်ထားသော တခြားအမျိုးသမီးတစ်ယောက်သာ ဖြစ်လေသည်။

✣ ✣ ✣



# အခန်း(၄)

## အယောင်ဆောင်

သူမသည် ထိပ်တင်ငြိမ်းနှင့် တူအောင် ကော်ကိုင်းမျက်မှန် တပ်ထားသည်။ သို့သော် မျက်မှန်နောက်မှ မျက်လုံးများ၏အကြည့်က ထိပ်တင်ငြိမ်း၏ အကြည့်နှင့်မတူကြောင်း စိုးပိုင်သိနေသည်။ ပြီးတော့ သူမက ထိပ်တင်ငြိမ်းထက် နှစ်လက်မခန့် အရပ်နိမ့်ပြီး ရင်သားများလည်း အနည်းငယ် ထွားနေသည်။ သူမ၏ လမ်းလျှောက်ပုံကလည်း ထိပ်တင်ငြိမ်းနှင့် မတူပေ။ ဆံပင်ကိုတော့ ထိပ်တင်ငြိမ်းနှင့်တူအောင် နားသယ်စပ်တွင် ဆံယဉ်ကလေးများချထားပြီး ငယ်ထိပ်ဆီမှ ဆံစများကို နောက်



www.burmeseclassic.com

www.burmeseclassic.com



သို့ ခပ်တင်းတင်းဆွဲကာ နောက်စေ့တည့်တည့်တွင် ဆံထုံးထုံးထားသည်။

အကယ်၍သာ ယခုလို ဆင်ယင်ထုံးဖွဲ့ပုံမျိုးကို ဈေးထဲ၌ဖြစ်စေ၊ ကားတစ်စင်းပေါ်၌ ပါသွားသည်ကိုဖြစ်စေ ရုတ်တရက် မြင်လိုက်ရပါက မည်သူမဆို ထိပ်တင်ငြိမ်းဟူ၍ ထင်ကြမည်မှာ မလွဲပေ။

သို့သော် သူမသည် အရာရာ ထိပ်တင်ငြိမ်းနှင့် တူအောင်တော့ မစွမ်းဆောင်နိုင်ပါချေ။

ထိပ်တင်ငြိမ်းကဲ့သို့ ရွှေလင်ပန်းနှင့် အချင်းဆေးပြီး ရွှေခုံပေါ်မှာ ရတနာစိန်ကျောက်များနှင့် မွေ့လျော်လာသည့် စရိုက်မျိုး မတွေ့ရ။ သြဇာတိက္ကမ ကြီးမားထည်ဝါမှုမျိုးမရှိ၊ အထက်တန်းအကျဆုံး လူ့အလွှာတွင် ဝင်ဆံ့၍ အရာရာ လက်ညှိုးညွှန် ခိုင်းစေခဲ့ရသော အကျင့်စရိုက်မျိုးလည်း မတွေ့ရချေ။

'ကိုစိုးပိုင်နဲ့ ပြန်တွေ့ရတာ ကျွန်မ ဝမ်းသာပါတယ်ရှင်'

သူမ၏အသံက ထိပ်တင်ငြိမ်းနှင့် လုံးဝမတူ ကွဲပြားလျက်ရှိသည်။ စိုးပိုင်၏ အမူအရာ လုံးဝ ပြောင်းလဲသွားခြင်းမရှိ။





'ခင်ဗျား ကျွန်တော့်ကို မှတ်မိတာ ဝမ်းသာပါတယ်'

'အို… ဘာလို့ မမှတ်မိရမှာလဲ၊ ကျွန်မ ဒီလောက်လည်း မမေ့တတ်သေးပါဘူး၊ ကျွန်မတို့ ရှင့်ကို စောင့်နေခဲ့ကြတာ တော်တော်ကြာပြီ'

'ဟုတ်တယ်၊ ကျွန်တော် လမ်းမှာ အနှောင့်အယှက်ကလေး နည်းနည်း ကြုံခဲ့ရတယ်၊ ခင်ဗျား သဘောပေါက်မှာပါ'

'အင်း… ရှင့်ကြည့်ရတာ ဒုက္ခရောက်လာပုံပဲ'

'ထားပါတော့ဗျာ၊ ဒါက သိပ်အရေးမကြီးလှပါဘူး၊ ဒါပေမဲ့ ကျွန်တော် ခင်ဗျားဆီ ရောက်လာပြီဆိုကတည်းက ပြဿနာတော့ နည်းနည်းပိုလာပြီ ထင်ပါရဲ့'

'အို… ဘာဖြစ်လို့လဲ'

သူမက မလုံမလဲပုံစံဖြင့်ကြည့်ရင်း ရှက်ရွံ့စိုးရိမ်ဟန်ပေါ်နေသည်။ သူမ၏ ဟန်ဆောင်မှုကို စိုးပိုင် သိသွားပြီဟူသော အတွေးဖြင့် စိတ်အနှောင့်အယှက် ဖြစ်သွားပုံရသည်။ သို့သော် ဦးမင်းနိုင်အနေနှင့်ကတော့ သူမကို ထိပ်တင်ငြိမ်းအစစ်ဟူ၍ပင် ထင်နေပုံရသည်။

သူမ ဘာကြောင့် ထိပ်တင်ငြိမ်းကဲ့သို့ ဟန်ဆောင်နေပ



www.burmeseclassic.com

www.burmeseclassic.com



သနည်း။ သည်လိုအကြံဉာဏ်မျိုး ဘယ်ကရ၍ ဘယ်သူက ခိုင်းစေလိုက်ပါသနည်း။

'ကျွန်တော် ခင်ဗျားနဲ့ နှစ်ယောက်တည်း ဆွေးနွေးစရာ ရှိတယ်'

'ရှင်… ဟုတ်… ဟုတ်ကဲ့'

ဦးမင်းနိုင်က ထိုင်ရာမှထပြီး ကုလားထိုင်နောက်မှီပေါ် ရှိ သူ၏ကုတ်အင်္ကျီကို ယူဝတ်လိုက်သည်။

'ကဲ… အေးအေးဆေးဆေး စကားပြောရစ်ကြဦးဗျာ၊ ကျုပ် ခရီးထွက်ဖို့ စီစဉ်စရာရှိတာလေးတွေ စီစဉ်လိုက်ဦးမယ်'

ဦးမင်းနိုင် ထွက်သွားတော့ သူမကပါထပြီး အခန်းထဲမှာ ဟိုကြည့် သည်ကြည့် လျှောက်ကြည့်သည်။ ပြီးတော့ ပြတင်းပေါက်အနီးရပ်ကာ အဝေးရှိ ထင်းရှူးတောများကို ငေးကြည့်နေသည်။

စိုးပိုင်က သူမအနီးသို့ ရောက်လာပြီး စီးကရက်တစ်လိပ်ထုတ်၍ မီးညှိလိုက်သည်။ ပြီးတော့ သူမထံ စီးကရက်ဘူးလှမ်းပေးတော့ သူမက တစ်လိပ်ယူပြီး သူမ၏ နှုတ်ခမ်းတွင် တေ့ထားလိုက်သည်။ စိုးပိုင်က မီးညှိပေးလိုက်သည်။





ထိုအချိန် နံရံထက်မှ ရှေးဟောင်းနာရီကြီးက 'ဒင်' ခနဲ တစ်ချက် မြည်ဟီးလိုက်ရာ သူမ မျက်ခုံးကလေးပင့်ပြီး လန့်သွားသည်။

'ထိပ်တင်ငြိမ်းက ဆေးလိပ်မသောက်တတ်ဘူးဗျ'

'ရှင်… ဟုတ်လား၊ ပြီးတော့ကော'

'ထိပ်တင်ငြိမ်းက မျက်လုံး ညိုမှောင်မှောင်အရောင်၊ ခင်ဗျားလောက် မနက်ဘူး၊ ပြီးတော့ ဆံပင်လည်း ဆေးဆိုး မထားဘူး၊ နောက်ပြီး သူတပ်တဲ့ မျက်မှန်က ပါဝါမပါဘူး၊ သူ့အသက်နဲ့ သူ့လုပ်ငန်းနဲ့ ဆီလျော်အောင် ရင့်ကျက်ချင်တာနဲ့ ဟန်လုပ်ပြီး မျက်မှန်တပ်ထားတာ၊ ဒီလို မျက်မှန်တပ်ပြီး အလုပ်လုပ်ရတာ ပိုပြီး သူ့ကိုယ်သူ ယုံကြည်စိတ်ချမှုရှိတယ်လို့ ထင်တယ်လေ၊ ဘာပဲဖြစ်ဖြစ် ခင်ဗျားဟာ ထိပ်တင်ငြိမ်းမဟုတ်တာတော့ သေချာတယ်၊ ကဲ… ပြောစမ်းပါ၊ ခင်ဗျား ဘယ်သူလဲ'

'ကျွန်မ… ကျွန်မက သူ့အတွင်းရေးမှူးပါ၊ နာမည်က ရင်ဦးဆွေလို့ ခေါ်ပါတယ်'

'ဒါနဲ့ ထိပ်တင်ငြိမ်းက ဘယ်မှာလဲ၊ သူ ဘာမှမဖြစ်ဘူး မဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



'သူ ဘာမှမဖြစ်ပါဘူးရှင်၊ မန္တလေးမှာ နေရစ်ပါတယ်၊ ခင်မောင်ကြီးတို့ မောင်နှမနဲ့ အတူရှိနေပါတယ်'

'ဒါဖြင့် ခင်ဗျားက ဘာလို့ သူ့အယောင်ဆောင်ပြီး ဒီကို လာရတာလဲ'

'ကျွန်မ မနေ့ကမှ ရောက်တာပါ၊ ကျောက်ဖြူတောင်ကို ပထမဆုံး လှေလာရေးခရီး ထွက်ခဲ့ကြသူတွေ ဘယ်လိုဖြစ်ခဲ့ကြတယ်ဆိုတာရယ်၊ အဖျက်သမားတွေ နေရာတိုင်းမှာ ရှိတယ်ဆိုတာရယ် စဉ်းစားမိခဲ့ကြပါတယ်။ ထိပ်တင်ငြိမ်းကို ပြန်ပေးဆွဲသွားကြ[illegible]ဆိုရင် ဘာမှ တတ်နိုင်မှာ မဟုတ်ဘူး၊ ဒါကြောင့် သူ့ကို ကာကွယ်ပေးမယ်ဆိုပြီး ခုလို ဟန်ဆောင်လာရတာပါ'

'ကောင်းလိုက်လေဗျာ၊ ဒီအန္တရာယ်ကို ခင်ဗျားကတော့ မကြောက်ဘူးပေါ့'

'ကြောက်ပါတယ်'

'ဒါဖြင့် ဘာဖြစ်လို့ ဒီဇာတ်ထဲ ဝင်လာရတာလဲ'

'သူတို့က ကျွန်မကို အခကြေးငွေကောင်းကောင်း ပေးခဲ့ကြတယ်ရှင့်'

'ခင်ဗျား ထိပ်တင်ငြိမ်းရဲ့ အတွင်းရေးမှူး လစာနဲ့





လောက်ဘူးလား၊ ပြန်ပေးဆွဲရုံတင် မဟုတ်ဘူး၊ သတ်ချင်ရင်တောင် သတ်ပစ်ကြမှာ၊ ဒါကို [illegible] လည်စင်းပေးဖို့ ဆုံးဖြတ်ပြီးပြီလား'

'ဘာပဲဖြစ်ဖြစ်လေ၊ ဒီနေ့နဲ့ မနက်ဖြန် မနက်လောက်ထိပဲ ကျွန်မ တာဝန်ယူရမှာပါ'

'သေခြင်းတရားဆိုတာ အချိန်းအချက်လုပ်ထားတာ မရှိဘူးကွယ်'

စိုးပိုင်က ခပ်တိုးတိုး ရေရွတ်လိုက်သည်။ ထိပ်တင်ငြိမ်းနှင့် ပုံမှားရိုက်ပြီး သူ့ကို အရူးလုပ်ရန် ကြိုးစားမှု မအောင်မမြင်ဖြစ်သွားသည်။ သည့်အတွက် စိတ်မချမ်းမသာဖြစ်ပြီး ဣန္ဒြေမရဖြစ်နေသည်။ အမျိုးသမီးက စီးကရက်ကို ထိုးချေပစ်လိုက်သည်။

'ခင်ဗျားကို ဒီလိုလုပ်ဖို့ ဘယ်သူက အကြံပေးတာလဲ'

'ဦးကျော်ခေါင်ပါ'

'ဒီပြင် ဘယ်သူများ ဒီကိစ္စ သိကြသေးသလဲ၊ ဆိုလိုတာက ဒီဒေသမှာရှိတဲ့ လူထဲက ခင်ဗျား ဘယ်သူလဲဆိုတာ ကိုယ်သိထားတဲ့ တခြားလူပြောတာ'



www.burmeseclassic.com

www.burmeseclassic.com



'ရှိတာပေါ့၊ ခင်မောင်ကြီးလည်း သိတာပဲ'

'ခင်ဗျား ခင်မောင်ကြီးအကြောင်း ဘယ်လောက်ထိ သိသလဲ'

'ကျွန်မ သူနဲ့ ပြီးခဲ့တဲ့နှစ်က ရန်ကုန်မှာ ဆုံခဲ့ကြတယ်'

'အင်း... ထိပ်တင်ငြိမ်းနဲ့ အဲဒီလူနဲ့ ဆက်သွယ်မိကြတဲ့အချိန်ကတည်းက ဆိုပါတော့'

'ဟုတ်ပါတယ်'

'အဲဒီလူဟာ မိန်းကလေးတွေနဲ့ ရှုပ်တတ်တယ်ဆိုတာရော ခင်ဗျား သိထားသေးလား'

'သိပါတယ်'

'အဲဒီထဲမှာရော ခင်ဗျား ပါသေးသလား'

'ဘာရှင့်'

သူမက မျက်လုံးပြူးပြီး မေးစေ့ကို တင်းနေအောင်ဖေ့ထားလိုက်သည်။

'ရှင် တော်တော်စော်ကားတာပဲ'

'ဒါ အဖြေမှန်ကို ညှစ်ထုတ်တဲ့တစ်နည်းပဲ'

သူမသည် ခေါင်းကလေးငုံ့ကာ အပေါ်အင်္ကျီကို တင်းတင်းစေ့၍ ဆွဲလိုက်သည်။ ပြီးတော့ သူမ၏ လက်နှစ်ဖက်ကို ပိုက်၍ ပခုံးကလေးကျုံ့လိုက်သည်။ ပြင်ပမှ လေနအေးက နှင်းမှုန်များကို သယ်ဆောင်လာသည်။ ရာသီဥတုက ပို၍ အေးမြလာသည်။





'ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ ကိုယ့်ကိုယ်စားသေမင်းနဲ့ ရင်ဆိုင်ဖို့ တစ်စုံတစ်ယောက်ကို ငွေပေးပြီး ခိုင်းစေတတ်တဲ့ လူမျိုးကို သိပ်မုန်းတယ်'

'ကျွန်မ မသေသေးပါဘူးရှင့်'

'ခင်ဗျား သိပ်ကံကောင်းနေသေးတယ်လေ'

နောက်တော့မှ သူတို့နှစ်ယောက် နံနက်စာစားရန် ဦးမင်းနိုင် အခေါ်လွှတ်လိုက်သော အိမ်စေအမျိုးသမီးနှင့် အတူလိုက်ပါသွားခဲ့ကြသည်။

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၅)

## ပျောက်သွားသောမိန်းကလေး

နောက်တစ်နေ့ မနက်စောစောတွင် မန္တလေးသို့ ကားနှစ်စင်းဖြင့် ဆင်းခဲ့ကြ၏။ အစောင့်အရှောက်အဖြစ် ဦးမင်းနိုင်က သူ၏လူယုံတော်ဝတ်စုံဝတ် တပည့်များကို ရှေ့မှကားတစ်စင်းဖြင့် သွားစေခဲ့သည်။ နောက်ကားတွင်တော့ ဦးမင်းနိုင်၊ စိုးပိုင်နှင့် ခင်ဦးဆွေတို့ လိုက်ပါလာခဲ့ကြသည်။ ခင်ဦးဆွေကို အလယ်မှထား၍ ဦးမင်းနိုင်နှင့် စိုးပိုင်က တစ်ဖက်ဆီမှညှပ်၍ လိုက်ပါလာခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မန္တလေးရောက်တော့ ဦးကျော်ခေါင်၏ အိမ်ရှေ့တွင် ကားကို ရပ်လိုက်သည်။

'ကဲ… ကိုစိုးပိုင်၊ ကျုပ် ပြင်ဆင်စရာရှိတာလေးတွေ သွားပြီး ပြင်ဆင်လိုက်ဦးမယ်၊ ပြီးတော့ သွားစရာလေးတွေက လည်း ရှိနေတယ်၊ ဒီတော့ ကျုပ်နဲ့ ခင်ဗျား ခဏလမ်းခွဲကြဦး စို့၊ ကားကိုတော့ ခင်ဗျားသုံးဖို့ ယူထားလိုက်'

ဦးမင်းနိုင်က ပြောပြီး ရှေ့ကားပေါ် တက်လိုက်သွား သည်။ စိုးပိုင်က ပတ်ဝန်းကျင်ကို အကဲခတ် ကြည့်ရှုပြီး ခင် ဦးဆွေ၏လက်မောင်းကို ဆွဲကိုင်ပြီး ခေါ်လာခဲ့သည်။

ခင်ဦးဆွေက တွန့်ဆုတ်တွန့်ဆုတ် လုပ်နေသေးသည်။

'ကျွန်မက ရှင်နဲ့ အတူသွားရမှာလား'

ဟု တိုးတိုးသက်သာ မေးသည်။

'ဘာလို့ မသွားရမှာလဲ၊ ကျုပ်က ခင်ဗျားရဲ့ သက် တော်စောင့် ဖြစ်နေပြီလေ'

'ဒါဆို သခင်မလေးနဲ့ တွေ့ဖို့ ဘာဖြစ်လို့ တန်းမသွား သေးတာလဲ'

'သူက လုံခြုံမှုအပြည့် ရှိနေတယ်လေ၊ ဦးမင်းနိုင်က



ယုံကြည်စိတ်ချရလောက်တဲ့ အခြေအနေမှာရှိတယ်'

'ရှင်ကတော့လေ အားလုံးကို သံသယမျက်စိနဲ့ ကြည့် နေတော့တာပဲ၊ အင်းလေ… ဟုတ်လည်းဟုတ်တာပါပဲ'

'အေးလေ… ခင်ဗျား သိပ်တော့ ကြောက်မနေပါနဲ့၊ ထိပ်တင်ငြိမ်းအတွက် အကာအကွယ်ပေးပြီး သူ့ကိုယ်စား မင်း က ပစ်မှတ်အဖြစ် ရပ်တည်ပေးနေရတယ်မို့လား၊ ထိပ်တင်ငြိမ်း ဆီက ရမယ့်အပိုဝင်ငွေ ဆုံးရှုံးမှာ ကြောက်နေသလား'

'အင်း… ဖြစ်နိုင်တာပေါ့'

'ဒီအလုပ်မျိုး လက်ခံဖို့သင့်မသင့် စဉ်းစားပြီးမှ ဆုံး ဖြတ်ဖို့ကောင်းတယ်'

ဦးကျော်ခေါင်၏ အိမ်က ခမ်းနားထည်ဝါပြီး အဆောင် အယောင်များ ကောင်းလှသည်။ ရှေ့နေကြီး အိမ်ထဲရောက်တော့ အမျိုးသမီးတစ်ဦးက ဧည့်ခန်းတွင် နေရာထိုင်ခင်းပေးသည်။ စိုးပိုင်က ဦးကျော်ခေါင်နှင့် တွေ့ဆုံလိုကြောင်းပြောရာ အမျိုး သမီးက အခန်းထဲ ဝင်သွားသည်။ ပြီး ပြန်ထွက်လာခဲ့ကာ ရုံးခန်းထဲဝင်ခဲ့ဖို့ ပြောပြီး ထွက်သွားသည်။ ခင်ဦးဆွေကတော့ ဧည့်ခန်းတွင် ထိုင်ပြီး မဂ္ဂဇင်းတစ်အုပ်ကို လှန်ဖတ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျား ဒီမှာပဲ ထိုင်နေရစ်နော်၊ ကျွန်တော် ပြန်မလာမချင်း ဘယ်မှထမသွားပါနဲ့၊ ဒီနေရာက တစ်လက်မမှ မရွှေ့ပါနဲ့၊ ကျွန်တော် ဦးထွန်းကျော်နဲ့ စကားပြောလို့ပြီးတဲ့အချိန်ထိ ဘာကိစ္စပေါ်ပေါ် စောင့်နေပါ'

'ကောင်းပါပြီတဲ့ရှင်၊ ကောင်းပါပြီ'

သူမက ခေါင်းညိတ်ကာ အလိုမကျဟန်ဖြင့် ငေါ်တော့တော့ပြောလိုက်သည်။ နောက် စိုးပိုင် ကန့်လန့်ကာကို မ၍ ရုံးခန်းထဲ ဝင်သွားလိုက်သည်။ စိုးပိုင်က သူ့ကိုယ်သူ မိတ်ဆက်ပေးလိုက်သည်။ ပြီး မန္တလေးမြို့သို့ ရောက်သည့်အချိန်မှစ၍ သူကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်တို့ကို ပြောပြလိုက်သည်။ ဦးကျော်ခေါင်မှာ ပန်ကာဖွင့်ထားလျက်က ချွေးများ ဒီးဒီးကျနေသည်။

'ခင်ဗျားအကြောင်း ကြားရတာ လုံးဝ စိတ်မကောင်းပါဘူးဗျာ၊ ဒါပေမဲ့ ဒီကိစ္စက ကျွန်တော်နဲ့တော့ မပတ်သက်ဘူးထင်တယ်'

'ဘာလို့ မပတ်သက်ရမှာလဲ ဦးကျော်ခေါင်၊ ဒါဟာ သာမန်ကိစ္စပဲ'





'ထိပ်တင်ငြိမ်းနဲ့ ပတ်သက်တဲ့ကိစ္စကို သာမန်လို့ ပြောလို့မရပါဘူး ကိုစိုးပိုင်၊ တကယ်တော့ သူ့ရဲ့လုံခြုံရေးဟာ သိပ်ကို အရေးပါနေပါတယ်၊ သူ့အတွက် ကျွန်တော်တို့မှာ တော်တော်ပဲ ခေါင်းခဲစရာ ဖြစ်နေပါတယ်၊ သူတစ်စုံတစ်ခုဖြစ်မှာကို တွေးပြီး ကျွန်တော် ကြက်သီးထမိတယ်'

'ဒါဆို ဟိုကလေးမ ခင်ဦးအေးကျတော့ ဘာဖြစ်ဖြစ်ပေါ့'

'သူက ထိပ်တင်ငြိမ်းလို ကော်ပိုရေးရှင်း လုပ်ငန်းနဲ့ သိန်းပေါင်းများစွာကို ကိုယ်စားပြုတာမှ မဟုတ်ဘဲ'

ဦးကျော်ခေါင်က လေးလေးပင်ပင် ပြောချလိုက်သည်။

'အဲဒီငွေတွေက ခင်ဗျားကို ဘာလုပ်ပေးနိုင်လို့လဲ'

'သူဟာ တော်တယ်၊ လေ့လာရေးအဖွဲ့နဲ့ သတ္တုရိုင်းရှာဖွေမယ့်အဖွဲ့အတွက် အကုန်ကျခံနေတယ်လေ၊ ပြီးတော့ သူဟာ ဒီမှာ ဩဇာရှိအမျိုးသမီးတစ်ဦးပဲ'

'အဲဒါတွေက ခင်ဗျားကို အောက်ခြေလွတ်အောင် လုပ်ပေးလိုက်နိုင်တယ် ဆိုပါတော့'

'ခင်ဗျားအပြောကြောင့် ကျုပ် စိတ်မကောင်းဖြစ်မိ



www.burmeseclassic.com

www.burmeseclassic.com



တယ်ဗျာ'

'ဒီမှာ ကျုပ်ပြောမယ်၊ တစ်စုံတစ်ယောက်ရဲ့ အသက်ကို ငွေနဲ့တန်ဖိုးဖြတ်တာမျိုးကို ကျုပ်က လူဆန်တဲ့လုပ်ရပ်လို့လည်း မယူဆမိဘူး'

'မောင်ရှင်'

စိုးပိုင်၏ အမူအရာကြောင့် ဦးကျော်ခေါင် အမူအရာရော လေသံပါ ပြောင်းလာသည်။

'မောင်ရှင်လုပ်ရမယ့် အလုပ်က ထိပ်တင်ငြိမ်းကို အကာအကွယ်ပေးဖို့ပဲ မဟုတ်လား၊ သူ့ကို ဘေးမသီရန်မခအောင်လုပ်ရမှာ ကျုပ်တို့တာဝန်ပဲလေ၊ သူ့မှာ အခြားအဖွဲ့အစည်းတွေရဲ့ အန္တရာယ်လည်း ရှိနေတယ်၊ ဘာပဲပြောပြော ခုလိုလုပ်တာဟာ အကြမ်းဖက်သမားတွေအပေါ် ရေလိုက်လွှဲစေလိမ့်မယ်ထင်ပါတယ်၊ ဒီအတွက် ခင်ဗျားလုပ်ငန်းကိုပါ အထောက်အကူပြုရာ မရောက်ဘူးလား'

ဦးကျော်ခေါင်က သူ့နဖူးမှ ချွေးများကို သုတ်လိုက်သည်။

'ပထမဆုံး ကျောက်ဖြူတောင်ကို တက်ခဲ့တဲ့အဖွဲ့ ဘာ





ဖြစ်ခဲ့ကြတယ်ဆိုတာ ခင်ဗျား သိပြီးသားပဲ မဟုတ်လား၊ ပြီးတော့ အဲဒီဒေသမှာရှိတဲ့ ဒေသခံလူရိုင်းတစ်စုက ခုချိန်ထိ ရှိနေနိုင်သေးတယ်၊ ဒါတင်မက သရဖူနဲ့ပတ်သက်ပြီး လောဘသားဒုစရိုက်သမားတွေကလည်း ခင်ဗျားတို့ ကျုပ်တို့ကို ကျောက်ဖြူတောင်ပေါ် မရောက်အောင် နည်းမျိုးစုံနဲ့ တားဆီးကြလိမ့်မယ်'

'ဒါတွေ ကျုပ်အားလုံးသိပြီးသားပါ'

စိုးပိုင်က ပြောလိုက်သည်။

'အပြစ်မဲ့တဲ့ မိန်းကလေးတစ်ယောက်ကို အန္တရာယ်ကြားထဲဆွဲသွင်းလောက်အောင် ဒီအကြောင်းပြချက်တွေက မခိုင်လုံသေးပါဘူး'

'သူ ဘာမှမဖြစ်သေးဘူးမဟုတ်လား'

ဦးကျော်ခေါင်က စောဒက တက်လိုက်သည်။

'ဘာမှမဖြစ်သေးပေမယ့် တော်တော့်ကို အန္တရာယ်များတယ်'

'ကျွန်တော် မစဉ်းစားမိတာ တောင်းပန်ပါတယ်'

'ထိပ်တင်ငြိမ်းနဲ့ ခင်ဗျား နောက်ဆုံးစကားပြောခဲ့တဲ့အချိန်က ဘယ်တုန်းကလဲ'



www.burmeseclassic.com

www.burmeseclassic.com



စိုးပိုင်က မေးလိုက်သည်။

'သူ ဘာမှမဖြစ်ပါဘူး၊ နန်းရှေ့က သရက်ခြံမှာ ရှိပါတယ်၊ အဲဒီမှာ ခင်မောင်ကြီးတို့ မောင်နှမလည်း ရှိပါတယ်၊ ခင်ဗျား မလာခင်ကလေးကမှ သူ ကျွန်တော့်ဆီကို ဖုန်းဆက်ခဲ့ပါသေးတယ်'

'သူကိုယ်တိုင် ခင်ဗျားနဲ့ စကားပြောခဲ့ရတယ်ပေါ့'

'ဟုတ်ပါတယ်၊ တကယ့်ကို ထိပ်တင်ငြိမ်းကိုယ်တိုင်ပါဗျာ၊ သူ ဘာမှမဖြစ်ပါဘူး'

'ဒီအတိုင်းပဲ ဖြစ်ပါစေလို့ ဆုတောင်းရမှာပေါ့ဗျာ'

စိုးပိုင်က နောက်ဆုံးစကားကို အဆုံးသတ်ပြီး အခန်းထဲမှ ထွက်လာခဲ့သည်။ ထို့နောက် အပြင်ဘက် ဧည့်ခန်းကို ခေတ္တရပ်ကြည့်လိုက်သည်။

ခင်ဦးဆွေ ထိုင်ခဲ့သော ကုလားထိုင်နေရာတွင် မည်သူမျှ မရှိတော့။ ခင်ဦးဆွေတစ်ယောက် ဘယ်အချိန်က ထွက်သွားသည်ကို မသိပါလေ။

✣ ✣ ✣



## အခန်း(၆)

### သူစိမ်းပြင်ပြင်

ခင်ဦးဆွေသည် ဦးကျော်ခေါင်အိမ်မှ ထွက်လာခဲ့ပြီးနောက် စိုးပိုင်နှင့် ဝေးရာသို့ လမ်းလျှောက်လာခဲ့သည်။ သို့သော် ဘေးပတ်ဝန်းကျင်မှ ရိပ်မိမည်စိုး၍လည်း သူ့ခမျာ သိပ်မြန်မြန်ကြီး မလျှောက်ရဲရှာပေ။

အပြင်ဘက်တွင် အပူရှိန်ကား ပြင်းထန်လွန်းလှသည်။ သူမ၏ အသားအရေပေါ်သို့ မီးပူဟပ်သလား အောက်မေ့ရသည်။ သူမသည် စိတ်မလုံမလဲရှိသည်နှင့် လမ်းလျှောက်ရင်း



www.burmeseclassic.com

www.burmeseclassic.com



မကြာခဏ နောက်သို့ သမင်လည်ပြန်၍ ကြည့်မိသည်။ သို့သော် သူ့နောက်သို့ မည်သူမျှ လိုက်ပါလာသည်ကို မတွေ့ရပေ။

သူမသည် သွားရင်းစားရင်းဖြင့် ကျုံးဘေးသို့ရောက်ရှိလာ၏။ ကျုံးလမ်းတစ်ဝိုက်တွင်တော့ နည်းနည်း အသွားအလာ ပိုများသည်။ သို့သော် လူထူထူရှိသော နေရာမျိုးက သူမအတွက် ပိုမို၍ လုံခြုံမှုရှိနိုင်သည်ဟုထင်သည်။ နောက်ဘက်ဆီတစ်ခုမှ အသံကြားရသည်။

သူမအဖို့ လူမှားပြီး လုပ်ကြံခံရမည့် အရေးကို တွေးပြီး စိတ်နှလုံး မသက်မသာဖြစ်နေသည်။ သို့သော် မည်သူကမျှ သူမကို အရေးတယူ ကြည့်မနေပါချေ။ သူမ၏ လှပကြော့ရှင်းသော ခန္ဓာကိုယ်ကိုမူ ပုရိသတော်တော်များများက အာသာငမ်းငမ်း မျက်စိဖြင့် ကြည့်ကြ၏။ ထို့ထက်ပို၍တော့ မည်သို့မျှ မထူးခြား။

သူမသည် သူ့ကိုယ်သူ တည်တည်ငြိမ်ငြိမ်ဖြစ်အောင် ကြိုးစားရင်း မျက်လွှာချလိုက်သည်။ သူမ၏ တည်ငြိမ်သော မျက်နှာထားကြောင့် ယောကျ်ားသားများ မျက်နှာလွှဲသွားကြသည်။





သူမသည် ထိပ်တန်းကျသော အလှပိုင်ရှင်တစ်ဦးတော့ မဟုတ်ပါ။ သို့သော် ချစ်တတ်သူများကမူ သူမ၏ကိုယ်ကာယ အလှကို သဘာဝက ပံ့သွင်းပေးထားသည်ဟု တင်စားခဲ့ကြဖူးသည်။ သည်ထဲမှာ ကိုခင်မောင်ကြီးက ထိပ်ဆုံးက ပါဝင်ခဲ့သည်ပဲ။ သူကဲ့သို့ ဗဟုသုတကြွယ်ဝပြီး ဉာဏ်ပညာထက်မြက်သူက ခင်ဦးဆွေလို မိန်းကလေးတစ်ယောက်ကိုမှ ရွေးပြီး ချစ်လှပါသည်ဟုဆိုခဲ့သည်။ သူမအဖို့တော့ တော်တော်ခက်သည်။ နောက် မီးရထားတစ်စင်းပေါ်တွင် ခရီးဆုံခဲ့ကြသည်။ သည်လိုနှင့် ခင်မောင်ကြီးသည် သူမ၏ ရည်းစားဦး ဖြစ်ခဲ့ရသည်။ သူမ၏ကိန်းဝပ်နေသော နှလုံးသားတွင်းမှ ချစ်ဓာရမ္မက်ကို ခင်မောင်ကြီးက နှိုးဆွပေးခဲ့သည်။

ခင်မောင်ကြီးအကြောင်းကို သူမ သိပင်သိ သော်ငြားလည်း သူ့စိတ်ကို သူ အလိုလိုက်ခဲ့မိသည်။ ပြီးတော့မှ နောင်တရသည်။ ခင်မောင်ကြီးသည် ယောကျ်ားပီသ၍ ကြံ့ခိုင်သည်။ အပြောကလည်း ကောင်းသည်။ ပထမတန်းစား တောင်တက်သမားတစ်ဦးဖြစ်သည်။ သည်တော့ ခင်ဦးဆွေလို မိန်းကလေးသဘောကျမိသည်မှာ ဆန်းတော့ မဆန်းလှပေ။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်က ခင်မောင်ကြီးသည် ထိပ်တင်ငြိမ်းအနားသို့ သီပင်မသီနိုင်သေးသော အခြေအနေတွင် ရှိသည်။

ထိပ်တင်ငြိမ်းက တစ်ကိုယ်တည်း အေးအေးဆေးဆေး နေလိုသောအချိန်တွင် ခင်ဦးဆွေ လွတ်လပ်ခွင့်ရခဲ့သည်။ သည်အချိန်တွေမှာ ညနေခင်းတိုင်းလိုလို ချစ်စံအိမ်ကလေး တည်ဆောက်ခဲ့သည်။ ထိုအချိန်ကတော့ အရာရာတိုင်းကို ကြည်နူးချမ်းမြေ့စရာချည်း မှတ်ယူခဲ့သည်။

နောက် ခင်မောင်ကြီးက ထိပ်တင်ငြိမ်းနှင့် တွေ့ဆုံလိုကြောင်း အကူအညီတောင်းသည်။ သူမကတော့ ရိုးရိုးသားသားပင် သိကျွမ်းခင်မင်လို၍ထင်ပြီး သိကျွမ်းခွင့် ပေးခဲ့မိသည်။

သည့်နောက်ပိုင်းတော့ အရာရာ ပြောင်းလဲလာတော့သည်။ သူမအတွက် ရပိုင်ခွင့်များ၊ အခြေအနေများ၊ မျှော်လင့်ချက်များ ဆုံးရှုံးခဲ့ရလေတော့သည်။

ထိပ်တင်ငြိမ်းနှင့် ဆုံစည်းဖို့ကိစ္စသည် ခင်မောင်ကြီး၏ အရေးကြီးသော စီမံချက်ဖြစ်သည်။ ထိုအချက်ကို သိရသောအချိန်တွင် သူမအဖို့ အရာရာ နောက်ကျသွားခဲ့ပေပြီ။ ခင်မောင်ကြီးသည် သူမကို သစ်စိမ်းချိုးချိုးကာ လုံးဝ ဥပေက္ခာပြုခဲ့လေ





တော့သည်။

သို့သော် သည်အချိန်တွင် သူမ၏ရင်ထဲ၌ ခင်မောင်ကြီး၏ ရင်သွေးလေးကို လွယ်ထားလျက်ရှိနေခဲ့သည်။

သူမသည် စဉ်းစားတွေးတောရင်း အံကို တင်းတင်းကြိတ်လိုက်သည်။ ထို့နောက် သူမသည် ပထမဆုံးတွေ့ရသော စားသောက်ဆိုင်တစ်ဆိုင်သို့ ဝင်ရောက်လာခဲ့သည်။ ကောင်တာသို့သွားပြီး တစ်ခွန်းနှစ်ခွန်းပြောကာ ကောင်တာပေါ်မှ တယ်လီဖုန်းကို ကောက်ကိုင်လိုက်သည်။ နောက် ခင်မောင်ကြီးရှိရာ ဆက်သွယ်နိုင်မည့် တယ်လီဖုန်းနံပါတ်ကို ကောက်လှည့်လိုက်သည်။

ခင်မောင်ကြီးသည် ဖုန်းကိုချပြီး ငေးငေးငူငူ ဖြစ်နေသည်။ သူသည် ရေချိုးခန်းမှ ထွက်လာခါစပင် ရှိသေးသည်။ ကိုယ်လုံးကို တဘက်ဖြင့် ရေသုတ်နေရင်း ဖုန်းသံကြား၍ ကောက်ကိုင်လိုက်သည်။ ငါးမိနစ်ခန့် ဖုန်းပြောပြီးနောက် သူ စိတ်ရှုပ်ဟန်ဖြင့် ဦးခေါင်းမှ ဆံပင်များကို ခါချလိုက်သည်။

သူ နောက်သို့လှည့်ကြည့်လိုက်သောအခါ သူ့ညီမ ခုနှစ်နှာက သူမ၏ အခန်းပေါက်ဝမှ ရပ်၍ သူ့ကို ကြည့်နေသည်



www.burmeseclassic.com

www.burmeseclassic.com



ကို တွေ့ရသည်။

'ခင်ဦးဆွေဆီက ဖုန်းလား'

စုနန္ဒာ ခပ်တိုးတိုးမေးသည်။

'ဟုတ်တယ်'

'သူ ဘယ်ကဆက်တာလဲ'

'ငါ ဘယ်သိမှာလဲ'

'အစ်ကိုသိမှာပါ၊ အစ်ကို သူ့ကိုသွားတွေ့ဦးမှာလား'

'သိသေးပါဘူးဟာ၊ ငါ့အလုပ် ငါလုပ်ပါ့မယ်၊ နင် ဝင်ဝင်မရှုပ်စမ်းပါနဲ့'

ခင်မောင်ကြီးက ငေါက်သလိုလို လေသံဖြင့် ပြောသည်။

စုနန္ဒာမှာ နုပျိုသည်၊ လှပသည်၊ ကြော့ရှင်းသည်၊ မိန်းမတစ်ယောက် ရှိသင့်ရှိအပ်သော အလှများ ပြည့်ပြည့်စုံစုံ ရှိသည်။ သူမသည် ခင်မောင်ကြီးထက် သုံးနှစ်လောက်ငယ်သည်။ သို့သော် ခင်မောင်ကြီးအပေါ်၌ သူမသည် ဘဝတစ်လျှောက်လုံး တစ်နည်းနည်းဖြင့် စိုးမိုးထားသည်။ ယခုလည်း သူမသည် သူ့အစ်ကိုမျက်နှာကို စေ့စေ့ရဲရဲ စိုက်ကြည့်နေသည်။





သည်အကြည့်ဒဏ်ကို ခင်မောင်ကြီး ခံနိုင်ရည်ရှိပုံ မပေါ်ပါ။

'ငါ့ဘာသာ ငါနေပါရစေဟာ၊ နင် မသွားသေးဘူးလား'

ခင်မောင်ကြီးကတော့ သူ့ညီမအတွက် သိပ်ပြီး ပူပင်ရိုးမရှိပါ။ စုနန္ဒာသည် ပညာတတ်သည်။ စဉ်းစားတတ်သည်။ အရာရာ ချင့်ချိန်နိုင်သည်။ သူမတွင် ရည်းစားသနာရှိသည်ဟုလည်း မကြားဖူးသေးချေ။

'အစ်ကိုဟာ တော်တော်ရူးတာပဲ၊ ဒီအကျင့်တွေဖျောက်ဖို့ ကောင်းပြီ၊ ဘကြီးဖြိုးကျနေတာပဲ'

'ဘာ... ဘကြီးဖြိုးကျနေတာပဲလဲ'

'သူ့ရဲ့မိုက်ရူးရဲ လုပ်ရပ်နဲ့ အကြမ်းဖက်မှုတွေကြောင့် သူ သေဆုံးခဲ့ရတာ တော်တော်ဆိုးတာပဲ၊ လောဘနောက်လိုက်တာလေ၊ အစ်ကို့ကိုလည်း သူ့လို မဖြစ်စေချင်လို့ ပြောနေတာ'

'တော်စမ်းပါ'

'ကျွန်မကို အမှန်အတိုင်း ပြောစမ်းပါ၊ အစ်ကို ခုထိ ဘကြီးရဲ့ အမည်ကို ခံယူချင်တုန်းပဲလား'

'ဘာရယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဘကြီးဖြိုးကို သူ့တပည့်တွေက ဆရာမှတ်ကြီးလို့ ခေါ်ကြတာလေ၊ နောက်တော့ ဗိုလ်မှတ်ကြီးဆိုတာ သူ့သကော်တာ ဖြစ်လာတယ်'

'တော်စမ်း ကောင်မလေး၊ အဓိပ္ပာယ်မရှိတာတွေ လာပြောမနေနဲ့၊ အတိတ်က အရာတွေကို အတိတ်မှာ ထားခဲ့စမ်းပါ'

'တကယ်လား'

'တကယ်ပေါ့၊ ဒါကြောင့်လည်း ငါဟာ ငါ့ကိုယ်ငါ ပြုပြင်ပြီး တည်တည်ငြိမ်ငြိမ်နေဖို့ ကြိုးစားနေတာပေါ့၊ ထိပ်တင်ငြိမ်းနဲ့ စေ့စပ်ကြောင်းလမ်းခဲ့တာပဲ ကြည့်လေ၊ ငါ အေးအေးဆေးဆေး နေချင်ပြီ ငါ့ညီမ'

'နေပါဦး၊ အစ်ကိုက သူ့ကိုရော တကယ်ချစ်တာလား'

ခင်မောင်ကြီး ပခုံးတွန့်လိုက်သည်။

'လက်ထပ်တယ်ဆိုတာ လက်တွေ့ပြရတဲ့ လုပ်ရပ် မဟုတ်ဘူးလား'

'သူကတော့ အစ်ကို့ကို တကယ်ယုံကြည်ကိုးစားနေရှာတယ်၊ သူဟာ မိန်းမသားတစ်ယောက်ပါ၊ မိန်းမသားတွေအပေါ် အစ်ကို ဘယ်လိုဆက်ဆံခဲ့တယ်ဆိုတာ ကျွန်မ သိထား





တယ်လေ၊ ခုတော့ အစ်ကို ထိပ်တင်ငြိမ်းကို စိတ်ဝင်စားနေတာလား၊ သူ့ရဲ့ကုမ္ပဏီနဲ့ သူပိုင်ဆိုင်တဲ့ ငွေတွေကို စိတ်ဝင်စားတာလား'

'ငွေဆိုတာ အရေးကြီးတာပေါ့၊ ဒုတိယ ဘုရားသခင်လို့တောင် ပြောနေကြတာပဲ မဟုတ်လား၊ နင်လည်း နင်တတ်တဲ့ ရှေးဟောင်းသုတေသနပညာနဲ့ မိသားစုပိုင် ပစ္စည်းတွေ ပြန်ရွေးယူဖို့ စိတ်ပိုင်းဖြတ်ထားတာပဲ မဟုတ်လား၊ ဒဏ္ဍာရီတွေ သမိုင်းတွေထက် တန်ဖိုးကြီးတဲ့ သရဖူကို နင်အလိုရှိနေတာပဲလေ'

ခင်မောင်ကြီးက သူ့ညီမကို လေပြေထိုးရင်း ချော့သလိုလို ပြောလိုက်သည်။

'နင်လည်း ကြိုးစားမှုနဲ့ ငွေရှာပြီး ကျော်ကြားမှုတွေရော၊ ဂုဏ်ထူးဘွဲ့ထူးတွေပါ ရလာတယ်လေ၊ ဒီနည်းနဲ့ နင်နဲ့ နင့်အမေတို့ အိမ်ကြီးကို ပြန်လည်မွမ်းမံပြီး အဆင့်အတန်းမြင့်မြင့် နေနိုင်ကြမယ် မဟုတ်လား'

'ကျွန်မ ခုလိုလုပ်တာ ဘယ်သူ့ထိခိုက်လို့လဲ'

'ငါ့လုပ်ငန်းက ပိုပြီး မလွယ်ကူပေဘူးလား'



www.burmeseclassic.com

www.burmeseclassic.com



'ထိပ်တင်ငြိမ်းရဲ့ အိပ်ရာထဲ ဝင်ရမယ့်လုပ်နည်းမျိုးလား၊ အောက်တန်းကျလိုက်တာ'

'အေးပါ… ငါကိုယ့်ငါလည်း သိပ်ကောင်းလှတယ်လို့ မဆိုချင်ပါဘူး၊ ဒါပေမဲ့ ငါလုပ်နေတာတွေက လက်တွေ့ကျတယ်လေ၊ ဒဏ္ဍာရီထဲက သရဖူကမရေရာဘူး၊ အဲဒီမရေရာတာထက် ရေရာတာက အဘိုးကြီး ဦးဇော်မှိုင်းရဲ့သတ္တုရိုင်းတွေပဲ'

'ဒါပေမဲ့ ကျောက်ဖြူတောင်ကို အစ်ကို ဝယ်ယူလို့ ရမှာတဲ့လား'

'ငါဝယ်လို့ မရပေမယ့် ဒီသတင်းကို နယ်ချင်းဆက်စပ်နေတဲ့ နိုင်ငံကို ရောင်းလိုက်လို့ရတယ်၊ ဒီတောင်က နယ်ခြားမှာ ရှိနေတာပဲ'

'အစ်ကိုဟာ တော်တော်ကို မိုက်ကန်းတာပဲ၊ အမျိုးအပေါ်မှာလည်း သစ္စာမရှိဘူး'

'တော်ပါဟာ၊ နိုင်ငံခြားသားတွေကမှ ငွေကို ရက်ရက်ရောရော ပေးချင်တာဟ၊ နင်ဘာသိလို့လဲ'

'အစ်ကို့ရဲ့လုပ်ငန်းတွေ ရပ်တန်းက ရပ်ဖို့ကောင်းနေပြီ'

ပြောပြောဆိုဆို စုနန္ဒာ မတ်တတ်ထ၍ ရပ်လိုက်သည်။





'ဒီကိစ္စနဲ့ ပတ်သက်ပြီး ကျွန်မ အစ်ကိုနဲ့ ရန်သူမဖြစ်ချင်ဘူး၊ အစ်ကို့ရဲ့ အဲဒီကိစ္စတွေကိုလည်း ကျွန်မ လုံးဝမကူညီနိုင်ဘူး၊ ပတ်လည်း မပတ်သက်ချင်ဘူး'

'နင့်ဟာနင် အေးအေးဆေးဆေး နေစမ်းပါ၊ ငါ့ကိစ္စနင် ပါစရာ မလိုပါဘူး၊ ဘာကိစ္စမှလည်း တည်တည်ငြိမ်ငြိမ် မရှိသေးဘူး'

'ဘယ်လိုလုပ်ပြီး တည်ငြိမ်နိုင်မှာတဲ့လဲ၊ ဘယ်လိုမှ မတည်ငြိမ်နိုင်ဘူး၊ ခင်ဦးဆွေနဲ့ ပတ်သက်ပြီး အစ်ကို ဘယ်လိုလုပ်မလဲ၊ အစ်ကိုနဲ့ ထိပ်တင်ငြိမ်းတို့ရဲ့ ကိစ္စကို သူဝင်မပါလာနိုင်ဘူးလို့ မပြောနိုင်ဘူး၊ သူ ကပျက်ကယက် လုပ်နိုင်တယ်'

'ဒီကိစ္စက ငါ့ဘာသာ ငါ ရှင်းနိုင်ပါတယ်'

သူမအဖို့ သည်ကိစ္စတွင် သူစိမ်းတစ်ယောက်လို ဖြစ်နေကြောင်း စုနန္ဒာ ခံစားသိရှိလိုက်ရသည်။ သူ့အစ်ကိုနှင့် ဆက်ပြီး ငြင်းခုံမနေချင်တော့သဖြင့် အခန်းထဲသို့ ပြန်ဝင်သွားလိုက်သည်။

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၇)

## ဖုန်းခေါ်သံ

စိုးပိုင်သည် တယ်လီဖုန်းကို ပြန်ချရင်း သက်ပြင်းရှိုက်လိုက်သည်။ ထိုအချိန်တွင် စုနန္ဒာက အိမ်ပေါ်မှဆင်းသည်။

မန္တလေးမြို့ရှိ ရဲဝန်ထမ်းအားလုံး ခင်ဦးဆွေကို ပိုက်စိပ်တိုက် ရှာလျက်ရှိကြသည်။ သို့သော် ဘူမနှင့် ပတ်သက်၍ မည်သည့် သတင်းမျှ ရေရေရာရာ မရရှိသေးချေ။ ရရှိသော သတင်းအားလုံး အမှားတွေချည်းသာ ဖြစ်သည်။ တချို့ကလည်း တက္ကစီတစ်စင်းပေါ် တွေ့လိုက်ရသည်ဟု ဆိုသည်။ တချို့ကလည်း ဂူဟာရုံမှာ တွေ့ခဲ့ကြသလိုလို။



www.burmeseclassic.com

www.burmeseclassic.com



အစေခံမလေးတစ်ဦးက ဖျော်ရည်နှစ်ခွက်ကို လင်ပန်းဖြင့် ယူလာပြီး စားပွဲပေါ် ချပေးသည်။ စုနန္ဒာက တစ်ခွက်ယူသောက်ပြီး တစ်ခွက်ကို စိုးပိုင်လက်ထဲ ပေးလိုက်သည်။

'ရှင်က ကျွန်မတို့နဲ့အတူ ကျောက်ဖြူတောင်ကိုတက်ဖို့ အစောင့်အရှောက်အဖြစ် လိုက်ပါလာမယ့်လူနဲ့တူတယ်'

စုနန္ဒာက ပြုံး၍ မေးလိုက်သည်။

'ကျွန်မ ရှင့်အကြောင်းကို မမထိပ်တင်ငြိမ်းနဲ့ ဦးကျော်ခေါင်က ပြောပြလို့ တော်တော်များများ သိထားပြီးပါပြီ။ ရှင်ဟာ အန္တရာယ်ကို ဘယ်တော့မှ ရင်ဆိုင်ဖို့ ဝန်မလေးတဲ့လူပဲ'

စိုးပိုင် ဖျော်ရည်ကို တစ်ကျိုက်မျှသောက်ပြီး သူမကို ပြုံး၍ကြည့်လိုက်သည်။ သူ့အကြည့်ကြောင့် စုနန္ဒာ ရှက်ကိုးရှက်ကန်းဖြစ်သွားပြီး မျက်လွှာချလိုက်သည်။

သူမ၏အလှက တည်ငြိမ်သည်၊ အေးဆေးသည်၊ ပညာတတ် ပီသသည်၊ ဣန္ဒြေကြီးသည်။ သူမ စကားပြောပုံက အထက်တန်းကျသည်။ စိုးပိုင် တွေ့ဖူးသော တခြားပညာတတ်အမျိုးသမီးများနှင့် လုံးဝမတူချေ။ မိမိကိုယ် မိမိ အထင်ကြီးလွန်းပြီး တစ်ဖက်သားအပေါ် ခပ်တင်းတင်း ဆက်ဆံတတ်သော





ပညာတတ်မိန်းမများ၏ ဥာဉ်ဆိုး အကျင့်ဆိုး သူမတွင် မတွေ့ရပေ။

'ကျွန်တော် ခင်ဗျားအကြောင်း ဘာမှ သိပ်မသိရသေးဘူး၊ ဒါပေမဲ့ ကျွန်တော်တို့ သွားရမယ့်ခရီးမှာ ခင်ဗျားလို မိန်းမချောလေးပါလာတဲ့အတွက်တော့ ပျော်မိပါရဲ့'

စိုးပိုင်သည် လွှတ်ခနဲ ပြောခဲ့ပြီးမှ လွန်များသွားသလားဟု စဉ်းစားရင်း အားတုံ့အားနာ ဖြစ်သွားသည်။ သူမက ဣန္ဒြေဆည်လိုက်ပြီး-

'ကျွန်မအစ်ကိုလည်း ခုပဲ ဆင်းလာတော့မှာပါ၊ ကျွန်မတို့ ခရီးမှာ ကိုစိုးပိုင်လို လူပါလာတဲ့အတွက် ကျွန်မတို့လည်း ပိုပြီး အားရှိတာပေါ့'

'ကျောက်ဖြူတောင်ကို တက်ဖို့ ခင်ဗျား သိပ်ပြီးစိတ်စောနေတယ် ထင်ပါရဲ့'

'ကျောက်ဖြူတောင်ပေါ်က ရာသီဥတုနဲ့ ပတ်သက်ပြီး အခြေအနေကောင်းနဲ့ ကြုံဖို့လိုတယ်ရှင့်၊ အဘဖော်မှိုင်းက ရှာတွေ့တဲ့ သတ္တုရိုင်းကြောနဲ့ ပတ်သက်တဲ့ အမှတ်အသားက နှင်းကျလာရင် တွေ့မှာ မဟုတ်တော့ဘူး'



www.burmeseclassic.com

www.burmeseclassic.com



'အဲဒီနေရာကို ခင်ဗျားကိုယ်တိုင် ရှာဖွေတွေ့ရှိခဲ့ဖို့ကောင်းတာ'

'အဲဒီကို ကျွန်မ ပါမသွားဘူးလေ၊ ဘကြီးဇော်မှိုင်းက မြောက်ဘက်တောင်ကုန်းကို တက်ခဲ့တာ၊ ကျွန်မက အထမ်းသမားနှစ်ယောက်နဲ့ ခွဲထွက်ခဲ့တယ်၊ ကျွန်မက မဟာမြိုင်သခင်မရဲ့ စိန်သရဖူကို ရှာဖို့ပဲ စိတ်ဝင်စားနေတာ'

သူမက ရိုးသားပွင့်လင်းစွာ ပြောပြလိုက်သည်။

'ဦးဇော်မှိုင်း ဘာဖြစ်သွားတယ်ဆိုတာ ကျွန်တော် ဒီ့ထက်ပိုပြီး သိချင်သေးတယ်'

သူမမျက်နှာ ညှိုးငယ်သွားသည်။

'ကျွန်မ သူ့ကို သိပ်လေးစားတာပဲ၊ သူကလည်း ကျွန်မကို တူမအရင်းလို ချစ်ရှာတယ်၊ သူဟာ လူကြီးလူကောင်းတစ်ယောက်ပါရှင်၊ သူဟာ နီကယ်သတ္တုရိုင်းနဲ့ ပတ်သက်ပြီး စိတ်ဝင်စားခဲ့တယ်၊ ခုတွေ့ရတဲ့ သတ္တုကြောက တော်တော်ကြီးတယ်လို့ ပြောတယ်'

'ဒါဖြင့် အဲဒီနေရာကို သူ ဘာဖြစ်လို့ လိုက်မသွားတာလဲ'





'မမျှော်လင့်ဘဲ မုန်တိုင်းကျလာတယ်လေ၊ သိပ်ပြင်းထန်လွန်းလို့ ဘယ်လိုမှ သွားလို့မရတော့ဘူး'

'မြေပုံရော ဘယ်ရောက်သွားတယ်ဆိုတာ မသိကြဘူးလား'

'ဟင့်အင်း'

သူမက မျက်ရည်ကျရင်း ဆက်ပြောသည်။

'ဦးဇော်မှိုင်း ဘာဖြစ်သွားတယ်ဆိုတာတောင် မသိကြဘူး'

'ဒီသတင်းကို သက်ဆိုင်ရာထံ သတင်းပေးပြီးတဲ့နောက် သူပျောက်သွားတယ် မဟုတ်လား၊ သူဟာ မြေပုံကိုများ နိုင်ငံခြားသားတွေဆီ ရောင်းစားပြီး အဲဒီနိုင်ငံမှာပဲ ခိုလှုံနေသလား'

သူမက ဖြည်းညင်းစွာ ခေါင်းခါသည်။

'ရှင် သူ့အကြောင်းကို မသိလို့ပြောတာပါ၊ ဦးဇော်မှိုင်းဟာ အဲဒီလို လူစားမျိုးမဟုတ်ဘူး။ သူ့လုပ်ငန်းကို သူ တန်ဖိုးထားတယ်၊ သူ့ဂုဏ်သိက္ခာကို သူ တန်ဖိုးထားတယ်'

'ဒါဆို သူက ဘာဖြစ်နိုင်မလဲ'



www.burmeseclassic.com

www.burmeseclassic.com



'မြေပုံယူပြီး အသတ်ခံလိုက်ရတယ် ထင်တာပဲ'

သူမက အေးတိအေးစက် ပြောလိုက်သည်။ သူမ၏ အသံက တုန်ယင်လျက် တိမ်ဝင်သွားသည်။

ထိုအချိန်မှာပင် တယ်လီဖုန်းသံ ထွက်ပေါ်လာပြ[illegible] သည်။ ထိပ်တင်ငြိမ်းရောက်လာပြီး နားထောင်သည်။ နောက် စိုးပိုင်ထံသို့ ဖုန်းလှမ်းပေးသည်။

'ရှင့်ဆီလာတာ'

ဖုန်းက ဦးမင်းနိုင်ထံမှ ဖြစ်သည်။

'ကျွန်တော်တို့ ကောင်မလေးကို တွေ့ပြီ'

'သူ အသက်ရှင်ရက်ပဲလား'

'ဟုတ်ပါတယ်၊ ခုထိတော့ ဘာမှမဖြစ်သေးပါဘူး[illegible] စောင့်ကြည့်နေတုန်းပဲ၊ စတိုးဆိုင်ကြီးတွေ လျှောက်ဝင်တယ်[illegible] ကြီးတော့ ဈေးချိုရောက်တယ်၊ သူ့ခရီးက မရေမရာမို့ စောင့် ကြည့်ရတဲ့လူတွေအတွက် လွယ်ကူတာပေါ့၊ ခုတော့ သူပိုက် ဖျူးဘက်ရောက်နေတယ်၊ တစ်ယောက်ယောက်ကိုစောင့်နေပုံပဲ'

'သူ့ကို ဘယ်သူတွေ စောင့်ကြည့်နေလဲ'

'ကျွန်တော့ လူတစ်ယောက်ပါ'



'သူ ပန်းခြံနားမှာပဲ ရှိသေးတယ်ပေါ့'

'ဟုတ်ပါတယ်'

'ဒါဖြင့် ခင်ဗျားနဲ့ ကျုပ်နဲ့ ဘယ်မှာတွေ့ကြမလဲ'

'မောနင်းစတားကဖေးမှာ တွေ့ရအောင်'

'ကောင်းပြီ၊ ဆယ်မိနစ်အတွင်း ရောက်မယ်'

စိုးပိုင်က ဖုန်းကို ပြန်တင်လိုက်သည်။ ထိပ်တင်ငြိမ်း ဒ်တ်စေသော မျက်လုံးများဖြင့် သူ့ကို စောင့်ကြည့်သည်။

'သူ... သူ ဘာမှမဖြစ်ဘူးမဟုတ်လား'

'ဖြစ်နိုင်စရာရှိတယ်'

စိုးပိုင်က ပြန်ပြောရင်း စုနန္ဒာဘက်သို့ လှည့်ကြည့် သည်။

'ကျေးဇူးပြုပြီး ခင်ဗျားအစ်ကိုကို အောက်ခဏဆင်းခဲ့ [illegible] ပြောပေးပါ'

စုနန္ဒာ ခေါင်းကို ခါယမ်းလိုက်သည်။

'သူ စောစောကပဲ ဆင်းသွားပြီရှင့်'

✢ ✢ ✢



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၈)

## ပါးနပ်သောလုပ်ကြံမှု

ခင်မောင်ကြီး ဝင်လာသည်ကို မြင်သည်နှင့် ခင်ဦးဆွေ ထိုင်ရာမှ ထလိုက်သည်။ ပန်းခြံထဲတွင် လူရှင်းနေသည်။ ခင်မောင်ကြီးက အနားသို့ လျှောက်လာသည်။

'ရှင်လာသားပဲနော်'

'လာရမှာပေါ့၊ ကဲ… ပြောပါဦး ဘာကိစ္စလဲ'

ခင်မောင်ကြီးလေသံက သူစိမ်းဆန်လွန်းနေသည်။

'ကျွန်မ အရေးကြီးကိစ္စရှိလို့ပါ၊ တစ်နေ့ညကပဲ အိမ်ကြီးထဲမှာ ရှင် ကျွန်မကို မတွေ့အောင် တမင်ရှောင်နေခဲ့တယ်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား၊ ခုတော့ ကျွန်မလည်း ဘာမှမကြံတတ်တော့ဘူး၊ ကျွန်မ ဒုက္ခရောက်နေပြီ’

‘ကဲ… လာ၊ ကားပေါ်ကျမှ ပြောရအောင်၊ တော်ကြာ လူတွေ ရောက်လာရင် လွတ်လွတ်လပ်လပ် ပြောလို့မရဘူး’

‘ရှင့်မှာ ကားပါတယ်’

‘ဟုတ်တယ်၊ ငါ ကားငှားလာတာ မင်းရဲ့ မလည် မငတ်ရတာ ကြာပြီလေ၊ ငါတို့ ဦးပိန်တံတား သွားရအောင်’

‘အင်း… ကောင်းသားပဲ’

ရုတ်တရက် ခင်မောင်ကြီး လေသံပြောင်းသွားသဖြင့် ခင်ဦးဆွေ ကျေနပ်သွားသည်။ သို့ဖြင့် သူ့ကားပေါ်သို့ ခင်ဦးဆွေ ပါလာခဲ့သည်။

‘မင်း ထိပ်တင်ငြိမ်းရဲ့ မျက်မှန်ကရော’

‘ကျွန်မ ချွတ်ပစ်လိုက်ပြီ၊ အဲဒီလို အယောင်ဆောင်ရတဲ့ဘဝကို ကျွန်မ ဆက်မလုပ်ချင်တော့ဘူး’

‘အဓိပ္ပာယ်မရှိတာ၊ ဘာလဲ မင်းသူ့ဆီက ငွေမလိုချင်တော့ဘူးလား၊ တာဝန်ကျေမှ ပိုက်ဆံရမှာပေါ့၊ မျက်မှန်ကို ပြန်တပ်လိုက်ပါ’





ခင်ဦးဆွေ ပြန်တပ်လိုက်သည်။

ကားလေးက လမ်းပေါ်တွင် လျင်မြန်စွာ မောင်းနှင်နေသည်။

‘ဖြည်းဖြည်းမောင်းပါရှင်’

‘ကဲ… မင်းပြောချင်တဲ့ စကား ပြောပေတော့၊ ထိပ်တင်ငြိမ်းနဲ့ ပတ်သက်ပြီး မင်းမှာ ပြောစရာရှိနေတယ်ဆိုတာ ငါသိထားတယ်’

‘ကျွန်မမှာ ပြဿနာရှိနေပြီ’

‘ငါနဲ့ဆိုင်လို့လား’

‘ဆိုင်တာပေါ့၊ ကျွန်မမှာ ကိုယ်ဝန်ရှိနေပြီ’

‘မင်းလို မိန်းမမျိုး ဒီအချိုးချိုးလိမ့်မယ်လို့ ငါ ထင်သားပဲ၊ အေးလေ… ငါကလည်း မဆင်ခြင်မိဘဲကိုးကွ၊ ဘာပဲဖြစ်ဖြစ် ဒီကိစ္စ ဆရာဝန်နဲ့ပြပြီး လုပ်စရာရှိတာ လုပ်လိုက်ရင် ပြီးနိုင်ပါတယ်’

‘ဘာရှင့်’

‘ငါနဲ့ ထိပ်တင်ငြိမ်းနဲ့ လက်ထပ်ဖို့ စီစဉ်ပြီးနေပြီ၊ မင်း မနှောင့်ယှက်ပါနဲ့’



www.burmeseclassic.com

www.burmeseclassic.com



'ရှင် ဘယ်နည်းနဲ့မှ လက်မထပ်ရဘူး'

'မင်းမှာ ငွေလိုနေပုံရတယ်။ မင်းလိုတဲ့ငွေလည်း ပေးမယ်၊ ငါ ဆရာဝန်တစ်ယောက်နဲ့ ပြပြီးတော့လည်း ပြဿနာကို ဖြေရှင်းပေးမယ်၊ ဒါဆိုတော်ရောပေါ့'

'ကျွန်မ အဲဒီလို မလုပ်နိုင်ဘူး'

ကားတစ်စင်း နောက်မှလိုက်လာနေသည်ကို ခင်မောင်ကြီး သတိထားမိလိုက်သည်။ လမ်းကြားတစ်ခုထဲသို့ ရုတ်တရက်ကွေ့ချိုးလိုက်ပြီး မျက်ခြည်ပြတ်ပစ်လိုက်သည်။

'မင်း ခေါင်းမမာချင်ပါနဲ့ကွာ'

သူတို့ကားလေးမှာ လမ်းရိုးအတိုင်း မဟုတ်။ လမ်းကြိုလမ်းကြားထဲ ရောက်လာသည်။ တစ်ဖက်မှာ မီးရထားသံလမ်းရှိသည်။ နောက် ဘုရားပျက်များရှိရာ လှည်းလမ်းကြောင်းအတိုင်း ဝင်သွားပြီး ကားကိုရပ်လိုက်သည်။

'ဒါက ဘာလုပ်တာလဲ'

'ရဲတွေ နောက်ယောင်ခံလိုက်လာနေတယ်ကွ၊ မင်း





မမြင်ဘူးလား၊ အဲဒါ စိုးပိုင်ဆိုတဲ့ ငနဲလက်ချက်နေမှာပဲ၊ ခင်း ဒီမှာ ခဏစောင့်၊ ငါ့အလုပ်ကိစ္စလေး တစ်ခုရှိလို့၊ ကျောက်ဖြူ တောင်မှာ လိုအပ်တဲ့အထမ်းသမား နှစ်ယောက်ရှာဖို့ ချိန်းထားတာရှိတယ်'

ခင်မောင်ကြီးက ကားပေါ်မှ ဆင်းလိုက်သည်။

'ရှင် ကျွန်မကို ဒီအတိုင်းပဲ ထားခဲ့မှာလား၊ ကျွန်မ ပါလိုက်ခဲ့မယ်လေ'

'ခဏလေးပါကွာ'

ခင်မောင်ကြီးက လှည့်မကြည့်ဘဲ အုတ်တံတိုင်းတစ်ခု နောက်ဘက်သို့ ဝင်သွားသည်။

သူမ စိတ်ထဲမှာ စိုးရွံ့လာသည်။ ကားပေါ်မှဆင်းလိုက်သည်။ ခင်မောင်ကြီးနောက်သို့လည်း မလိုက်ရဲ။ သူမ သည်နားဟိုနားလျှောက်ကြည့်သည်။ ဘုရားပျက်ကြီး တစ်ခုက ဂူကြီးပုံသဏ္ဌာန် တည်ထားသည်။ ချုံနွယ်တွေ ပိတ်ဆို့နေသည်။ သူမသည် ဖြတ်လျှောက်လာခဲ့ရာ ဆယ်ပေခန့်မြင့်သော ခေါင်းလောင်းကြီးတစ်လုံးတွေ့ရာ ခေါင်းလောင်းရှိရာသို့ သူ လျှောက်လာမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် ခြေသံကြား၍ လှည့်ကြည့်လိုက်ရာ လူတစ်ယောက် လမ်းကြားထဲမှ ထွက်လာသည်။ သူက ပြုံးပြီး သူမကို နှုတ်ဆက်သည်။

'ဩော်… ထိပ်တင်ငြိမ်းပါလား၊ နေကောင်းရဲ့နော်'

'ကျွန်မ ထိပ်တင်ငြိမ်းမဟုတ်ဘူးရှင့်'

သူမ ခေါင်းလောင်းကြီးဆီသို့ ကျောကပ်ပြီး ထားလိုက်သည်။

'သေချာပါတယ် မိန်းကလေးရယ်'

ရုတ်တရက် သူက ခါးနောက်သို့ လက်ပစ်လိုက်ပြီး လျင်မြန်စွာ လှုပ်ရှားလိုက်သည်။ နောက် သူမဆီသို့ ဝင်ရောက်လာပြီး 'ဇွပ်'ခနဲ အသံမြည်ကာ ပြင်းထန်သော ဝေဒနာကို ခံစားလိုက်ရသည်။ သူမသည် တိရစ္ဆာန်တစ်ကောင်ကဲ့သို့ စူးစူးဝါးဝါး အော်ဟစ်လိုက်သည်။ သူမ၏အော်သံကြောင့် တစ်ဖက်က လူက ဓားကို ပြန်နုတ်ပြီး နောက်တစ်ကြိမ် ပြန်ထိုးလိုက်သည်။ မျက်နှာဆီသို့ ဝဲပြီး တစ်ချက်ဝင့်လိုက်သည်။

သူဝင့်လိုက်သော ဓားသွားက သူမ၏လည်ပင်းကို ပြတ်သွားစေသောကြောင့် သူမ အသံမထွက်နိုင်တော့





ချေ။

ဓားသမားသည် သူ့အလုပ်၌ မည်မျှကျွမ်းကျင်ကြောင်း အချိန်တိုအတွင်းမှာပင် သက်သေပြသွားခဲ့လေပြီ။

ခဏကြာတော့ ခင်မောင်ကြီး ရောက်လာသည်။ ခင်ဦးဆွေ၏ အလောင်းကို တစ်ချက်ကလေးမျှပင် ဝင့်မကြည့်တော့။

'ကိစ္စချောသွားပြီ'

ဓားသမားက သူ၏သွေးစွန်းနေသော ဓားကို လက်ကိုင်ပဝါဖြင့် သုတ်ရင်း ဆက်ပြောသည်။

'ကဲ… ကျုပ်အတွက် ပေးရမယ့်ငွေ ဘယ်မှာလဲ'

ခင်မောင်ကြီးက ပခုံးတွန့်ရင်းပြုံးသည်။

'ရရှာပေါ့ကွာ'

သူက အပေါ်အင်္ကျီထဲမှ သေနတ်ကိုထုတ်ပြီး ဓားသမား၏ ဦးခေါင်းကို ကပ်၍ ပစ်ချလိုက်သည်။ သေနတ်သံက ပတ်ဝန်းကျင်တစ်ခုလုံး ဟိန်း၍ ထွက်သွားသည်။

ဓားသမားမှာ သူလက်စတုံးခဲ့သော ခင်ဦးဆွေ၏ ခြေရင်းတွင် ခေါင်းစိုက်ကျ၍ လဲကျသွားသည်။

ထို့နောက် ခင်မောင်ကြီးသည် ခေတ္တမျှ ကောင်းကောင်း



www.burmeseclassic.com

www.burmeseclassic.com



သို့ မော့ကြည့်၍ စဉ်းစားနေလိုက်သည်။ ပြီးသေနတ်ကို မြှောက်ကာ သူ၏နဖူးပေါ်သို့ သုံးကြိမ်မျှ ဆက်တိုက်ခပ်ဆာဆာ ရိုက်ချလိုက်သည်။ သူ့မျက်နှာတစ်ခုလုံး သွေးများဖြင့် ဖုံးလွှမ်းသွားသည်။ နောက် သူသည် မြေကြီးပေါ်သို့ ပစ်လှဲချလိုက်ပြီး တစ်ဖန် လေးဘက်ထောက်လျက် မတ်တတ်ရပ်၍ မရနိုင်သည့် ပုံစံမျိုး လုပ်နေသည်။ နောက်တော့ သူ့ခေါင်းကို ညင်သာစွာ ခါယမ်းလိုက်သည်။

နောက်ဆုံး သူ့ဆီသို့ ပြေးလာသော ရဲဝန်ထမ်းနှစ်ယောက်ကိုပင် မမြင်နိုင်သည့် ပုံမျိုး လုပ်နေလိုက်သည်။

✢ ✢ ✢

ရဲစခန်းတွင် ခင်မောင်ကြီးကို ဆရာဝန်က စစ်ဆေးကြည့်ရှုနေသည်။

သူ့ကို ခုတင်ပေါ်တွင် သိပ်၍ မျက်နှာပေါ်သို့ မီးလုံးတစ်လုံး ထွန်းညှိထားလိုက်သည်။ ဘေးတွင် ရဲနှစ်ယောက်က စောင့်ကြပ် ကြည့်ရှုလျက်ရှိသည်။

'ဒီဒဏ်ရာမျိုးက ကိုယ့်ကိုယ်ကိုယ် ပြန်လုပ်တာ မဖြစ်





နိုင်ဘူးလား'

စိုးပိုင်က မေးလိုက်သည်။

ဆရာဝန်က လက်ကာပြသည်။

'ဒီလိုလုပ်ဖို့ တော်တော် ခက်ခဲလိမ့်မယ်၊ ဒီမျက်လုံးကို ဆိခိုက်သွားနိုင်တယ်'

'ဒါလောက်လည်း မဟုတ်သေးပါဘူး'

စိုးပိုင်က ခေါင်းကို ခါယမ်းပြီး ပြောသည်။

'ကိုခင်မောင်ကြီးအတွက် ကံကြီးပေလို့သာပေါ့ဗျာ၊ ဒီဒဏ်ရာက မျက်လုံးအထက်မှာ ကပ်ပြီး ကွဲနေတာ၊ ချွပ်ပေး ခု ဖြစ်လိမ့်မယ်'

'အဲဒီ မိန်းကလေးကို ခင်ဗျားက ဘာဖြစ်လို့ ဒီလိုနေ ဘာမျိုး ခေါ်သွားရတာလဲ'

ဦးမင်းနိုင်က စိတ်တိုစွာ ဝင်မေးသည်။

'ကျွန်တော် မျက်စိလည်ပြီး ရောက်သွားတာပါ၊ သူက ဆောင်သမန်အင်းစောင်းသွားပြီး လေညင်းခံချင်တယ်ဆိုလို့ သွက်လာခဲ့ကြတာ လမ်းမှာ ဝင်စရာလေးရှိတာနဲ့ ကပ်ကျော်က အ ရွာထဲလမ်းက ဝင်လာခဲ့တာ၊ ဒီဘက်ရောက်တော့ မျက်မှ



www.burmeseclassic.com

www.burmeseclassic.com



လည်သွားတယ်၊ အဲဒီနေရာလည်းရောက်ရော ဘယ်ဘက်ဆက်မောင်းရမလဲ စဉ်းစားနေတုန်း တိုက်ခိုက်တာ ခံလိုက်ရတာပါ'

'ဘာမှ အကြောင်းမရှိဘဲ ဖြစ်ခဲ့တာဆိုပါတော့'

'သူတို့ဖက်ကတော့ ရှိချင်ရှိမှာပေါ့'

'ခင်ဗျားက ဘာလို့ ဒီလိုထင်ရတာလဲ'

စိုးပိုင်က စီးကရက် မီးညှိရင်း ဝင်မေးလိုက်သည်။

'သူ့ကို ထိပ်တင်ငြိမ်းလို့ထင်လို့ နေမှာပေါ့၊ တကယ်တော့ သူ့ကို ထိပ်တင်ငြိမ်းလို အယောင်ဆောင်ခိုင်းတာကိုက ကျွန်တော်တို့ အမှားပဲ၊ သူ့ကို သေတွင်းထဲပို့လိုက်သလို ဖြစ်နေပြီ'

'ဓားသမားက ထိပ်တင်ငြိမ်းလို့ ခေါ်သေးသလား'

'ဟုတ်တယ်၊ အဲဒီလိုခေါ်ပြီး ဓားနဲ့ထိုးတော့တာပဲ'

'ဒီတော့ ခင်ဗျား သူ့ကိုပစ်သတ်လိုက်တယ်ဆိုပါတော့'

'ဟုတ်ပါတယ်၊ ကျွန်တော့်မျက်လုံးတွေ ပြာသွားတယ် ဖွင့်လို့မရတော့ဘူး၊ ဒါပေမဲ့ ...'

'ခင်ဗျားနောက်ကို ကျုပ်တို့ လိုက်နေတာ ခင်ဗျားသိခဲ့တယ် မဟုတ်လား၊ သိလို့လည်း လမ်းကြားထဲကွေ့ဝင်ပြီး





မျက်ခြည်ပြတ်ခဲ့တယ် မဟုတ်လား'

'အို... မဟုတ်ရပါဘူးဗျာ၊ ကျွန်တော့်ကိစ္စနဲ့ ကျွန်တော်ပါ'

ထိပ်တင်ငြိမ်းနှင့် လူမှားပြီး လုပ်ကြံခံလိုက်ရသည်ဆိုသော ခင်မောင်ကြီး၏ အကြောင်းပြချက်ကို စိုးပိုင် မကျေနပ်နိုင်ပါချေ။

သူနှင့် ခင်မောင်ကြီးတို့အဖို့ ပထမဆုံး တစ်ယောက်နှင့် တစ်ယောက် စတွေ့တွေ့ချင်းပင် တစ်ဦးကိုတစ်ဦး သဘောကျခဲ့ကြချေ။

'ခင်ဗျားနဲ့ ခင်ဦးဆွေဟာ ဒီအရင်ကလည်း ဆက်သွယ်ခဲ့ကြတယ် မဟုတ်လား'

'ဟုတ်ကဲ့ မိတ်ဆွေတွေပါ'

ခင်မောင်ကြီးထံမှ အဖြေထွက်မလာ။

'ခင်ဗျားတို့နှစ်ယောက် ရည်ငံခဲ့ကြတယ် မဟုတ်လား'

'ဟုတ်ကဲ့'

'ဒါပေမဲ့ ဒီနေ့မှာတော့ ခင်ဗျားတို့ ရန်သူတွေဖြစ်ခဲ့ကြတယ်၊ ပြဿနာက ထိပ်တင်ငြိမ်း ပြဿနာပဲ၊ ခင်ဗျားနဲ့ ထိပ်



www.burmeseclassic.com

www.burmeseclassic.com



တင်ငြိမ်း လက်ထပ်မယ့်ကိစ္စကိုသိသွားတော့ ကောင်မလေးက သဝန်တိုသွားတယ်၊ ဒီတော့ ခင်ဗျားနဲ့ သူ့ကိစ္စကို ထိပ်တင်ငြိမ်း သိအောင် ဖွင့်ပြောလိုက်မယ်လို့ ခင်ဗျားကို ခြိမ်းခြောက်တော့ တာပေါ့'

ခင်မောင်ကြီးမှာ အံ့ဩပုံတော့ မပေါ်ချေ။ သူဘာ ပြန်ပြောရမည်ဆိုသည်ကိုသာ စဉ်းစားနေပုံပေါ်သည်။

'ဒီမှာ ဦးမင်းနိုင်၊ ခင်ဗျားရော ကျွန်တော်တို့ပါ ခရီး ရှည်ကြီး ထွက်ရဦးမှာပါ၊ ယောကျာ်းချင်းဆိုတဲ့ စိတ်ရယ်၊ ခရီးထွက်ရမယ့် ရဲဘော်ရဲဘက်စိတ်ရယ်ပေါင်းပြီး ကျွန်တော် ဝန်ခံပါ့မယ်၊ အခု သူ့မှာ ကိုယ်ဝန်ရှိနေတယ်၊ အဲဒီကလေးရဲ့ အဖေအဖြစ် ကျွန်တော့်ကို တာဝန်ယူခိုင်းတယ်၊ သူ့အနေနဲ့ ကလေးအဖေအဖြစ် ကျွန်တော့်ကိုပဲ ရွေးချယ်သင့်တယ်လို့ သတ် မှတ်ထားပုံရပါတယ်'

'ဒါဆို ခင်ဗျားကရော ကလေးအဖေဖြစ်နိုင်တယ်ပေါ့'

'တိတိကျကျ ကျွန်တော် မသိပါဘူး၊ ဒါပေမဲ့ သူ့မှာ တခြား ယောကျာ်းလေးတွေနဲ့ အဆက်အသွယ် ရှိနိုင်တာပဲ၊ ဒါနဲ့ နေပါဦး၊ ခင်ဗျားတို့ ကျွန်တော့်ကို ဖမ်းထားကြတော့မှာ





သား၊ ကျွန်တော်တို့မှာ ခရီးထွက်ဖို့ ပြင်ရဆင်ရဦးမယ်၊ ခရီး သမ်းမှာ တစ်ယောက်နဲ့ တစ်ယောက် ကူညီရိုင်းပင်းကြရဦး မယ် မဟုတ်လား'

'ဒါပေမဲ့ သူတစ်ယောက်တည်း လျှောက်သွားနေတုန် က မြို့ထဲမှာတောင် ဘာမှမဖြစ်ခဲ့ဘဲ ခင်ဗျားနဲ့သွားမှ ဖြစ်ရ တဲ့ပြဿနာပဲ'

'အေး... ဒါလည်းဟုတ်တာပဲ'

ဦးမင်းနိုင်က ခေါင်းညိတ်ထောက်ခံသည်။ ပြီး မျက် သုံးများကို မေးစင်းကာ စဉ်းစားရင်း စိုးပိုင် ကြားရုံလောက် အလေး တိုးတိုးဖြင့်–

'ဘာပဲဖြစ်ဖြစ် သူ့ကိစ္စကို ကျုပ်တို့အာမခံမှ ဖြစ်လိမ့် မယ်၊ သူ့ကို ချုပ်ထားရုံနဲ့ ကျုပ်တို့ ခရီးစဉ်ကတော့ ပျက်သွား မှာ မဟုတ်ပါဘူး၊ ဒါပေမဲ့ ဒီကိစ္စကို ထိပ်တင်ငြိမ်းသိသွားလို့ ခရီးစဉ်တစ်ခုလုံး ဖျက်သိမ်းလိုက်မယ်ဆိုရင် ဘူမိဗေဒဌာန အတွက်ရော၊ ကုမ္ပဏီအတွက်ရော၊ သမိုင်းရေးရာဌာနအတွက် ပါ ဆုံးရှုံးသွားနိုင်တယ်၊ တရားဥပဒေစိုးမိုးရေးကိုတော့ ကျွန် တော်တို့ အလေးထားရမှာပဲ၊ ဒါပေမဲ့ လောလောဆယ် သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



ချုပ်ထားလိုက်လို့ကတော့ လုပ်ငန်းတစ်ခုလုံးအတွက် အကျိုးအမြတ် မရှိဘူး၊ ရေရှည်စီမံကိန်းတွေက ရှိနေသေးလေတော့ သူ့အပေါ် စစ်ဆေးမှုကို ခေတ္တဆိုင်းငံ့ထားရလိမ့်မယ်။ တစ်နည်းအားဖြင့် သူ့ကို မျက်စိအောက်တင် ထိန်းသိမ်းထားရင်း ကြိုးရှည်ရှည် လှန်ထားတဲ့သဘောပေါ့'

'ကျွန်တော် သဘောပေါက်ပါတယ်'

စိုးပိုင်က ပြန်ပြောသည်။

'အချိန်ကျပြီဆိုတာနဲ့ ခင်ဗျားနဲ့ ကျွန်တော် ခင်မောင်ကြီးကို စောင့်ကြည့်နေနိုင်ဟာပဲ'

'ဒီအတိုင်းပဲ ဖြစ်လာဖို့ မျှော်လင့်ကြတာပေါ့ဗျာ'

စိုးပိုင် ခေါင်းတဆတ်ဆတ် ညိတ်ရင်း အပြင်သို့ ထွက်သွားလေတော့သည်။

✣ ✣ ✣



# အခန်း(၉)

## တောင်ကြီးမြို့ကညွှေ့ခံပွဲ

နောက်တစ်နေ့နံနက်စောစောမှာပင် သူတို့ခရီး စတင်ထွက်ဖြစ်ခဲ့ကြသည်။

ခရီးစထွက်ချိန်မှစ၍ ထိပ်တင်ငြိမ်းသည် ခင်မောင်ကြီးနှင့် တတွဲတွဲ ရှိနေသည်။ ဇော်ဝိတ်ဆိုသည့် ပုဂ္ဂိုလ်ကလည်း ၎င်းနှစ်ဦးကို မျက်စိအောက်က အပျောက်မခံချင်။

စိုးပိုင်ကတော့ ခင်ဦးဆွေ သေဆုံးပုံကို မျက်စိထဲက မထွက်။ ရှေ့ဆက်ပြီး ဘာတွေဖြစ်လေဦးမည် မသိချေ။ ခရီးစဉ်ပန်းကတော့ အလွန်သာယာလှပါသည်။ သာစည်မှ အရှေ့



www.burmeseclassic.com

www.burmeseclassic.com



တည့်တည့် ထိုးတက်ခဲ့ကြပြီးနောက် သဲကုန်း၊ လှိုင်းတက်စို့ကို ကျော်လွန်လာသည်။ ယင်းမာပင် လွန်သည်နှင့် တောင်တက် ခရီးကို စသည်။ စုနန္ဒာက ကလေးလေးတစ်ယောက်လိုပင် ပျော်ရွှင်နေပုံရသည်။ ဘေးပတ်ဝန်းကျင်မှာ တောတောင်များ၊ ရောမသစ်ပင်ကြီးများ၊ ဝါးရုံပင်ကြီးများ၊ နက်ရှိုင်းမြင့်မတ်လှသော ချောက်ကမ်းပါးကြီးများ။

တောင်ကြီးမြို့သို့ရောက်သည်နှင့် ညစ်ခံပွဲနှင့် တည့်တည့်တိုးသည်။ ညစ်ခံပွဲမှာ ထိပ်တင်ငြိမ်းအတွက် ဖြစ်သည်။ သူ့ကုမ္ပဏီမှ လူကြီးများက ဂုဏ်ပြုကြိုဆိုသည့်ပွဲ ဖြစ်သည်။ ခင်မောင်ကြီးက ထိပ်တင်ငြိမ်းအနားမှ တစ်ဖဝါးမခွာ၊ အချိန်ပြည့် မဏ္ဍပ်တိုင်တက်လျက် ရှိနေသည်။ ဘာပဲပြောပြော လောလောဆယ်အားဖြင့် ထိပ်တင်ငြိမ်းအတွက် စိတ်ချရလောက်သည် ဟင်သည်။ ထိပ်တင်ငြိမ်းအနေနှင့်လည်း သူ့အနားတွင် ခင်မောင်ကြီးရှိနေလျှင် လုံလောက်ပြီဟု ယူဆပုံရသည်။

စိုးပိုင်စားပွဲတစ်လုံးတွင် ထိုင်ရင်း စီးကရက်သောက်နေစဉ် စုနန္ဒာ သူ့အပါး ရောက်လာသည်။

‘ညစ်ခံပွဲမှာ နေရတာ ငြီးစီစီဖြစ်လာလို့ အပြင်ခဏ ထွက်မလားလို့’

‘ကောင်းသားပဲ၊ ကျွန်တော်လည်း ငြီးငွေ့နေတာ ကြာပြီ’

‘ဒါဖြင့် လာလေ၊ သွားကြရအောင်’

စိုးပိုင် အပြင်ထွက်လိုက်သည်။

အပြင်ပန်းခြံထဲမှာ ခုံတန်းရှည်လေးရှိသည်။ သူတို့နှစ်ယောက် ဝင်ထိုင်လိုက်သည်။ စိုးပိုင်က ထိပ်တင်ငြိမ်းအတွက် စိတ်မချသည့်ပုံစံဖြင့် အခန်းတွင်းသို့ လှမ်း၍ကြည့်လိုက်သည်။

‘ဘာလဲ… စိတ်မချဘူးလား၊ သူ့အနားမှာ အစ်ကိုတစ်ယောက်လုံး ရှိနေတာပဲ၊ စိတ်ချလက်ချ နေစမ်းပါ’

မြက်ခင်းများက စိမ်းနေသည်။ မြက်ခင်းပေါ်တွင် နှင်းပွင့်ကလေးများက အဖွေးသား။

စုနန္ဒာက စိုးပိုင်ကို ရွှန်းရွှန်းစားစား ကြည့်သည့် အကြည့်မျိုးတွေကို စိုးပိုင် ကြောက်သည်။ သူ့ထံမှ တစ်စုံတစ်ခုကို မျှော်လင့်သည့်အကြည့်မျိုး။ စိုးပိုင်က မျက်နှာလွှဲလိုက်ပြီး ခပ်လှမ်းလှမ်းရှိ ပွင့်တူရွက်တူပင်များကို ငေး၍ကြည့်နေလိုက်သည်။







www.burmeseclassic.com

www.burmeseclassic.com



'ဒီမှာ ရှင်နဲ့ ကျွန်မ ပွင့်ပွင့်လင်းလင်း ဆွေးနွေးရအောင်၊ ရှင့်စိတ်ထဲ ဘာတွေတွေးနေသလဲဆိုတာ ကျွန်မ သိချင်တယ်၊ ကျွန်မအနေနဲ့ ရှင့်ကို အားကိုးယုံကြည်ချင်ပါတယ်၊ ရှင့်ရဲ့ အကူအညီကိုလည်း လိုအပ်ပါတယ်၊ မဟာမြိုင်သခင်မရဲ့ သရုပ်မှန်အကြောင်း ရှင် မယုံဘူးလား'

'အဲဒါ အရေးကြီးတဲ့ကိစ္စမို့လား'

'ကျွန်မအတွက် အရေးကြီးတာပေါ့၊ ကြီးတာမှ ကျွန်မဘဝနဲ့ ထပ်တူထပ်မျှ အရေးကြီးတာ'

'ခင်မောင်ကြီးနဲ့ ထိပ်တင်ငြိမ်းတို့ကိစ္စရော မပါဘူးလား'

'အို… ပါတာပေါ့၊ မပါဘဲ နေပါ့မလား၊ သူဟာ ကျွန်မအစ်ကို ဖြစ်နေတယ်၊ သူဟာ သံသယဝင်စရာကောင်းတဲ့လူဆိုတာ ကျွန်မ ဝန်ခံပါတယ်၊ ဒါပေမဲ့ ရှင်နဲ့ အစ်ကိုခင်မောင်ကြီးကြား ပြဿနာ မဖြစ်စေချင်ဘူး၊ ရှင် ကျွန်မကို ကူညီမယ်လို့ ကတိပေးစမ်းပါရှင်'

'ကျွန်တော် ဘယ်လိုကတိမျိုးမှ ပေးလို့မဖြစ်သေးဘူး'

စုနန္ဒာ မျက်လုံးကလေးများ ပုတ်ခတ်ပုတ်ခတ်ဖြစ်သွား





သည်။ ပြီး တွန့်ဆုတ်ဟန်ဖြင့် မရဲတရဲ ပြောလိုက်သည်။

'ခင်ဦးဆွေကို အစ်ကို သတ်တယ်လို့ ရှင် ထင်နေသလား'

'ဒါ ဘယ်လိုလုပ်သိနိုင်မလဲ'

'ရှင့်အနေနဲ့ကတော့ ရှင့်တာဝန်ကို ကျေပွန်အောင် လုပ်မှာပဲလို့ ကျွန်မ ယုံကြည်ပါတယ်၊ ရှင့်အနေနဲ့ အဲဒီလို သံသယမျိုးတော့ မဝင်စေချင်ဘူး၊ ဒီကိစ္စကို ဒီအတိုင်းထားလိုက်တာမကောင်းဘူးလား၊ ကျွန်မ အနေနဲ့ ရှင့်ကိုရော အစ်ကို့ကိုပါ ဘာပြဿနာနဲ့မှ ရင်မဆိုင်စေချင်ဘူး'

သူမက ပြောရင်း စိုးပိုင်အနီး တိုးကပ်လာသည်။

လေက တဖြူးဖြူး တိုက်ခတ်လျက်ရှိရာ စုနန္ဒာ၏ ကိုယ်သင်းနံ့ကလေးက စိုးပိုင်၏ နှာခေါင်းဝမှ တိုးဝင်လာသည်။ ပြီးတော့ စုနန္ဒာ၏ နဖူးဆံစမှ ဆံနွယ်ကလေးများက လေထဲတွင် ဝေ့၍ စိုးပိုင်၏ မျက်နှာပေါ်သို့ တို့ခတ်ကစားနေပြန်သည်။

စုနန္ဒာက စိုးပိုင်၏မျက်နှာကို အသနားခံသည့် ပုံစံဖြင့် မော့၍ကြည့်နေသည်။ သူမ၏ နှုတ်ခမ်းဖူးဖူးကလေးနှင့် ပါးမို့မို့ကလေးကြောင့် စိုးပိုင် အနေရခက်လာသည်။ စိုးပိုင် စိတ်ထဲ



www.burmeseclassic.com

www.burmeseclassic.com



လွှတ်ချလိုက်ပြီး စုနန္ဒာ၏ ကိုယ်လုံးကလေးကို သူ့ရင်ခွင်ထဲ ဆွဲသွင်းလိုက်သည်။

'မင်းရဲ့ ဒေါက်တာဘွဲ့ကြီးကို ဆုတ်ပစ်လိုက်စမ်းပါ စုနန္ဒာ၊ ပျော်စရာကောင်းတဲ့ အိပ်မက်ကမ္ဘာလေးဟာ လက်တွေ့ဘဝထဲမှာ တကယ်ရှိပါတယ်'

ရုတ်တရက် ခြေသံကြားရ၍ စုနန္ဒာ ရုန်းထွက်လိုက်သည်။

ဇော်ဝိတ်က ကျောက်သလင်းလမ်းလေးအတိုင်း သူတို့ဆီ လျှောက်လာနေသည်။ စုနန္ဒာမှာ ဇော်ဝိတ်ကိုကြည့်၍ မလုံမလဲဟန်ဖြင့် ကြောက်ရွံ့နေပုံရသည်။

'ကိုဇော်ဝိတ်'

ဇော်ဝိတ်မျက်လုံးများကတော့ စိုးပိုင်ကိုယ်ပေါ်သို့ ကျရောက်လျက်ရှိသည်။

'ဒီလူက ဘယ်သူလဲ'

သူ့မျက်နှာက တင်းမာလွန်းလှသည်။ သူသည် သန်မာထွားကျိုင်း၍ ယောက်ျားပီသသူ ဖြစ်သည်။ လူပုံကလည်း ခပ်ချောချောပင်။





'အဲဒါ ကျွန်မတို့ တောင်တက်အဖွဲ့နဲ့ အတူလိုက်ပါမယ့်သူပဲ၊ သူ့နာမည်က ကိုစိုးပိုင်တဲ့၊ မမငြိမ်းရဲ့ သက်တော်စောင့်ပေါ့၊ ကိုစိုးပိုင် သူက ကိုဇော်ဝိတ်တဲ့၊ မြန်မာနိုင်ငံမှာ အတော်ဆုံး တောင်တက်သမားပေါ့'

စိုးပိုင်က ပခုံးတွန့်လိုက်သည်။ ပြီးတော့ လက်ဆွဲနှုတ်ဆက်ရန် လက်ကမ်းပေးလိုက်သည်။

'တွေ့ရတာ ဝမ်းသာပါတယ် ကိုဇော်ဝိတ်'

'ကျွန်တော်က စက်ကိရိယာတွေ စစ်ဆေးနေတာပါ'

သူက စိတ်မပါတပါနှင့် ပြောသည်။

'ညည့်ခံပွဲတွေကို ကျွန်တော် သဘောကျလေ့မရှိဘူး၊ ကျွန်တော်တို့မှာ လုပ်ရမယ့် လုပ်ငန်းတွေက အများကြီးပဲ၊ ခရီးက ဆက်ကြရဦးမှာ၊ ထရပ်ကားနှစ်စီးနဲ့ ဂျစ်ကားတွေလည်း အသင့်ဖြစ်နေပြီ၊ အားလုံးထုပ်ပိုးပြင်ဆင်ပြီးပြီ၊ အားလုံး အဆင်သင့်ဖြစ်ကြရင် နက်ဖြန်ပဲ ခရီးဆက်ထွက်ချင်တယ်၊ ဒါနဲ့ ဒီကမိတ်ဆွေက ဘာလဲ။ စုံထောက်ဌာနကလား၊ အငှားလူမိုက်လား'

'နှစ်ခုစလုံးဆိုပါတော့'

စိုးပိုင်က ခပ်ထေ့ထေ့ ပြောလိုက်သည်။ ဇော်ဝိတ်၏



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာမှာ မနှာလိုဝန်တိုစိတ်များ ကိန်းအောင်းနေသည်ကို ထင်ရှားစွာ တွေ့လိုက်ရသည်။

'ခင်ဗျားအလုပ်က ထိပ်တင်ငြိမ်းအတွက်လား၊ စုနန္ဒာအတွက်လား'

ဇော်ဝိတ်က ပမာမခန့် မေးလိုက်သည်။

'ဒါတော့ အခြေအနေပေါ်မှာ မူတည်ပါတယ်၊ လိုအပ်ရင် လိုအပ်သလို ကာကွယ်ပေးရမှာ ကျွန်တော့်တာဝန်ပဲ၊ ဒါနဲ့ ခင်ဗျားကတော့ ဒီခရီးမှာ ကျောက်ဖြူတောင်ကို တက်ဖို့လမ်းပြသက်သက်ပဲ မဟုတ်လား၊ အဲဒီတောင်ကို ထပ်တက်ရမှာ ခင်ဗျား မကြောက်ရွံ့ဘူးလား'

ဇော်ဝိတ်က မှုန်တေတေဖြင့် ပြန်ကြည့်သည်။

'ဒီခရီးက အန္တရာယ်များတယ်ဗျ၊ နယ်စပ်က လူရိုင်းတွေရော၊ ရွှေကြောရှာတဲ့ အဖွဲ့တွေ သောင်းကျန်းသူတွေ ရှုပ်ယှက်ခတ်နေတဲ့ နယ်မြေဗျ၊ ဒါပေမဲ့ ကျုပ်လို လူအဖို့ကတော့ ဘာကိုမှ မကြောက်ပါဘူး၊ အဲ··· ခင်ဗျားကို တစ်ခုသတိပေးချင်တာက စုနန္ဒာနဲ့ ခပ်ဝေးဝေးနေဖို့ပဲ'

သည်တွင် စုနန္ဒာက ဒေါသထွက်သွားသည်။





'ဘာရှင့်··· ရှင် ဘာပြုလို့ ဒီလိုစကားမျိုး ပြောရတာလဲ၊ ဒါ ကျွန်မ မိတ်ဆွေရှင့်၊ ကျွန်မတို့နဲ့အတူ အန္တရာယ်ရောပြွမ်းတဲ့ ခရီးကြမ်းကို အတူသွားကြရမှာ'

'မသိဘူးလေ၊ မိတ်ဆွေအဆင့်ထက် ပိုသွားမှာစိုးလို့ပါ'

'ဒါလည်း ရှင့်အပူ မပါဘူး၊ ရှင့်ကို ကျွန်မ ဘယ်နှခါ ပြောရမှာလဲ၊ ရှင်နဲ့ ကျွန်မတို့ဟာ မိတ်ကောင်းဆွေကောင်းတွေပါ၊ ရှင့်အနေနဲ့ ကျွန်မကိုယ်ရေးကိုယ်တာကိစ္စထဲမှာ ဘာမှဝင်ပါစရာ အကြောင်းမရှိဘူး'

'ကျွန်တော် ဝမ်းနည်းပါတယ် စုနန္ဒာ'

'ကျွန်မတို့ ခရီးရှည်ကြီး သွားကြရဦးမှာပါ၊ တစ်ယောက်နဲ့တစ်ယောက် နားလည်မှုရှိရှိနဲ့ အပြန်အလှန် ကူညီရိုင်းပင်းရင် ကောင်းမယ်'

ဇော်ဝိတ်က ဘာမျှမပြောတော့ဘဲ ခေါင်းညိတ်ပြီး ပြန်လည် ထွက်သွားသည်။ သူတို့နှစ်ယောက်လည်း ဇော်ဝိတ်နှင့်အတူ နောက်မှ လိုက်ပါသွားကြသည်။

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၀)

## သူ့ဝတ္ထုပေါက်စ

ညနေပိုင်းတွင် စိုးပိုင်တစ်ယောက်တည်း ကားမောင်းပြီး ဟိုဟိုသည်သည် ထွက်ခဲ့၏။ သူသည် ကားကလေးကို သမ်းကြိုလမ်းကြားမကျန် လျှောက်ပတ်၍ စီးပစ်လိုက်၏။

တစ်နေရာအရောက်တွင် လမ်းကြားမှ လူတစ်ယောက် ပြေးထွက်လာသည်ကိုတွေ့ရပြီး သူ့နောက်မှ လူတချို့ ပြေးလိုက်လာသည်။ နောက် လူအုပ်ကြီးက ထိုလူကိုမီလာပြီးတစ်ယောက်တစ်ချက် ဝိုင်းဝန်း ရိုက်နှက်လိုက်ကြသည်။ တဖြည်းဖြည်းနှင့်



www.burmeseclassic.com

www.burmeseclassic.com



လူအုပ်ကြီးမှာ များသည်ထက် များလာရာ သူ့ကားလေး ရှေ့သို့ တိုးမရတော့ဘဲ လူအုပ်ကြီး ပိတ်ဆို့နေတော့သည်။

ဝိုင်းရံထားသော လူအုပ်ကြီးက ထိုသူ့ကို လက်သီးဖြင့် ထိုးသူကထိုး၊ ကျောက်ခဲဖြင့်ထုခြင်း၊ တုတ်ဖြင့် ရိုက်နှက်ခြင်း များ ပြုကြလေ၏။

မရှေးမနှောင်းပင် ရပ်ကွက်လူကြီးများ ရောက်ရှိလာကြကာ လူအုပ်ကြီးထဲသို့ တိုးဝင်သွားပြီး အားလုံးကို လက်ဖြင့် ကာ၍ မရိုက်နှက်ကြရန် တားမြစ်လိုက်သည်။ ထိုထဲမှ လူတစ်ယောက်ထွက်လာသည်ကို တွေ့ရ၍ စိုးပိုင် လှမ်းမေးလိုက်သည်။

'ဘာဖြစ်တာလဲဗျ'

'အလကား သူခိုးပါဗျာ၊ စတိုးဆိုင်က ပိုက်ဆံခိုးလို့တဲ့'

'ဘယ်လောက်များ ပါသွားလို့လဲ'

'ငါးကျပ်'

'ဗျာ… ငွေငါးကျပ်နဲ့များဗျာ၊ ခုကော အဲဒီလူ ဘာဖြစ်သွားပြီလဲ'

'သေပြီထင်ပါရဲ့ဗျာ'





စိုးပိုင်က လူအုပ်ကို ကျော်၍ ကြည့်လိုက်ရာ သေဆုံးသွားသော သူ၏အလောင်းကို တိုက်နံရံတွင် ဆွဲယူ၍ မှီထားသည်ကို တွေ့ရ၏။ သူ့တွင် သွေးသံရဲရဲဖြင့် မြင်မကောင်းချေ။ မပြောပလောက်သော ပြဿနာလေးဖြင့်ပင် လူတစ်ယောက် အသက်ပေးခဲ့ရလေပြီ။ လူစုလူဝေးကမူ မည်သူမျှ စိတ်ထိခိုက်ဟန်မတူ၊ သေဆုံးသွားသူကြောင့် ကျန်ရစ်သူများအနေဖြင့် ကွက်လပ်ကလေးတစ်ခု ပိုထွက်လာသည်ဟူ၍ပင် သဘောပေါက်နေကြပုံပေါ်ပါသည်။

စိုးပိုင် သက်ပြင်းချ၍ သူ့ဦးခေါင်းကို ခါယမ်းကာကားကို တစ်ဖက်လမ်းသို့ ချိုးကွေ့ပြီး လှည့်ထွက်ခဲ့၏။

ထို့နောက် သူသည် နာမည်ကြီး တရုတ်ပေါက်စ၏ လက်ဖက်ရည်ဆိုင်သို့ ဦးတည်၍သွားခဲ့သည်။ ပေါက်စ၏ လက်ဖက်ရည်ဆိုင်သည် သတင်းရပ်ကွက်တွင် တည်ရှိ၍ သူ့အတွက် လိုအပ်သော သတင်းများကို အချိန်တိုအတွင်း ရရှိနိုင်လိမ့်မည်ဟု အောက်မေ့မိသည်။

ပေါက်စ၏ ရပ်ကွက်သည် လူမျိုးပေါင်းစုံ တွေ့မြင်နိုင်သော ရပ်ကွက်ဖြစ်၍ မျက်စိနောက်စရာလည်း ကောင်းလှ



www.burmeseclassic.com

www.burmeseclassic.com



သည်။ တရုတ်များ၊ ကုလားများနှင့် တိုင်းရင်းသားပေါင်းစုံ တွေ့နိုင်သည်။ ခေါင်းပေါင်းအမည်းဝတ် အဝတ်မည်းနှင့် တိုင်းရင်းသားများ ဆိုင်းထမ်းကလေးများဖြင့် သွားလာနေကြသည်ကို နေရာတိုင်းလိုလိုမှာ တွေ့မြင်ရ၏။

သူ၏ ကားဝင်လာသည်ကို 'အရပ်ထဲရှိ လူကြီးများနှင့် ကစားနေကြသော ကလေးများကပါ အထူးအဆန်းသဖွယ် ဝိုင်းဝန်း၍ ကြည့်ရှုနေကြလေ၏။ စိုးပိုင်က ကားကို ဆိုင်နှင့်မလှမ်းမကမ်းနေရာတွင် ရပ်ကာ တရုတ်ပေါက်စ၏ လက်ဖက်ရည်ဆိုင်သို့ ခြေလျင်လျှောက်၍ ဝင်လာခဲ့သည်။ ထို့နောက် စားပွဲထိုးထံ လက်ဖက်ရည်ကျကျတစ်ခွက်နှင့် ပေါက်စီကို မှာယူလိုက်သည်။

သူ့အဖို့ အချိန်သိပ်ကြာကြာ မစောင့်လိုက်ရပေ။ ဆံပင်ရှည်ရှည် မျက်ပေါက်မှေးမှေးနှင့် မိန်းကလေးရုပ်ပေါက်နေသော ချာတိတ်လေးတစ်ယောက်က သူ့ရှေ့ ရောက်လာသည်။

'ဦးပေါက်စက ခင်ဗျားနဲ့တွေ့ပြီး စကားပြောချင်လို့တဲ့'

'သူက ဘယ်မှာလဲ'

'သူ့ရုံးခန်းမှာပါ၊ ကျွန်တော် လိုက်ပို့ပါ့မယ်'





ဦးပေါက်စသည် ဆံပင်တိုတို၊ ဝဝဖိုင့်ဖိုင့်နှင့် ပါးစုန့်ကြီးများ ထွက်နေသည်။ သူသည် ရှေးခေတ်သုံး လှုပ်ပက်လက်ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်ရင်း ရှေ့တိုးနောက်ငင်လှုပ်လျက် စည်းစိမ်ခံနေသည်။ သူ့ရှေ့ရှိ စားပွဲပေါ်တွင် အရက်ပုလင်းနှင့် မြည်းစရာ အသားကင်ရှိသည်။ သူက စိုးပိုင်ကို မျက်နှာချင်းဆိုင်ရှိ ထိုင်ခုံတစ်လုံးပေါ်တွင် ထိုင်ခိုင်းလိုက်သည်။

'ကဲ ... ဆရာစိုးပိုင်၊ ကိုယ့်အိမ်လို သဘောထားပြီး လွတ်လွတ်လပ်လပ် နေပေတော့'

'ကျေးဇူးပဲဗျာ၊ ခင်ဗျားရဲ့ ဧည့်ဝတ်ကျေပွန်မှုအတွက် ကျုပ်သိပ်ကျေနပ်မိပါတယ်၊ ဘယ့်နှယ့်လဲ ဝကော နေကောင်းရဲ့လား'

'အင်း... နေတော့ကောင်းပါရဲ့ဗျာ၊ ဒါပေမဲ့ အချုပ်ပြည့်ဒနေလေတော့ သွားရလာရတာ သိပ်မလွယ်ချင်ဘူး၊ ကျုပ်မိန်းမ အသစ်တစ်ယောက်ကလည်း ယူထားသေးတယ်။ သားတွေ သမီးတွေများနေတော့ သူတို့အတွက် ရှာရှဖွေရတာ မလွယ်ဘူးဗျာ၊ ကျုပ်အတွက် အကြံကောင်း ဉာဏ်ကောင်းလေးရော ဆေးပါဦး'



www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်အတွက် သတင်းလေး ဘာလေးရရင်တော့ ခ...
ဗျားလည်း အဆင်ပြေနိုင်ပါတယ်'

'သိပ်ဟုတ်တာပေါ့ဗျာ'

'ကဲ... လုပ်စမ်းပါဦး၊ ဘယ်လိုသတင်းတွေမျ...
ရောင်းစရာရှိသလဲ'

'ကျုပ်ဆီမှာ ပစ္စည်းမျိုးစုံ ရောင်းစရာရှိတာပေါ့ဗျ...
ဒါပေမဲ့ ဈေးကကြီးတယ်ဗျ'

'ကုန်ပစ္စည်းအပေါ် မူတည်ပြီး ဈေးဖြတ်ရမှာပေါ့ဗျ...'

'ဘာပဲဖြစ်ဖြစ်လေ ခင်ဗျား လုပ်ငန်းက ငွေရှင်ပါတ...
ဗျာ၊ ခင်ဗျား အလုပ်ရှင်ကလည်း နံပါတ်တစ် သူဌေးမကလေး...
မဟုတ်လား၊ ကျွန်တော်ကလည်း အဲဒီအဖွဲ့ထဲက စိတ်ချရမ...
ညွှန်ကြားချက်အတိုင်း ... ပြောလိုက်ပါ၊ ...
ရောက်လာတော့ တကယ့်ကို တန်ဖိုးရှိတဲ့ လူ့တန်ဖိုးသိတဲ့...
ရောက်လာတော့ ကျုပ်အတွက်ပိုပြီး ဟန်ကျတာပေါ့၊ ကျွန်တေ...
ခင်ဗျားတို့အတွက် အရေးကြီးတဲ့ သတင်းတစ်ခု ပေးစရာရှိ...
တယ်'

'ကျွန်တော် ဘကြီးဦးဇော်မှိုင်းနဲ့ ပတ်သက်တဲ့ သတင်...





... လိုချင်တယ်။ ပြီးခဲ့တဲ့ တစ်လလောက်က ဒီမြို့မှာ ပျောက်
...သွားတဲ့ ဘူမိဗေဒ ပါမောက္ခကြီးပေါ့'

'အေးပေါ့လေ၊ သူဟာ အလွန်အရေးပါတဲ့ လူဆိုတော့
...ပျောက်ဖြူ တောင်တက်သမား တစ်ဦးမဟုတ်တစ်ဦး သူ့
အကြောင်း သိချင်နေမှာပဲ'

ပေါက်စက ရယ်သွမ်းသွေးလိုက်သည်။ ပြီး သူကပဲ
...ဆက်၍ မေးသည်။

'ပြီးတော့ မှတ်ကြီးအကြောင်းရော မသိချင်တော့ဘူး
...လား'

စိုးပိုင်က မျက်လုံးပင့်ကြည့်ပြီး စီးကရက်ကို အသာ
...အသာ ဖွာရှိုက်လိုက်သည်။ ပေါက်စ၏ စကားကြောင့် သူ့မျက်
...နှာ ကျယ်သွားသည်။

'မှတ်ကြီးဆိုတဲ့ နာမည်နဲ့ ပတ်သက်ပြီး ခင်ဗျားသိ
...သလောက် ကျွန်တော်လည်း သိချင်တာပေါ့ဗျာ'

စိုးပိုင်က တည်တည်ငြိမ်ငြိမ်ပင် ပြောလိုက်သည်။

'အိုး... ခင်ဗျားဟာ တကယ်ပေါင်းလို့သင်းလို့ကောင်း
...တဲ့လူပဲဗျာ၊ ခင်ဗျား သူ့ကိုရောသိသလား'



www.burmeseclassic.com

www.burmeseclassic.com



'ဟင့်အင်း… ကြားဖူးရုံပဲရှိတယ်၊ သူ့အခုဒီမြို့မှာ ရှိသလား'

'ရှိတယ်လို့တော့ ပြောနေကြတာပဲ'

'ဘယ်သူတွေလဲ'

'ကောဟာဟာလသတင်းသမားတွေ၊ ပြန်ကျစျေးသည်တွေ၊ မိန်းမပျက်တွေ၊ ပြီးတော့ ကုန်သည်ပွဲစားတွေကပေါ့'

မှတ်ကြီးနှင့် ပတ်သက်ပြီး သူသိထားတာတွေ တော်တော်များများရှိသည်။ ဒုစရိုက် လုပ်ငန်းပေါင်းစုံနှင့် ပတ်သက်သည်။ နိုင်ငံခြားသား သစ္စာဖောက်တွေနှင့်လည်း ပတ်သက်သည်။ နိုင်ငံခြားကုန်သည်ကြီးတစ်ဦး၏ သမီး 'အလီဆာ'နှင့်လည်း ဆက်နွှယ်ခဲ့ဖူးသည်။ ပြီးတော့ အဲဒီအမျိုးသမီးလေးမှာ နယ်ခြားဒေသတစ်ခုတွင် ရက်ရက်စက်စက် သတ်ဖြတ်ခံခဲ့ရသည်။ သူနှင့်ပတ်သက်သမျှသည် တစ်ခုမှမကောင်း။ မကောင်းမှုတွေ မိန်းမတွေနှင့် အမြဲတမ်း ဒွေးရောယှက်တင် ဖြစ်နေခဲ့သည်။ မိန်းမတော်တော်များများလည်း အလီဆာလိုအဖြစ်မျိုးနှင့် ကြုံကြရသည်။ တချို့ ပျောက်ဆုံးသွားသည်။ တချို့ လူစဉ်မမီ ဖြစ်ကြသည်။ မှတ်ကြီးဆိုသောလူကို သူ ကုပ်ကဆွဲပြီး





ဒီအိုင်ဒီသို့ ပို့ချင်လှပြီ။ မည်သည့် ထောက်လှမ်းရေးသမားကမှ မှတ်ကြီးကို တိုက်ရိုက်ကိုင်တွယ် ဖြေရှင်းနိုင်ခြင်း မရှိသေးချေ။

ပေါက်စက သူ၏အဆီပြန်သော မျက်နှာကြီးကို လှန်၍ ပက်လက်ကုလားထိုင်ပေါ်တွင် အိပ်ပျော်နေပုံရသည်။ အတော်ကြာမှ မျက်စိမှိတ်လျက်ဖြင့် သူ၏ လက်နှစ်ဖက်ကို ဆူဖြိုးသော ဗမ်းဗိုက်ပေါ်သို့ တင်ရင်း ဆက်ပြောသည်။

'ဒီသတင်းအတွက် နှစ်ထောင်တော့ ခင်ဗျား စွန့်ကြဲရလိမ့်မယ်'

'ဟင့်အင်း… ကျုပ်က ငါးရာပဲ ပေးနိုင်မယ်'

စိုးပိုင်က ဈေးဆစ်လိုက်သည်။ သူနှင့်တွေ့လျှင် ဈေးဆစ်ခံရမည်ကိုတော့ တစ်ဖက်လူက ကြိုတွက်ဆပြီး ဖြစ်ကောင်းဖြစ်နိုင်သည်။

'နှစ်ထောင်ပဲ လျှော့လို့မဖြစ်ဘူး'

'ခင်ဗျား မှတ်ကြီးနဲ့ ပတ်သက်ပြီး ဘာတွေသိထားလို့လဲ'

'ဘာရယ်တော့ မဟုတ်ပါဘူး၊ နောက်တော့ သိချင်သလောက် သိလို့ရပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဘယ်တော့ သိရမှာလဲ'

'မနက်ဖြန်မနက်၊ ခင်ဗျားတို့ ဒီမြို့က မထွက်မီပေါ့'

'ဒါဆို အဘိုးကြီးဇော်မှိုင်းအကြောင်းကတော့ရော'

'သူ အသက်ရှင်လျက် ရှိနေတုန်းပဲလို့ ပြောနေကြတယ်'

'ဒီမြို့ထဲမှာပဲလား'

'ဟုတ်လိမ့်မယ် ထင်တယ်'

'ဘယ်နေရာမှာလဲ'

'သူ့ကို ရှာဖို့ဆိုရင် ငွေနည်းနည်းပါးပါး ကုန်နိုင်တာပေါ့၊ ငွေနှစ်ထောင်ရယ်၊ ကုန်ကျစရိတ်ရယ်ဆို ရပါပြီ'

'တစ်ထောင်ပဲ၊ ကုန်ကျစရိတ် မပေးနိုင်ဘူး'

'မဖြစ်နိုင်ဘူးဗျာ၊ လုပ်ငန်းက ခက်ခဲတယ်၊ မတော်တဆ အသက်နဲ့ရင်းချင် ရင်းရလိမ့်ဦးမယ်'

'ကဲပါလေ၊ တစ်ထောင့်ငါးရာပဲ။ ဒီ့ထက်တော့ ပိုလို့မဖြစ်တော့ဘူး'

ပေါက်စ မေးထားသော မျက်စိများကို ဖွင့်လိုက်သည်။

'ခင်ဗျား ငွေသား တကယ်ပါရဲ့လား'





'ပါပါတယ်'

'ဒါဆို မနက်ဖြန်မနက် လာခဲ့ဗျာ၊ ခင်ဗျားတို့ ခရီးထွက်ခင် ကျွန်တော် အဆင်ပြေအောင် ကူညီပါ့မယ်။ ဒါနဲ့ ပြောရဦးမယ်၊ ကျောက်ဖြူတောင်လေ့လာရေးခရီးနဲ့ ပတ်သက်ပြီး တချို့က ရယ်ကြတယ်ဗျ၊ မဟော်မြိုင်မင်းသမီးထံ ဆက်သယ့် သရဖူ အဲဒီမှာရှိတယ်ဆိုတဲ့ ဒဏ္ဍာရီက သိပ်ခေတ်စားတာလား၊ တချို့ကတော့ အရူးတွေလို့ ဆိုကြတယ်၊ တချို့ကတော့ ညည်း ယုံကြတာပေါ့၊ ခင်ဗျားလိုလူကတော့ ဒါတွေကို သိပ်ပြီး အလေးထားပုံမရပါဘူး၊ တခြားရည်ရွယ်ချက်လည်းရှိမှာပါ'

'ဘာရည်ရွယ်ချက်ရှိရမှာလဲဗျာ'

'ဘာရည်ရွယ်ချက်မှ မရှိဘူးဆိုရင် ခင်ဗျား ဘာဖြစ်လို့ ဦးဇော်မှိုင်းကို မေးနေရတာလဲ'

စိုးပိုင် ပြုံးလိုက်သည်။ တရုတ်အဘိုးကြီး မခေပါလား ဟု တွေးရင်း ပြောပြလိုက်သည်။

'ခင်ဗျား အရိပ်စနစ်ဆိုတာ မသိဘူးထင်တယ်၊ မှတ်ပြီးလို တစ်ကိုယ်တော် လုပ်ကြံရေးသမားနောက်မှာ လူတွေ မသိသေးတဲ့ တွဲဖက်တစ်ယောက်တော့ ရှိရမယ်ဗျာ'



www.burmeseclassic.com

www.burmeseclassic.com



ပေါက်စက အံ့ဩဟန်ဖြင့် မီထားရာမှ ထထိုင်သည်။

'ဟုတ်လား၊ အံ့ဩစရာပဲ၊ ကျုပ်ဖြင့် ကြားဖူးပေါင်ဗျာ'

'ဒီလိုလေဗျာ၊ သူလျှိုလုပ်တဲ့လူအဖို့ သူရတဲ့သတင်းကို ပေးဖို့ ကြားခံလူတစ်ယောက် ရထားရတယ်ဗျ၊ သူ့ကိုယ်ဖိုင်နံပါတ်ကိုသာ သူ့အရိပ်ကို သိခွင့်ပေးထားတယ်။ လူကိုယ်တိုင်ကိုတော့ အမြင်အတွေ့ ခံလေ့မရှိဘူး၊ မှတ်ကြီးအတွက် ဒီမြို့မှာ အဲဒီလိုလူမျိုးတစ်ယောက် ရှိလိမ့်ဦးမယ်၊ ဒါပေမဲ့ ခင်ဗျားတော့ သတင်းရဦးမယ် မထင်ဘူး'

'ဒီမှာ ကျွမ်းကျင်တဲ့လူတွေ အတော်များများ ရှိပါတယ်၊ မပူပါနဲ့'

ဟု ပေါက်စက သက်ပြင်းချရင်း ဆက်ပြောသည်။

ပေါက်စ၏ ဆိုင်ထဲမှ သူ ပြန်ထွက်လာချိန်တွင် ကားမှ လမ်းပေါ်၌ ဖြတ်သွားသော ခင်မောင်ကြီးကို လှမ်း၍မြင်လိုက်သည်။ သူသည် အရောင်အသွေးစုံ သွားလာကျက်စားနေသော လူအုပ်ကြားတွင် တိုးဝှေ့လျက် ပျောက်ကွယ်သွားသည်။ စိုးပိုင် ပြေး၍လိုက်ရန် စိတ်ကူးသေးသည်။ ပြီးမှ မလိုက်တော့ဘဲ သူ့ကားရပ်ထားရာဆီသို့ လှည့်ပြန်လာခဲ့သည်။





သူ၏ကားမှာ လေးဘီးစလုံး လေတစ်စက်မှ မရှိဘဲ ပြားချပ်နေသည်ကိုသာ တွေ့လိုက်ရသည်။

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၁)

## မြေအောက်ခန်းထဲက အကျဉ်းသမား

ခင်မောင်ကြီးသည် တောင်ကမူကလေးကို ကျော်ဆင်းခဲ့ပြီးနောက် မြေလမ်းကလေးအတိုင်း ဆက်၍ လျှောက်လာခဲ့သည်။ ဟိုးအောက်ဘက်တွင် သစ်တောစိမ်းစိမ်းကို လှမ်း၍မြင်နေရသည်။ နောက်လမ်းကြောကလေးအတိုင်း ကွေ့၍ဝင်ခဲ့ရာ ဘုရားကျောင်းတစ်ကျောင်းကို လှမ်း၍ တွေ့လိုက်ရသည်။

ဘုရားကျောင်းရှေ့တွင် ဈေးသည်တချို့ ဈေးရောင်းနေကြသည်။ ဘုရားကျောင်းထဲမှာ သစ်သီးဝလံများ မီးရှို့ပူဇော်နေကြသည်။ ထိုအခိုက် ချာတိတ်လေးတစ်ယောက် ဇကြောကလေး



www.burmeseclassic.com

www.burmeseclassic.com



ကိုင်ပြီး သူ့ဆီပြေးလာသည်။

'ဦးဦး လာ… လာ… အဘိုးက ဦးကိုမျှော်နေတာ'

ခင်မောင်ကြီးက ခေါင်းညိတ်ပြီး သူ့နောက်မှ လိုက်သွားသည်။ ညွှန်ကြားချက်က တိကျသည်။ သူတို့၏ တည်းခိုဆောင်အတွင်းသို့ မည်သူမည်သို့ဝင်ရောက်၍ ထည့်သွားခဲ့သည် မသိ။ ညနေပိုင်း တစ်ပိုင်းလုံး ဧည့်ခံပွဲတွင် ဧည့်သည်များရော၊ လူကြီးလူကောင်းများပါ ရှုပ်ယှက်ခတ်နေသည်။ လွန်ခဲ့သော တစ်နာရီလောက်ကမှ သူ့အင်္ကျီအိတ်အတွင်းသို့ ညွှန်ကြားချက် စာရွက်ခေါက်ကလေး ရောက်နေခဲ့သည်။

ချာတိတ်လေးက ဘုရားကျောင်းနောက်ဘက်ရှိ လမ်းကလေးအတိုင်း ကွေ့ကွေ့ကောက်ကောက် ခေါ်သွားသည်။

'မင်း နာမည် ပေါက်စီလား'

'ဟုတ်ကဲ့'

'မင်းအဘိုး ပန္နဝက မှာထားလို့လား'

'ဟုတ်တယ်၊ အရပ်မြင့်မြင့်၊ နှုတ်ခမ်းမွေးစစနဲ့ ခပ်ချောချော ဦးဦးတစ်ယောက် လာလိမ့်မယ်၊ ဘုရားကျောင်းပေါက်ကစောင့်ပြီး ငါ့ဆီ ခေါ်ခဲ့တဲ့'





လမ်းကြိုလမ်းကြားကို ဖြတ်ပြီးနောက် သားရေစိမ်းနံ့များ၊ မဆလာနံ့များ၊ လက်ဖက်ခြောက်နံ့များဖြင့် အနံ့မျိုးစုံရောသော ဆိုးဝါးသည့် ရပ်ကွက်တစ်ခုကို ဖြတ်သန်းခဲ့ကြရပြန်သည်။ နောက် အဆောက်အအုံတစ်ခု၏ နောက်ဆီသို့ ခေါ်သွား၏။ အဆောက်အအုံ၏ ရှေ့ပိုင်းမှာ တရုတ်ပျော်ပွဲစားရုံတစ်ရုံဖြစ်ကြောင်း သိရှိခဲ့သည်။

အခန်းကျဉ်းလေးထဲ ဝင်သွားပြီးနောက် အခန်းတစ်ခုထဲတွင် ပန္နဝကို တွေ့လိုက်ရသည်။ သူက ရုတ်တရက် လာပြီး ခါးညွှတ်ကာ အရိုအသေ ပေးလိုက်သည်။

'ကြိုဆိုပါတယ်ဆရာ၊ ခုလို ကြိုဆိုနိုင်ဖို့ ကာလအတော်ကြာ စောင့်ခဲ့ရတာပါ၊ ခုတော့ မိတ်ဆွေကြီးက ကျွန်တော်တို့နဲ့ အတူပူးပေါင်းတော့မှာပေါ့နော်'

'သူ အသက်ရှင်တုန်းပဲလား'

ခင်မောင်ကြီးက ခပ်ပြတ်ပြတ်မေးသည်။

'ဟုတ်ကဲ့… ဒီလူ တော်တော် ခေါင်းမာတာပါဗျာ၊ တကယ့်အဘိုးကြီးပဲ၊ ကျွန်တော် သူ့ကို ဖော်အောင်လုပ်နိုင်ပါတယ်၊ ဒါပေမဲ့ သူ့နှလုံးက တော်တော် အခြေအနေဆိုးတယ်၊



www.burmeseclassic.com

www.burmeseclassic.com



သူသေသွားရင် ဘာမှဆက်လုပ်နိုင်မှာ မဟုတ်ဘူး၊ တလောကပဲ ဆရာဝန်ခေါ်ပြီး အင်ဒရီနလင် ထိုးပေးရသေးတယ်၊ ပိုက်ဆံ တော်တော်ကုန်သွားတယ် ဆရာ'

'ခင်ဗျား ကုန်တဲ့ငွေ ပြန်ရမှာပေါ့ဗျာ၊ ကဲ… လုပ်ဗျာ ကျုပ် အချိန်သိပ်မရဘူး၊ သူနဲ့တွေ့ချင်တယ်'

အဘိုးကြီးက ခေါင်းညိတ်သည်။

'ပေါက်စီ… ဦးကို လမ်းပြပေးလိုက်စမ်း'

ချာတိတ်လေးက ခေါင်းညိတ်ပြီး နံရံမှ လက်နှိပ်ဓာတ်မီးကို ဖြုတ်ယူကာ ရှေ့မှထွက်သွားသည်။

နောက် သူကပင် ဦးဆောင်၍ မြေတိုက်ခန်းထဲ ဆင်းသွားသည်။ မြေတိုက်ခန်းထဲမှ လေ့ကားထစ်များက ခနော်နီ ခနော်နဲ့။ မြေအောက်ပတိုက်ခန်းတွင် အမျိုးအမည် မသိရသော သေတ္တာ အမြောက်အမြားဖြင့် ကုန်များ၊ ဂုန်နီအိတ်ထုပ်များ ကြားမှ ဖြတ်သွားရသည်။

နောက် မြေတိုက်ခန်းတံခါးပေါက် တစ်ပေါက်ကိုဖွင့် ပြီး ဆက်သွားရပြန်သည်။ အုတ်ဖြင့်ကာရံထားသော ဥမင်လိုဏ် ခေါင်းထဲ ရောက်သွားကြပြန်သည်။ နောက် အုတ်စံယော…





…ကားဖြင့်ဆင်းကာ အခန်းတစ်ခန်းမှ တံခါးကို ဖွင့်ပြီးဝင်ရပြန် သည်။

'ဦး လက်နှိပ်ဓာတ်မီး ယူထားမလား'

'အေး… ကောင်းတာပေါ့'

ချာတိတ်က လက်နှိပ်ဓာတ်မီး ပေးထားခဲ့ပြီး ထွက် သွားသည်။ ခင်မောင်ကြီးက လက်နှိပ်ဓာတ်မီးဖြင့် အခန်းထဲ ဆိုးကြည့်သည်။ ကျောက်နံရံပတ်လည် ကာရံထားသော ကြမ်း ပြင်သည် ညစ်ညမ်းလျက် ရှိသည်။ လူမမာတစ်ယောက်၏ ချွေးနံ့နှင့် ရောဂါအနံ့များက ဆိုးဆိုးဝါးဝါး ပျံ့နှံ့နေသည်။

နံရံထောင့်တစ်နေရာသို့ ထိုးကြည့်လိုက်ရာ အရိုးပေါ် အရေတင်နေသော လူနာတစ်ဦးကို တွေ့လိုက်ရသည်။

'ဦးလေးမှိုင်း'

ခင်မောင်ကြီးက ညင်ညင်သာသာ ခေါ်လိုက်သည်။

'ကျွန်တော် ခင်မောင်ကြီးပါ၊ ဘကြီးဖြိုးရဲ့တူလေ၊ ဦးလေး သူငယ်ချင်း ဘကြီးဖြိုးကို မှတ်မိတယ် မဟုတ်လား၊ ကျွန်တော် သူ့တူပါ၊ ဦးလေး ပျောက်သွားတယ် ကြားရက …ည်းက အသည်းအသန် ရှာခဲ့တာ၊ သတင်းရရချင်း လိုက်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



တာပဲ၊ တော်သေးတာပေါ့ မသေမပျောက် တွေ့ရလို့'

အဘိုးကြီးက အားယူပြီး ကုန်းထသည်။ သူ့ခမျာ အသက်ရှူရတာ ပင်ပန်းကြီးနေပုံရသည်။ သူ၏အဝတ်အစားများမှာ ညစ်ပတ်ပေရေလှပြီ။ သူ့နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးများမှာ ထိုးထိုးထောင်ထောင် မသေမသပ်နှင့် အကြည့်ရဆိုးလှသည်။

သူ့ရှေ့တွင် စားကြွင်းစားကျန်များ မလှည်းကျင်းရသဖြင့် ကြွက်များ၊ ပိုးပာပ်များ သောင်းကျန်းချင်တိုင်း သောင်းကျန်းနေသည်။ အသက်ငါးဆယ်ကျော် ဘူမိဗေဒပါမောက္ခကြီး၏ အဖြစ်မှာ မကြည့်ရက်စရာပင်။

'မင်း... မင်း ငါ့ကို ပြန်ခေါ်သွားမလို့လား'

'ဟုတ်တယ် ဘကြီးမှိုင်း၊ ဘကြီးမှိုင်းကို ကျွန်တော် ပြန်ခေါ်မလို့ လိုက်လာတာပါ'

'မင်း လိမ်နေတာများလားကွာ'

'ဟင့်အင်း... အဘိုးရဲ့ မိတ်ဆွေကို ကျွန်တော်က ဘာဖြစ်လို့ လိမ်ရမှာလဲ'

'ဟုတ်ရဲ့လားကွာ၊ မင်း ပန္နဝတို့အတွက် အလုပ်လုပ်





ပေးနေတာများလား၊ မင်း ဘကြီးဖြိုး ဘယ်လိုသေခဲ့ရတယ် ဆိုတာ မင်း မမှတ်မိဘူးလား'

'အဲဒါတွေ ထားလိုက်ပါ၊ ပြီးခဲ့ပါပြီ၊ အခု အရေးကြီးတာ ဘကြီးမှိုင်း လွတ်မြောက်ဖို့ပဲ၊ ကျွန်တော် တတ်နိုင်တဲ့နည်းနဲ့ ဘကြီးမှိုင်းကို ကယ်တင်ဖို့ လာခဲ့တာပါ၊ ကျောက်ဖြူတောင်မှာ ဘာတွေ့ခဲ့သလဲလို့ မေးဖို့ ပန္နဝ ကြိုးစားခဲ့တာ ခုတော့ သူ လက်လျှော့သွားပြီ မဟုတ်လား'

ခင်မောင်ကြီးက စကားကိုဖြတ်ပြီး အသက်ကိုအောင့်ထားရသဖြင့် မသက်မသာ ဖြစ်နေပုံရသည်။

'သတ္တုရိုင်းကိစ္စ သူတို့သိပြီးသားပဲ၊ ဘကြီးဆီက သူတို့ ဘာလိုချင်လို့ ခုလို တစ်လကျော်ကျော် ဖမ်းဆီးချုပ်နှောင်ထားရတာလဲ'

'သူက မြေပုံလိုချင်နေတယ်'

'အဲဒီမြေပုံကို ဘကြီးက သက်ဆိုင်ရာ ပေးအပ်ခဲ့ပြီလား'

'ဟင့်အင်း'

'ဒါဆို အဲဒီမြေပုံ အခု ဘယ်မှာလဲ'



www.burmeseclassic.com

www.burmeseclassic.com



အဘိုးကြီးက ငေးငေးငေါင်ငေါင် လုပ်နေသည်။ ခင်မောင်ကြီးက နောက်ထပ်တစ်ကြိမ် ထပ်မေးလိုက်ပြန်သည်။

'ငါ့ကို အဲဒီမေးခွန်းမေးကြတာ အကြိမ်ပေါင်းတစ်ရာ မကတော့ဘူး'

'ဘကြီးဖြေချင်ရင် ဖြေလို့ရတာပဲ မဟုတ်လား'

'ဒါပေါ့ကွာ၊ ငါက သေရတော့မယ့်လူပါကွာ'

'ဦးကြီး မသေနိုင်ပါဘူး၊ ကျွန်တော် ဆေးရုံခေါ်သွားပြီး ကျန်းမာလာတဲ့အထိ ကုပေးမှာပါ'

'ငါ့မြေပုံအကြောင်း ပြောပြရင် ဆိုပါတော့'

'ဘကြီးရယ်၊ ကျွန်တော့်ကို မယုံဘူးလား၊ ကျွန်တော် အခု ထိုင်တင်ငြိမ်းနဲ့ လက်ထပ်တော့မှာ၊ အဲဒီအမျိုးသမီးက မြန်မာနိုင်ငံမှာ အချမ်းသာဆုံး စာရင်းဝင်ဗျ၊ ဘကြီး သိရဲ့လား'

'ဒါတွေ ငါကြားပြီးပါပြီကွာ'

'အဲဒီ အမျိုးသမီးက မြေပုံသာရရင် သတ္တုရိုင်းတွေကို အစိုးရနဲ့ပူးပေါင်းပြီး လုပ်ငန်းလုပ်ဖို့ စရိတ်စက ကျခံမှာဗျ၊ အဲဒီက အကျိုးအမြတ်ဟာ ဘကြီးနဲ့ ကျွန်တော်တို့အတွက်ပဲ၊ အင်း...မြေပုံကိုတော့ အတုတစ်ခုလုပ်ပြီး ပန္နဝကိုပေးရမှာပေါ့'





'ငါ သိပ်မောနေတယ်ကွာ၊ စကားပြောရင် ရင်ထဲက အောင့်သွားတယ်၊ မင်းသိချင်တာတွေ ဆေးရုံပေါ်ရောက်တော့ ပြောတာပေါ့ကွာ၊ ငါ့ကို ဆေးရုံအရင်ပို့ပေးပါ'

'စိတ်ချပါ ဘကြီး၊ ကျွန်တော် ဘကြီးကို ဆေးရုံပို့ပေးမှာပါ၊ ကျွန်တော်တို့ လုပ်ငန်းမှာလည်း ဘကြီးလို ပညာရှင်လိုတယ်လေ၊ ဒါပေမဲ့ ပန္နဝကို လှည့်စားဖို့ဆိုတာ ဘကြီးအခုပြောပြမှ ဖြစ်မယ်၊ သူ့ကို ကျွန်တော် အမှန်အတိုင်း မပြောပါဘူး'

အဘိုးကြီးက မျက်ရည်များ စီးကျလာပြီး ချောင်းတဟွပ်ဟွပ် ဆိုးနေသည်။

'ရှေးဟောင်းပစ္စည်းရောင်းတဲ့ဆိုင် ရှိတယ်၊ ဗိုလ်သနိုး ရှေးဟောင်းပစ္စည်းဆိုင်လေ၊ အဲဒီဆိုင်ရှင်နာမည်က ဒေါက်တာစောလုတဲ့၊ ငါ ပြန်တောင်းတဲ့အချိန် သူ ဒီမြေပုံကို ငါ့လက်ထဲ ပြန်ထည့်မှာပေါ့ကွာ၊ ငါ သူ့ဆိုင်က ထွက်ပြီး လမ်းလျှောက်လာလို့ မိနစ်နှစ်ဆယ် အကြာမှာပဲ ပန္နဝတို့လူစုက ဖမ်းတာကို ခံလိုက်ရတယ်'

'ကျေးဇူးတင်လိုက်တာ ဘကြီးမှိုင်းရယ်'

ခင်မောင်ကြီးက ဘကြီးမှိုင်းရှေ့မှ လက်နှိပ်ဓာတ်မီး



www.burmeseclassic.com

www.burmeseclassic.com



ကိုယူ၍ အပေါက်ဘက်လှည့်ပြီး ထိုးကြည့်သည်။ ချာတိတ်ကလေး မရှိတော့။ သူပြန်လှည့်လာပြီး လက်နှိပ်ဓာတ်မီးကို အဘိုးကြီးမျက်နှာပေါ် တည့်တည့်ထိုးလိုက်သည်။ ဦးဇော်မှိုင်းက သူ့ကို ကယ်ထုတ်တော့မည်အထင်နှင့် အားယူပြီး ပြုံးပြနေသည်။

လက်နှိပ်ဓာတ်မီး မီးရောင်ကြောင့် အဘိုးကြီးက သူ့ကို မမြင်နိုင်။ ခင်မောင်ကြီး အပေါ်ဝတ်အင်္ကျီထဲမှ သေနတ်ကို ထုတ်ပြီး အဘိုးကြီး၏ နဖူးတည့်တည့် ထိုးချိန်လိုက်သည်။ ပြီးတော့ ခလုတ်ကို အသာကလေး ဖိညှစ်ဆွဲပစ်လိုက်သည်။ ပေါက်ကွဲသွားသော သေနတ်သံသည် မြေတိုက်ခန်းထဲ၌ ဟိန်းထွက်သွားပြီးနောက် အဘိုးကြီး၏ နဖူးပြင်သည် ဟောင်းလောင်းပေါက်ဖြစ်ပြီး သွေးများပန်းထွက်ကာ ပြိုလဲကျသွားသည်။

သူ မြေအောက်ခန်းထဲက ထွက်လာတော့ ချာတိတ်ကလေးက အပြေးရောက်လာသည်။ သေနတ်သံကြောင့် ပြေးလာခြင်းဖြစ်ပုံရသည်။ သူက ပြုံးပြီး ချာတိတ်ပခုံးကို ပုတ်ကာ ပန္နဝဆီသို့ ဆက်၍လာခဲ့သည်။





'ခင်ဗျားသိခဲ့ရပြီလား'

ခင်မောင်ကြီးက ခေါင်းညိတ်လိုက်သည်။

'ကျွန်တော် သွားယူလို့ရပါပြီ'

'အင်း… ကောင်းတယ်၊ ကျုပ်ရော လိုက်ခဲ့မယ်လေ၊ အကြောင်းရှိရင် ကူညီလို့ရတာပေါ့'

ခင်မောင်ကြီးက ခေါင်းခါလိုက်သည်။

'ကျွန်တော်က အိုမင်းမစွမ်းမှ မဟုတ်ဘဲ၊ ဦးဇော်မှိုင်းကို ခင်ဗျားတို့ စစ်ဆေးတာထက် ကြာအောင် ကျွန်တော့်ကို စစ်ဆေးချင် စစ်ဆေးလို့ရပါတယ်၊ ဒါပေမဲ့ ဒီအချိန်မှာ တခြားအဖွဲ့တွေက ကျောက်ဖြူတောင်ပေါ် ရောက်ကုန်ကြရောပေါ့၊ ကျွန်တော် ငွေစာရင်းနံပါတ် ခင်ဗျားကို မေးခဲ့မယ်။ ဘဏ်ထဲမှာ ငွေတစ်သိန်း ထည့်ထားလိုက်ပါ၊ ငွေသွင်းပြီးကြောင်း ကြေးနန်းသတင်းကို ကျွန်တော် မျှော်နေမယ်'

'ခင်ဗျား နှုန်းက မများလွန်းဘူးလားဗျာ၊ ကဲပါလေ၊ ဘာပဲဖြစ်ဖြစ် အချိန်ရမှ မရကြတော့တာ ခင်ဗျား စိတ်တိုင်းကျ ဖြစ်ရတော့မှာပါ'

'နေဦး… ကျွန်တော့်အတွက် လုပ်ပေးဖို့ တစ်ခုကျန်



www.burmeseclassic.com

www.burmeseclassic.com



သေးတယ်'

'ဘာများပါလိမ့်'

'ကျုပ်တို့ အဖွဲ့ထဲမှာ သူလျှိုတစ်ယောက် ပါနေတယ် ဘကယ့် အန္တရာယ်ကောင်ပဲ၊ စိုးပိုင်တဲ့၊ သူ့ကို ရှင်းပစ်နိုင်မှ ကျုပ်တို့ လုပ်ငန်းလုံခြုံမှု ရှိလိမ့်မယ်'

ပန္နဝက ခေါင်းညိတ်ပြလိုက်သည်။

'စိတ်ချပါ၊ စိုးပိုင်ဆိုတဲ့ ပုဂ္ဂိုလ်ဟာ နောက်တစ်နေ့ နေထွက်တာကို တွေ့ရလိမ့်မယ် မဟုတ်ပါဘူး'

ပန္နဝက ပြတ်ပြတ်သားသား အဖြေပေးလိုက်သည်။

✣ ✣ ✣



# အခန်း(၁၂)

## လုပ်ကြံခံခြင်း

စိုးပိုင်သည် သူတည်းခိုရာ အိမ်ကြီးဆီသို့ ပြန်လည်ရောက်ရှိလာခဲ့၏။ သူ့အခန်းသည် အိမ်ကြီး၏ အပေါ်ဆုံးထပ်တွင် တည်ရှိသည်။ အိမ်ကြီးကို နံရံသုံးဘက်ဖြင့် ဝိုင်းရံထားပြီး ဝရန်တာသို့ထွက်ရန် တံခါးပေါက်ကြီး တစ်ပေါက်လည်းရှိ၏။ ဝရန်တာမှနေ၍ ခြံတွင်းထဲရှိ လရောင်ဖြင့် ထိန်ထိန်လင်းနေသော မြက်ခင်းကို စိုးပိုင် စစ်ဆေးကြည့်ရှုပြီး ဖြစ်၏။

အများဝင်ထွက်သွားလာနိုင်သည့် စင်္ကြံသို့ထွက်သည့် တံခါးကြီးကို သော့ပိတ်ထားလိုက်သည်။ သူနှင့်ဦးမင်းနိုင်တို့



www.burmeseclassic.com

www.burmeseclassic.com



အသုံးပြုရန်ထားသည့် ရေချိုးခန်းတံခါးကိုလည်း သော့ခတ်ပိတ်လိုက်၏။ သူ့အနေဖြင့် စုံထောက်မင်းကြီး ဦးကျော်ဝေထံသို့ စကားဝှက်ဖြင့် သတင်းပို့ရန် စီမံခဲ့၏။ ပထမ ၄င်းသတင်းကို ဦးကျော်ခေါင်ထံပို့ရန် စဉ်းစားမိသေးသည်။ သို့သော် ဦးကျော်ခေါင်ကို သူ့အနေဖြင့် စိတ်မချနိုင်သေးပေ။ မှတ်ကြီးနှင့် ပတ်သက်သော သတင်းများကိုလည်း ရနိုင်သမျှ သူ့ထံသို့ ပို့ပေးရန် တောင်းဆိုခဲ့သည်။

သူ ကြေးနန်းရုံးမှ ပြန်လည်ရောက်ရှိလာချိန်တွင် ထိပ်တင်ငြိမ်း၊ ခင်မောင်ကြီး၊ ဇော်ဝိတ်နှင့် စုနန္ဒာတို့ အောက်ထပ်တွင် ရှိနေကြသည်။ သူတို့အားလုံး ကျယ်ဝန်းသည့် ဧည့်ခန်းထဲတွင် ပိုကာဖဲ ကစားနေကြသည်။

စိုးပိုင်က သူ့အခန်းရှိရာသို့ သူ တိတ်တဆိတ်တက်လာပြီး လုပ်နေကျအတိုင်း စစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။ နောက် ပိုင်း ရက်တွေဆိုလျှင် နားချင်၍ နားရတော့မည်မဟုတ်သဖြင့် အားရပါးရ အိပ်ပစ်လိုက်ရန် စိတ်ကူးပြီး အိပ်ရာဝင်ခဲ့သည်။ အောက်ထပ် ကစားဝိုင်းမှ ဆူဆူညံညံအသံများက သူ့နားထဲသို့ တိုးဝင်လာသည်။ နောက်တော့ သူ မကြာခင် အိပ်ပျော်သွားတော့သည်။

နောက်တော့ သူ ကယောင်ချောက်ချား အိပ်မက်တွေ ဒွတ်မက်နေတော့သည်။ သူနံ့တွေထဲမှာ နစ်နေသည်။ ဒူးဆစ်မှ ပေါင်လယ်၊ ပေါင်လယ်မှခါး၊ ခါးမှ ရင်ညွန့်၊ တဖြည်းဖြည်းနှင့် လည်ပင်းသို့ မြုပ်ဆင်းသွားသည်။ ခပ်လှမ်းလှမ်းမှ မိန်းမပျိုတစ်ဦးက သူ့ကို လှမ်းခေါ်နေသည်။ သူက ရွှံ့နွံထဲမှ ရုန်းထွက်ရန် အတင်းကြိုးစားသည်။ နောက် သူ့လည်မျိုတစ်ခုလုံး တင်းကျပ်တစ်ဆို့လာသည်။ အသက်ရှူ၍ မဝသလို ရူးရူးဝါးဝါးဖြစ်လေသည်။ သူ့နှာခေါင်းထဲမှာ ရွှံ့နံ့တွေ ဝင်လာသလို ခံစားလိုက်ရသည်။ နောက်တော့ သူ လန့်ပြီး အိပ်ရာမှ နိုးခဲ့သည်။

သူ အိပ်ရာမှ နိုးချိန်တွင် သူ့လည်ပင်း၌ ကြိုးစဖြင့် ရစ်၍ တင်းတင်းညှစ်ထားကြောင်း သိရှိလိုက်ရသည်။

သူ ဘာဖြစ်နေတာပါလိမ့်။

သို့သော် သူ စဉ်းစားချိန်မရပါ။ လူးလိမ့်ပြီး ရုန်းကန်လိုက်သည်။ သူ့ကိုယ်ပေါ်တွင် လူတစ်ယောက်ခွစီးပြီး ဖိထားသည်။ ပြီး သူ့လည်ပင်းကို ကြိုးဖြင့် ချည်နှောင်ရစ်ပတ်၍ သည်မျိုညှစ်သတ်နေသည်။ သူ ခွန်အားရှိသမျှ ရုန်းကန်ထွက်







www.burmeseclassic.com

www.burmeseclassic.com



ဖို့ ကြိုးစားကြည့်သည်။ သို့သော် သူ့ကိုယ်ပေါ်က လူက သူ့ ထက် ဗလကောင်း၍ သန်မာထွားကျိုင်းနေသည်။

သူ့မျက်လုံးများ တဖြည်းဖြည်း ရီဝေလာသည်။

နောက် သူကြိုးစားပြီး ခြေထောက်နှစ်ချောင်းကို မြှောက်ကာ ဒူးဖြင့် တိုက်ချလိုက်သည်။ သို့သော် သူ၏ကြိုးစားမှု အားထုတ်မှုမှာ အချည်းနှီးဖြစ်သွားသည်။ တစ်ဖက်လူက မဖြုံ။

သူ့လည်ပင်းမှ ကြိုးကို သူ့လက်ဖြင့် ဆွဲဖယ်ဖို့ ကြိုးစား၍လည်းမရ၊ ကုန်းထ၍လည်းမလှုပ်ယ် ဖြစ်နေသည်။

နောက်တော့ သူ တစ်ဖက်လူ၏ လည်ပင်းကို လှမ်းဆွဲပြီး သူ့မျက်နှာဆီ ဆွဲယူလိုက်သည်။ နောက် ရှိသမျှခွန်အားကို စုစည်း၍ ဗိုက်ကိုချုပ်လျက် ခါးကိုကွေးညွှတ်ကာ ထိုငှ၏နံစောင်းကို ဒူးဖြင့် တိုက်ချလိုက်သည်။ 'အွန့်'ခနဲအသံနှင့် အတူ ကျွမ်းပြန်ကျသွားသည်။ စိုးပိုင်မှာ အသက်ကို ဦးစွာဝအောင်ရှူရသေးသည်။

နောက် သူ ခုတင်ပေါ်မှ လှိမ့်ချလိုက်ရာ လေးဘက် ထောက်ကျသွားသည်။ ထိုလူက ခုတင်ဘေးတစ်ဖက်သို့ ထွက်





ပြေးရန် ကြိုးစားသည်။ ဝရန်တာဖက်သို့ ထွက်ပြေးလိုပုံရသည်။ းပိုင် ထပြီး ပြေးလိုက်သည်။ ပြီးတော့ မည်းမည်းသဏ္ဍာန် ူလူအပေါ် ခုန်အုပ်လိုက်သည်။

နောက် ဗီရိုပေါ်မှ ဝှက်ထားသော ဓားမြှောင်ကိုဆွဲ ူလိုက်ပြီး ထိုလူ၏ လည်ပင်းကို ထောက်ထားလိုက်သည်။

'ကျွန်တော်… ကျွန်တော် လူမှားသွားလို့ပါ ဆပ်'

'တိတ်တိတ်နေစမ်း ခွေးကောင်'

ထိုသူမှာ အနက်ရောင် ဝတ်စုံ ဝတ်ထားသည်။ သူ ည် ခြံစည်းရိုးအုတ်တံတိုင်းကို ကျော်တက်လာပြီး အရိပ် ကောင်းစွာရသည့် သစ်ပင်ကြီးအောက်၌ ခုန်ဆင်းလာခဲ့သည်။ ပြီး ဝရန်တာပေါ်သို့ စက္ကူပန်းချုံထဲမှတစ်ဆင့် နွယ်များကို ွယ်၍ တက်လာခဲ့ပုံရသည်။ သူ စိုးပိုင် အခန်းထဲရောက်အောင် ည်သို့ ရွေးချယ်ခဲ့ပါသနည်း။

စိုးပိုင် သူ့ကိုယ်ပေါ်မှ တစ်လက်မသာသာ ရှည်သော ာ်မျှင်ကလေးတစ်ချောင်းကို ဆတ်ခနဲ ဆွဲဖြုတ်၍ ထိုလူ၏ ားရိုးအောက် လည်ပင်းပေါ်သို့ စိုက်ချလိုက်သည်။ ထိုလူမှာ ှုပ်နိုင် မရှားနိုင်ဖြစ်ပြီး ခြေတွေလက်တွေ တဆတ်ဆတ်



www.burmeseclassic.com

www.burmeseclassic.com



တုန်ကာ ပုံလဲကျသွားသည်။

စိုးပိုင်က သေနတ်ကိုယူပြီး အိပ်ရာပေါ်ထိုင်လိုက်သည်။ ဖိနပ်စီး၍ အဝတ်များ လဲလှယ်လိုက်သည်။ အောက်ထပ်ဖဲဝိုင်းဆီမှ စီခနဲ ညံခနဲ အသံတိတ်ဆိတ်ကုန်ပြီ။ အားလုံး အိပ်ရာဝင်ကုန်ကြပြီ ဖြစ်သည်။ အိပ်ပျော်သူတွေ အိပ်ပျော်သလို အိပ်မပျော်ဘဲ နားစွင့်နေသူလည်း ရှိကောင်းရှိနိုင်သည်။ သို့မဟုတ် သူ့အခန်းတွင်းသို့ ဝင်ရန် စောင့်ဆိုင်းကောင်း စောင့်ဆိုင်းနေလိမ့်မည်။ မျက်လုံးကြီးပြူးထွက်ပြီး လျှာတစ်လစ် ထွက်လျက် သေဆုံးနေသော သူ့ကို မြင်တွေ့ရန် လာသူလည်း ရှိကောင်းရှိလိမ့်မည်။

သူ့အခန်းကို မည်သို့ရွေးချယ်၍ မည်သည့်လမ်းမှ ဝင်ရန်နှင့် မည်သို့ပြန်ထွက်ရမည်ကို လူသတ်သမားအား ညွှန်ကြားထားပြီး ဖြစ်ပေလိမ့်မည်။

စိုးပိုင် တစ်ယောက် ထိုသို့တွေးနေစဉ်မှာပင် သူ့အခန်းတံခါးခေါက်သံကို ကြားလိုက်ရသည်။

'ဘယ်သူလဲ'

စိုးပိုင်က တံခါးနားကပ်ပြီး ခပ်တိုးတိုး ရေရွတ်လိုက်





သည်။

'ကိုစိုးပိုင်၊ ဘာမှမဖြစ်ဘူးနော်'

စုနန္ဒာအသံ ဖြစ်သည်။ အသံက တိုးတိတ်ညင်သာသလောက် စိုးရိမ်သောက ရောက်နေသည့် လေသံအပြည့်ပါနေသည်။

စိုးပိုင် တံခါးဖွင့်ပေးလိုက်သည်။

'လာလေ'

'ရှင့်အခန်းထဲက ရုန်းရင်းဆန်ခတ်သံတွေနဲ့ တီးတိုးသံတွေ ကြားရသလားလို့ပါ'

သူမ အခန်းတွင်းသို့ ဝင်လာသည်။ သူမ ကြမ်းပြင်ပေါ်တွင် လဲကျနေသော လူကို မြင်လိုက်ရသည်။

'အို'

သူမ ပါးစပ်အဟောင်းသားဖြစ်သွားသည်။

'ကျွန်တော့်ဆီကို ဟောဒီက ဧည့်သည် ရောက်လာတယ်၊ ကျေးဇူးပြုပြီး တိုးတိုးပြော ခဲ့ပါ၊ တခြားလူတွေ နိုးသွားမှာ စိုးရတယ်။ သူက ကျွန်တော့်လည်မျိုကို ညှစ်သတ်ဖို့ ကြိုးစားခဲ့တယ်၊ တော်တော်ကောင်းတဲ့ ပိုးကြိုးတစ်ချောင်းပါ



www.burmeseclassic.com

www.burmeseclassic.com



လာတယ်၊ ခုထိ လည်ချောင်းနာနေတုန်း’

‘ကျွန်မဖြင့် နားမလည်နိုင်အောင်ကို ဖြစ်နေပြီ’

‘ကျွန်တော်လည်း နားမလည်နိုင်ဘူး၊ ဒါပေမဲ့ သူ စကားပြောနိုင်လာရင်တော့ သိရမှာပေါ့’

‘ကျွန်မ ရဲကိုဖုန်းဆက်လိုက်ရမလား’

‘မလုပ်နဲ့လေ၊ ဒါဟာ ပုဂ္ဂိုလ်ရေးသက်သက်ပဲလို့ ကျွန်တော် ထင်တယ်’

ထိုလူက ကြမ်းပြင်ပေါ်တွင် တဆတ်ဆတ်ခါနေသည်။

‘ရှင်··· ရှင် သူ့ကို ဘာလုပ်ထားလဲ’

‘အပ်မျှင်ကလေးတစ်ချောင်းပဲ စိုက်ထားတာပါ’

စိုးပိုင်က ဒူးထောက်ထိုင်ပြီး ထိုလူ၏ လည်ပင်းမှ အပ်ကလေးကို ဆွဲနုတ်လိုက်၏။ ပြီးတော့ သူ၏နောက်ဆက်သို့ လက်ညှိုးဖြင့် တစ်ချက်မျှ ထောက်လိုက်သည်။ နောက် နားရင်းကို နှစ်ချက်လောက် ရိုက်နှက်ပစ်လိုက်သည်။

‘ဟော့ကောင်··· ထစမ်း’

‘ကျွန်တော် ထလို့မရဘူးခင်ဗျ၊ ကျွန်တော့်တစ်ကိုယ်လုံး နတ်ပူးသလို တုန်နေတယ်’





စိုးပိုင်က သူ့သေနတ်ဖြင့် ထိုသူ၏နားထင်သို့ တေ့ထောက်သည်။

‘ထစမ်း၊ ရှေ့ကသွား’

ထိုသူက ကြိုးစားပြီးထသည်။ ပြန်လဲသွားမည့်ဟန် ပေါ်နေသည်။ ပြီးမှ ကြိုးစားပြီး ဒယီးဒယိုင် လျှောက်နေသည်။

‘စုနန္ဒာ··· ကျွန်တော်နဲ့ လိုက်ခဲ့ပါ၊ ကားဂိုဒေါင်ထဲကျမှ ကျွန်တော် လုပ်စရာရှိတာ ဆက်လုပ်မယ်’

တရွေ့ရွေ့နှင့် ခြေသံလုံအောင်နင်း၍ ဂိုဒေါင်ဆီသို့ ရောက်လာခဲ့ကြသည်။ လရောင်ထိုးကျနေသော နေရာတွင် ထိုလူလေးဘက်ထောက်ပြီး ထိုင်ချလိုက်သည်။

‘ပြောစမ်း··· မင်းနာမည် ဘယ်သူလဲ’

‘အလီလို့ ခေါ်ပါတယ်’

‘လာပြန်ပြီလား အလီ၊ ဒီနာမည်မျိုးကို လူတိုင်းပေးခဲ့ရတယ် ခွေးတိရစ္ဆာန်ရဲ့’

‘ဟုတ်ပါတယ် အလီပါ၊ အဖေပေးတဲ့နာမည်က အလီပါ၊ မာမွတ်အလီလို့ဆိုရင် ပိုပြည့်စုံပါတယ်’

‘မင်းကို ငါ့ဆီ ဘယ်သူ လွှတ်လိုက်တာလဲ’



www.burmeseclassic.com

www.burmeseclassic.com



'အဲဒါပြောလိုက်ရင် ကျွန်တော့်လျှာဖြတ်ပြီး ခွေးကျွေးပစ်ကြလိမ့်မယ်'

'မင်း လျှာဖြတ်မယ့်သူက ဒီမှာ မရှိဘူး၊ မင်းကို သတ်မယ့် ငါက ဒီမှာရှိတယ် သိရဲ့လား ငတုံးရဲ့'

'ကျွန်တော့်ကို သူတို့ ငွေပေးမယ်ပြောပါတယ်၊ ကျွန်တော် တစ်ပြားတစ်ချပ်မှ မရသေးပါဘူး'

'ငါမေးတာပဲ ပြောပါ၊ မပြောရင် မင်းပါးစပ်ထဲက သွေးတွေ မြေကြီးပေါ်မှာ အိုင်ထွန်းသွားလိမ့်မယ်'

စိုးပိုင်က ပြောပြီး သူ့ရှေ့ ဒူးထောက်ချလိုက်သည်၊ နောက် သူ၏ဆံပင်ကိုဆွဲကာ နောက်သို့လှန်ပြီး မေးရိုးအောက်သို့ သေနတ်ဖြင့် ထောက်ထားလိုက်သည်။

'ပြောစမ်း၊ မင်းကို ငှားခဲ့တဲ့လူက မှတ်ကြီးလား'

'အဲဒီနာမည် ကျွန်တော် မကြားဖူးဘူး'

စိုးပိုင် သေနတ်ပြောင်းဖြင့် ဆောင့်ထိုးရာ ထိုသူက လူးလဲရုန်းရန် ကြိုးစားလိုက်၏။ စိုးပိုင်က လက်သီးဖြင့် ထိုးလိုက်ရာ ထရပ်ကားတစ်စီးနှင့် ထိုလူ ဝင်ဆောင့်မိတော့သည်၊ သူ လဲကျသွားသည်။





'ပြောစမ်း… မင်းကို ဘယ်သူငှားတာလဲ'

'မြောက်ဈေးထိပ်က ကွက်စိပ်ဆရာပါ၊ သူက အဘိုးကြီးဖြစ်နေပါပြီ၊ ဒါပေမဲ့ သူခိုင်းရင် ကျွန်တော် ငြင်းလို့မရဘူး၊ ကျွန်တော့်မှာ မိန်းမ လေးယောက်ရှိတယ်၊ ကျွန်တော် သူတို့ကို ကျွေးနေရပါတယ်၊ ကျွန်တော် မလုပ်ရင် ကျွန်တော့်ကလေးတွေ ငတ်ကုန်မှာပါ ဆပ်'

'မင်း လိမ်နေတာပဲ'

စိုးပိုင်က ငေါက်လိုက်သည်။

နောက် ထိုသူကို ထခိုင်းပြီး ထရပ်ကားတွင် တွဲချည်သားလိုက်သည်။ ခြေထောက်ရော လက်ပါ မလှုပ်နိုင်အောင် ကြိုးများဖြင့် အထပ်ထပ် ရစ်ပတ်ထားခဲ့သည်။

'ရှင် ဘာလုပ်ဦးမလို့လဲ'

စုနန္ဒာက မေးသည်။

'မြောက်ဈေးကို သွားမလို့၊ ဒီအချိန်မှာ အဲဒီရပ်ကွက်ကလူတွေ အိပ်လေ့မရှိသေးဘူး'

'ရဲတိုင်ဖို့ မစဉ်းစားတော့ဘူးလား'

'မလိုပါဘူး၊ ခင်ဗျား ကျွန်တော်နဲ့ လိုက်ခဲ့ပါ၊ ခင်ဗျား



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်မျက်စိအောက်မှာ ရှိနေရင် ကျွန်တော် စိတ်ချတယ်၊ ဒီကိစ္စထဲ ဘယ်သူဝင်စွက်တာမှ ကျွန်တော် မလိုလားဘူး’

‘ကျွန်မ ဘယ်သူ့ကိုမှ မပြောဘဲ ဒီမှာ နေခဲ့ရင်တောင် ရှင်က မယုံဘူးလား’

စိုးပိုင် ခေါင်းကိုခါယမ်းပြလိုက်သည်။

‘ဟင့်အင်း မယုံဘူး’

✣ ✣ ✣



# အခန်း(၁၃)

## ကွက်စိပ်ဆရာပန္နဝ

လူအုပ်စုတွင်းသို့ စိုးပိုင် တိုးဝင်လိုက်သည်။ ဈေးတွင် လူကြီးများ၊ ကလေးအမေများ၊ အပျိုအရွယ်ကလေးများက မတ်တတ်ရပ်ကြည့်နေကြသည်။ အလယ်တွင် ကလေးများ ထိုင်ကြည့်နေသည်။ အောက်လင်းဓာတ်မီးကို တစ်ဖက်တွင် ထွန်းညှိထားပြီး အလယ်တွင် မိန်းမပျိုလေးတစ်ဦးနှင့် အမျိုးသားပုံစံဝတ်ဆင်ထားသော မိန်းကလေးတစ်ဦး ရိုးရာအကတစ်မျိုးကနေကြသည်။ တစ်ဖက်တွင် အိုးစည်များ၊ စည်တိုများနှင့် ကြေးမောင်းများဖြင့် ဖွဲ့စည်းထားသော တီးဝိုင်းလေးရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



အကအဖွဲ့ပြီးသွားသောအခါ ခေါင်းပေါင်းပေါင်းထားသော အဘိုးကြီးတစ်ဦး ထွက်လာသည်။ သူက ခွန်းထောက်ကစ်ပုဒ်ကို မာန်ပါပါဟဲလိုက်ပြီး ဇာတ်ထုပ်ဇာတ်ကြောင်းတစ်ခုကို ပြောပြသည်။

ထို့နောက် လူကြိုက်များလှသော မဟာမြိုင်ဇာတ်ရီဇာတ်လမ်းကို စတင်ဟောတော့သည်။

မဟာမြိုင်မင်းသမီး၏အလှမှာ နာမည်ကြီးလှသည်။ အတိုင်းတိုင်းအပြည်ပြည်၌ ကျော်ကြားလျက်ရှိရာ နိုင်ငံအသီးသီးမှ လက်ဆောင်ပဏ္ဏာများ ဆက်သ၍ သူမကို လက်ထပ်ရန် တောင်းဆိုကြသည်။ သို့သော် မဟာမြိုင်မင်းသမီးက လက်မခံဘဲ လိမ္မာပါးနပ်စွာ ငြင်းပယ်၍ သံတမန်များ ကျေနပ်အောင် ဧည့်ခံပြီး တခြားအဖိုးတန်ပစ္စည်းများကိုသာ လက်ဆောင်ပဏ္ဏာဖြင့် ပြန်လည်ဆက်သခဲ့သည်။

ထိုသတင်းကို စိန့်တိုင်းမှ ဘုရင်တစ်ပါးကြားသောအခါ သတင်းကြားရုံမျှဖြင့် စားမဝင် အိပ်မပျော် ဖြစ်နေသည်။ သို့ဖြင့် မဟာမြိုင်မင်းသမီး အလှကို ရှုစားလိုသဖြင့် သူကိုယ်တိုင် ကုန်သည်ယောင်ဆောင်၍ အဖိုးထိုက်တန်လှသော ရတနာ





များကို ဆက်သကာ ထိုနိုင်ငံတွင် ရက်တစ်ပတ်တိတိ တည်းခိုနေထိုင်ခဲ့သည်။

ထိုသို့ နေထိုင်ရာမှ လပြည့်ညတစ်ညတွင် မဟာမြိုင်မင်းသမီး လသာဆောင်တွင် ထွက်၍ တစ်ဦးတည်း လရောင်ခံသည်ကို တွေ့မြင်ခဲ့ရသဖြင့် မဟာမြိုင်မင်းသမီး၏ အလှကို စွဲလမ်းပြီး မအိပ်နိုင်၊ မစားနိုင်ဖြစ်ကာ တိုင်းပြည်သို့ ပြန်လာခဲ့သည်။

၎င်းနောက် မဟာမြိုင်ဘုရင်မအတွက် အလှပဆုံး၊ အဆန်းကြယ်ဆုံး စိန်သရဖူတစ်ခုကို ပြုလုပ်စေ၍ ပတ္တမြား၊ မြကျောက်များမြုပ်နှံကာ ဆက်သစေ၍ အောင်သွယ်တော်စေလွှတ်ခဲ့သည်။ ၎င်းသရဖူကို လက်ခံရရှိပါက မင်းသမီး သူ့အချစ်ကို ဧကန်မုချပြန်လည် တုံ့ပြန်လိမ့်မည်ဟု စိန့်တိုင်းဘုရင်က ယုံကြည်ခဲ့သည်။ ထိုသရဖူမှာ လောကီဂမ္ဘီရများဖြင့် စီရင်ခဲ့၍ ဤသရဖူကြောင့် မဟာမြိုင်မင်းသမီး သူ့ကို စွဲလမ်းလိမ့်မည်ဟု ဆိုသည်။

သို့သော် ထိုသရဖူမှာ မဟာမြိုင် မင်းသမီးဆီသို့ ရောက်ဘဲ လမ်းခရီးရှိ ရင်ကွဲတောင်အရပ်မှာပင် ဒေသခံလူမျိုး



www.burmeseclassic.com

www.burmeseclassic.com



စုတစ်စု၏ တိုက်ခိုက်လုယက်တာ ခံခဲ့ရသည်။ ထိုသရဖူကို ဒေသခံများက ကျောက်ဖြူတောင်တွင် ထားရှိခဲ့သည်။ စိန့်တိုင်းမှ ဘုရင်က သရဖူကို ပြန်လည်ရယူရန် သူ၏စစ်သည်မိုလ်ပါများအား စေလွှတ်၍ တိုက်ခိုက်စေခဲ့ရာ ကျောက်ဖြူတောင်တွင် လူအများ သေကြေပျက်စီးကြသည်။ ဤသည်ကို မကျေနပ်သော တောစောင့်နတ်မင်းကြီးက ဒေါသတော်လဲ၍ ကျောက်တောင်ကိုဖြို့ခွဲပစ်ရာ ဒေသခံလူမျိုးစုများရော၊ စိန့်တိုင်းမှ ရဲမက်စစ်သည်များပါ အားလုံးသေဆုံး၍ အရိုး တောင်လိုပုံခဲ့သည်။

တောင်စောင့်နတ်မင်း၏ စွမ်းအားကြောင့် တောင်ကြီးမှာ နှစ်ခြမ်းကွဲအက်လျက်ရှိရာ အောက်ခြေတွင် လိုဏ်ဂူသဏ္ဍာန် လမ်းကြောင်းကြီး ဖြစ်ပေါ်လာသည်။ ထို့ကြောင့် ထိုကျောက်ဖြူတောင်ကို ယခုအခါ လူရိုးခေါင်းတစ်ထောင်ဟု ခေါ်တွင်ကြောင်း အကျယ်ချဲ့ပြောကြား၍ ပွဲသိမ်းလိုက်သည်။

ပွဲသိမ်းပြီးသည်နှင့် ကွက်စိပ်ဆရာက ကန့်လန့်ကာနောက်သို့ ဝင်သွားရာ စုနန္ဒာက လက်ညှိုးထိုး၍ 'ဟိုမှာ… ဟိုမှာ'ဟု ပြောသည်။

'ဘာဖြစ်လို့လဲ စုနန္ဒာ'





စိုးပိုင်က မေးလိုက်သည်။

'ကျွန်မ သရဖူအကြောင်း ဒီထက်ပိုပြီး သိချင်သေးတယ်'

'ဒီဇာတ်လမ်းကြီးက ထံတွာတေနေပါပြီကွာ'

'မဟုတ်ဘူး၊ ကျွန်မသိတဲ့အထဲမှာ စစ်သည်တွေပါ တောင်စောင့်နတ်ဖမ်းစားလို့ သေကြေရတယ်ဆိုတာ မပါသေးဘူး'

'ဘာမှမထူးပါဘူးလေ'

'ထူးတာပေါ့ရှင်'

'ထူးမယ်ထင်ရင်လည်း ဆရာစိန်ကို လိုက်မေးကြရအောင်'

စုနန္ဒာက မဝံ့မရဲ ဖြစ်နေသည်။

'ရှင် လိုက်သွားမလို့လား'

'ဟုတ်တယ်လေ၊ သူနဲ့တွေ့ဖို့ လာခဲ့တာပဲ'

'အန္တရာယ်တော့ရှိမယ် ထင်တယ်'

'အန္တရာယ်က ကျွန်တော့်အိပ်ရာထဲထိတောင် ရောက်လာသေးတာပဲ၊ ပရိသတ်ကို ပုံပြင်ပြောသွားတဲ့ အဘိုးကြီး



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ကို ဘာပြောဦးမလဲဆိုတာ သိချင်သေးတယ်'

စိုးပိုင်က စုနန္ဒာ၏လက်ကို ဆွဲပြီး ဆရာစိန်၏ အိမ်ထဲသို့ ဝင်သွားသည်။ စကြံမှ လျှောက်၍သွားလေရာ မီးရောင်က မမှိန်တမှိန် ထွန်းညှိထား၏။ အနှောင့်အယှက် မတွေ့ရဘဲ အိမ်ရှေ့သို့ ရောက်သွားသည်။

'ကြွပါ ခင်ဗျာ ကြွပါ၊ ဒေါက်တာစုနန္ဒာကို ကြိုဆိုပါတယ်'

စုနန္ဒာမှာ ကြက်သီးထသွားသည်။

'ရှင် ကျွန်မကို သိလို့လား'

'ခင်ဗျားဟာ ကျော်ကြားတဲ့ ပုဂ္ဂိုလ်ပါ၊ ကျွန်တော်က သာမန်လူစားပဲ၊ ပြီးတော့ ဟောဒီလူကြီးမင်းကလည်း သူ့လုပ်ရပ်တွေနဲ့ ထပ်တူကျော်ကြားတဲ့သူပေါ့၊ ဒါနဲ့ ခင်ဗျား အလီနဲ့ ကိစ္စပြတ်ခဲ့ပြီ ထင်ပါရဲ့၊ သူ့ကို ကျုပ်နိုင်းမိတာ မှားတာပဲ'

'ခင်ဗျား ဘာဖြစ်လို့ အလီကိုလွှတ်ပြီး အသတ်ခိုင်းရတာလဲ'

'ကျုပ်က လူအိုတစ်ယောက်ပါဗျာ၊ ကဲ··· ကဲ··· အိမ်ထဲကြွကြပါဦး'





ဆရာစိန်က ရှေ့ကဦးဆောင်ပြီး ခေါ်သွားသည်။ နောက်ဧည့်ခန်းမှာ ထိုင်ခိုင်းသည်။

'သရဖူအကြောင်း ရှင်သိထားတာ အကုန်ပဲလား၊ အဲဒီသရဖူကကော အခုထိ ရှိနေတုန်းပဲလား'

'ဒီလိုပြောနေကြတာပါပဲ'

'တွေ့ကော တွေ့နိုင်မလား'

'အဲဒီနေရာက ကျိန်စာသင့်နေတဲ့ နေရာပဲ၊ အဲဒီကို ဒီဒေသကလူတွေ ဘယ်သူမှ မသွားရဲကြဘူး၊ မိန်းမလှတောင်ဟာ ရင်သားပေါ် နေရောင်ကျတဲ့အချိန်မှာ သူ့ဝမ်းဗိုက်ပေါ်က နေကြည့်ရင် နေရောင်ခြည် ထိုးကျတာနဲ့ အဲဒီလိုဏ်ဂူကို မြင်တွေ့နိုင်ပါတယ်'

'ခင်ဗျား ကျုပ်ကို သတ်ဖို့ ဘယ်သူက စေခိုင်းတာလဲ'

'လျှာဖြတ်ခံပြီး သေရမယ့် ကိစ္စမျိုး ဘယ်သူက အသေခံချင်မှာလဲဗျာ'

'ခင်ဗျား လျှာကိုအလုပ်လုပ်လာအောင် ကျုပ် ဘယ်လောက်ပေးရမလဲ'

'ငါးထောင်'



www.burmeseclassic.com

www.burmeseclassic.com



'ကျုပ် မပေးနိုင်ဘူး'

ဆရာစိန်က စိုးပိုင်၏ ပခုံးပေါ်မှ မော်ကြည့်သည်။

'ကျုပ် ဒီ့ထက်ပိုပြီး အချိန်မပေးနိုင်တော့ဘူး'

ဆရာစိန်က လက်ခုပ်တီးလိုက်သည်။ စိုးပိုင် နောက်လှည့်ကြည့်လိုက်သောအခါ အခန်းထဲသို့ဝင်လာသော လက်နက်ကိုယ်စီဖြင့် လူသုံးယောက်။

စိုးပိုင်က ရုတ်တရက် ထ၍ ဆရာစိန်ထံသို့ ခုန်အုပ်ပြီး ဆရာစိန်၏ လည်မျိုကို တံတောင်ဖြင့် ညှစ်ထားလိုက်သည်။ ပြီး ဆရာစိန်ကို ရှေ့မှထားပြီး အကာအကွယ် ယူလိုက်သည်။ ရုတ်တရက် သူ့လူများ ရှေ့မတိုးကြတော့။ စုနန္ဒာက သူ့နဲ့ အလှမ်းကွာနေသည်။ စုနန္ဒာက ငေးပြီး ကြောင်ကြည့်နေသည်။ ထိုစဉ် လူဝကြီးက စုနန္ဒာကို ဆွဲပြီး နောက်မှ ထိန်းချုပ်ကာ လည်ပင်းရှေ့သို့ ဓားဖြင့်ချိန်ရွယ်ထားသည်။

'ကျုပ် ဒီအမျိုးသမီးကို သတ်လိုက်ရမလား'

စိုးပိုင်က အဘိုးအို၏ လည်မျိုကို ညှစ်ချလိုက်သည်။

'ကျုပ် သေဖို့အဆင်သင့်ပါပဲဗျာ'

'အမျိုးသမီးကို လွှတ်လိုက်ဖို့ ပြောလိုက်စမ်း'





'မပြောနိုင်ပါဘူး၊ ခင်ဗျား ကျုပ်ကိုသတ်ရင် သူတို့လည်း မိန်းကလေးကို သတ်မှာပေါ့၊ ခင်ဗျားလိုလူမျိုးက မိန်းမသားတွေအပေါ် သနားတတ်တယ်ဆိုတာ ကျုပ် သိပါတယ်'

စိုးပိုင်က ဆရာစိန်ကို လွှတ်ပေးလိုက်သည်။ ဆရာစိန်က ခုန်ထွက်၍ပြေးသွားသည်။ လူဝကြီးက စုနန္ဒာကို ဆရာစိန်ဆီ တွန်းပို့လိုက်သည်။ ထိုအချိန်မှာပင် စိုးပိုင်၏ နောက်စေ့၌ ပုခနဲ ဖြစ်သွားပြီး လောကကြီးကို မေ့သွားလေတော့သည်။

သူ သတိရလာချိန်တွင် အမှောင်ထုကိုပဲမြင်ရသည်။ သူမျက်စိကို အားယူပြီး ကျင့်သားရအောင် လုပ်ယူရသည်။ အနီးမှ ရှိုက်သံသဲ့သဲ့ ကြားရသည်။ သူလဲကျနေရာမှ လူးလဲထပြီး မီးခြစ်ဖြင့် ခြစ်ကြည့်လိုက်သည်။

'ရှင်… ရှင် မသေဘူးနော်'

စုနန္ဒာ၏အသံ ကြားရသည်။

'ကျွန်မ ဝမ်းသာလိုက်တာကွယ်'

စုနန္ဒာက သူ့ပခုံးကို လာကိုင်ပြီး ဆုပ်ထားသည်။

'ခင်ဗျား ဘာမှမဖြစ်ဘူးနော်'

'ဟုတ်ကဲ့'



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော် မေ့နေတာ ဘယ်လောက်ကြာသွားပြီလဲ'

'မပြောတတ်ဘူး၊ တစ်နာရီလောက်တော့ ရှိလိမ့်မယ် ထင်တယ်'

စိုးပိုင်က ကြိုးစား၍ အားယူထပြီး အခန်းအနေအထားကို မီးခြစ်ဖြင့်ခြစ်ပြီး စူးစမ်းလေ့လာသည်။ မြေကြီးပေါ်တွင် စိုစွတ်ပြီး ပျော့စိစိဖြစ်နေသည်ကို စိုးပိုင် သတိထားမိသည်။

ထိုစဉ် တံခါးကို အပြင်ဘက်မှ သော့ဖွင့်သံကြားရသည်။ စိုးပိုင်က တစ်ဖက်ဘေး ကပ်နေလိုက်သည်။ နောက် တံခါးဖွင့်ပြီး ဝင်လာသည့် လူတစ်ယောက်အသံ ကြားရသည်။ ပြီးတော့ သေးငယ်စူးရှသော လက်နှိပ်ဓာတ်မီးရောင်က အခန်းတွင်း၌ ဟိုဟိုသည်သည် ရွေ့လျားနေသည်။ လက်နှိပ်ဓာတ်မီး ကိုင်ထားသူ၏ လည်ကုပ်ပေါ်သို့ မှန်းဆပြီး လက်ဝါးစောင်းဖြင့် ခုတ်ချလိုက်သည်။

ကရာတေးလက်ဝါးစောင်းကြောင့် ထိုလူမှောက်သွားရာ စိုးပိုင်က မီးလင်းလျက် လိမ့်သွားသော လက်နှိပ်ဓာတ်မီး အလင်းရောင်မှ လျှပ်တစ်ပြက် မြင်လိုက်ရသည့် အဘိုးအို ဆရာစိန်ကိုယ်ပေါ်သို့ ခုန်အုပ်ကာ မြေပေါ်သို့ လှဲသိပ်လိုက်





သည်။ ထို့နောက် ခေါင်းကိုဆွဲပြီး မြေကြီးဖြင့် တစ်ချက်ပြီး တစ်ချက် ဆောင့်လိုက်သည်။

'သူ့ကို သတ်ပစ်လောက်အောင်လုပ်ဖို့ အချိန်မကျသေးပါဘူး ကိုစိုးပိုင်'

စိုးပိုင်က အောက်ကျနေသော သေနတ်ကို စမ်းမိသဖြင့် ဆွဲယူပြီး အသံလာရာဆီသို့ ထိုးချိန်လိုက်သည်။

'ကျုပ် ခင်ဗျားကို ကယ်တင်ဖို့ ရောက်လာတာပါ'

တရုတ်ကြီးပေါက်စက ပြောသည်။

'ဒါပေမဲ့ ခင်ဗျားတို့ မရောက်ခင် ကျုပ်ကိစ္စ ကျုပ်ရှင်းပြီးပြီလေ'

'ဟုတ်ပါတယ်၊ ဒါပေမဲ့ ဒီဥမင်ထဲက ထွက်ဖို့ကိုတော့ ကျုပ်တို့ လမ်းပြပေးဖို့ လိုလိမ့်မယ်'

ထို့နောက် သူတို့နှစ်ယောက်အား ကွေ့ကွေ့ကောက်ကောက်လမ်းအတိုင်း ခေါ်လာခဲ့သည်။

'ခင်ဗျား ကျွန်တော့်ကို ဘူမိဗေဒပညာရှင်ကြီး ဦးဇော်မှိုင်းကို စုံစမ်းခိုင်းထားတယ် မဟုတ်လား'

'အင်းလေ'



www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်ဟာ အခု သူ့ဆီ လိုက်ပို့မယ့်သူကို ပန္နဝတို့ လူစုက ပြီးခဲ့လထဲက ဖမ်းထားခဲ့တယ်၊ ကျုပ်လည်း တတ်နိုင်သလောက် စုံစမ်းတာပါပဲ၊ သတင်းရရချင်း လိုက်လာခဲ့တာ ကျုပ်နဲ့မတွေ့ခင် တစ်နာရီလောက်ကမှ သူ သေဆုံးခဲ့တယ်'

'မြေပုံကတော့ရော'

'မြေပုံကတော့ သူတို့ထဲက တစ်ယောက်ယောက်ရ သွားပြီထင်တာပဲ'

မြေအောက်လမ်းတစ်ခုတွင် ပါမောက္ခကြီး သေဆုံးနေပုံကို ရုပ်ပျက်ဆင်းပျက် တွေ့လိုက်ရသည်။

'အဲဒါ ဦးဇော်မှိုင်းကော ဟုတ်ရဲ့လားဗျာ'

စိုးပိုင်က မရဲ့မရဲ မေးသည်။

'ဟုတ်ပါတယ်၊ အဲဒါ ဆရာကြီး ဦးဇော်မှိုင်းပါ'

စုနန္ဒာက ထိုသို့ပြောပြီး တဟင့်ဟင့်ဖြင့် ငိုရှိုက်လေတော့သည်။

✣ ✣ ✣



# အခန်း(၁၄)

## ခရီးလမ်း၏မူလအစ

တည်းခိုအိမ်ရာသို့ ရောက်သည်နှင့် စိုးပိုင်က သူလည်း ...င်းအား ညှစ်သတ်ရန် ကြိုးစားသူ အလီကို ဖမ်းဆီးတုပ် ...နှောင်ထားရာ ကားဂိုဒေါင်ထဲသို့သွားကြည့်လိုက်သည်။ အလီ ...မှ မရှိတော့။ ကြိုးများကို ဓားဖြင့်ဖြတ်ထားကြောင်း တွေ့ရှိ ...ရသည်။

သူက ဦးမင်းနိုင်အား အဖြစ်အပျက်အားလုံးကို ရှင်း ...ပြလိုက်သည်။ ရှေးဟောင်းပစ္စည်းဆိုင်မှ လူတစ်ယောက်အသတ် ...ခံရကြောင်း သတင်းကို ဦးမင်းနိုင်က ပြောပြသည်။ ဦးဇော်



www.burmeseclassic.com

www.burmeseclassic.com



မှိုင်းသေဆုံးပုံနှင့် မြေပုံပျောက်ဆုံးခြင်းအပေါ် စိုးပိုင် သံသယရှိနေသည်။ သူတို့ခရီးတွင် လိုက်ပါမည့်သူ တစ်ဦးဦးလက်ထဲတွင် မြေပုံရှိနေနိုင်သည်။

'ဘာပဲဖြစ်ဖြစ် အခြေအနေက ရုတ်တရက် ပြောင်းလဲနေတယ်ဆိုတော့ ရှင့်မှာ တခြားကိစ္စမရှိတော့ရင် ကျွန်မတော့ မနက်ဖြန်ပဲ ခရီးထွက်ချင်တယ်'

ဟု ထိပ်တင်ငြိမ်းက ပြောသည်။

'ကျုပ်တို့အားလုံး အချိန်နည်းနည်းစီလောက် အိပ်ချိန်ရသေးတယ်၊ အိပ်လိုက်ကြရအောင်၊ ဒါမှ ခရီးထွက်ရင် အပင်ပန်းခံနိုင်မှာ'

နောက် သူတို့အားလုံး အိပ်ရာဝင်ခဲ့ကြသည်။

စိုးပိုင်ကတော့ တစ်နေကုန် ပင်ပန်းလာသဖြင့် ရုတ်တရက် မအိပ်သေးဘဲ ရေမိုးချိုးလိုက်သည်။ သူ ရေမိုးချိုးပြီး အခန်းထဲ ပြန်ရောက်လာချိန်တွင် စုနန္ဒာတစ်ယောက် သူ့အခန်းဝမှ ဆီးကြိုနေသည်။

'ကျွန်မ အိပ်လို့မရဘူး၊ ဦးဇော်မှိုင်း သေနေပုံကို မြင်ပြီးကတည်းက သူ့ပုံရိပ်ကို မျက်စိထဲက မထွက်ဘူး'





စိုးပိုင်က စုနန္ဒာ၏ ပခုံးကလေးကို ဖက်ပြီး နှစ်သိမ့်လိုက်သည်။

'ကျွန်မ သိပ်ကြောက်တာပဲ ကိုစိုးပိုင်'

စိုးပိုင်က သူမကို ရင်ခွင်ထဲဆွဲသွင်းပြီး နဖူးဆံစကလေးကို နမ်းရှုံ့လိုက်သည်။

နောက်တစ်နေ့ ဝေလီဝေလင်းမှာပင် သူတို့စတင်ခရီးထွက်ခဲ့ကြသည်။

တောင်ဆင်းများ၊ တောင်တက်များ၊ ကွင်းပြင်များ၊ တောင်ကြားလွင်ပြင်များ၊ ချောင်းများ၊ အိုင်များကိုဖြတ်၍ ခရီးနှင်ခဲ့ကြရသည်။ တောင်တက်အဖွဲ့ဝင် နှစ်ဆယ့်လေးဦးက ကားဘစ်စီးဖြင့် လိုက်ပါလာကြသည်။ ထိပ်တင်ငြိမ်း၊ ခင်မောင်ကြီးနှင့် စုနန္ဒာတို့ ပါသော ဂျစ်ကားတွင် စိုးပိုင် လိုက်ပါခဲ့သည်။ ရိက္ခာများ၊ ပစ္စည်းကိရိယာများကိုတော့ ထရပ်ကားဖြင့် သယ်သွားခဲ့ကြသည်။ တချို့နေရာတွင် လူတွေကဆင်း၍ လမ်းလျှောက်ကြရပြီး လားချည်းသက်သက် မနည်းမောင်းလာခဲ့ရသည်။

မွန်းမတည့်မီမှာပင် သူတို့သွားသည့် ခရီးလမ်းမှာ ကြမ်းသည်ထက်ကြမ်းလာသည်။ ချိုင့်ခွမ်းများ၊ ခလုတ်ကန်



www.burmeseclassic.com

www.burmeseclassic.com



သင်းများ ထူထပ်လာသည်။ မော်တော်ကားများမှာ ဘီးလိမ့်ရုံမျှသာ လိမ့်၍သွားနေရသည်။ အင်ဂျင်စက်သံများမှာ အနီးရှိချောက်ကမ်းပါးယံကြီးများမှတစ်ဆင့် ပဲ့တင်သံများ ဆူညံနေတော့သည်။

တောတွင်တွေ့ရသော ရွာငယ်ကလေးတစ်ခုသို့ ရောက်လျှင် ခဏနား၍ နေ့လယ်စာ စားရန်နားကြသည်။

ဤမျှမြင့်မားသော တောင်ပေါ်ဒေသတွင် အလွယ်တကူ မီးတောက်စေရန် ဓာတ်ဆီလေမီးဖိုများကို အသုံးပြု၍ချက်ပြုတ်ရသည်။ မိုးနှင့် ဆီးနှင်းများကြောင့် တောတစ်တောလုံး စိုစွတ်လျက်ရှိသည်။ တောင်တန်းပတ်လည်တွင် မိုးကောင်းကင်သို့ တိုးထွက်နေသော တောင်တန်းပြာကြီးများ ကာဆီးနေသည်။ တောင်တန်းနှစ်သွယ်ကြားတွင် ရေအိုင်ရှည်ရှည်မျောမျောကလေး ရှိသည်။

တောင်ကြားလွန်လျှင် မြေပြင်မှာ တဖြည်းဖြည်းကျဉ်းမြောင်း၍ မြင့်တက်သွားသည်။

'အဲ·· ဟိုက မြင်ရတာ မဟာမြိုင်သရဖူဆိုတာပေါ့၊ ကျောက်ဖြူတောင်ထိပ်လေ'



ထိပ်တင်ငြိမ်းက လက်ညှိုးညွှန်ပြသည်။

တိမ်စိုင် တိမ်ခဲများကို ထိုးဖောက်လျက် တောင်နှစ်သုံးက မိုးကောင်းကင်သို့ ထိုးတက်နေသည်။

ကျောက်သား ပကတိထင်မှတ်ရသော ဧရာမတောင်ထွတ်နှစ်လုံးသည် ခံ့ညားထည်ဝါ၍ ရှုချင်စဖွယ် တင့်တယ်သွန်းလှသည်။ ဆီးနှင်းခဲများ ထာဝစဉ် ဖုံးလွှမ်းနေ၍ ဦးထုပ်ဖြူ ဆောင်းပေးသလို ရှိသည်။

'ခင်ဦးဆွေကိစ္စကို ကျွန်တော်ဖြင့် မေ့လို့မရနိုင်ဘူးဖြစ်နေတယ်ဗျာ'

စိုးပိုင်က ထိပ်တင်ငြိမ်းအနားသွားပြီး ပြောလိုက်သည်။

'ကျွန်မလည်း ဒီလိုပါပဲ၊ တကယ်တော့ ဒါတွေအားလုံးဟာ ကျွန်မအပြစ်တွေချည်းပါပဲ'

'အဲဒီကိစ္စဖြစ်တုန်းက ခင်ဗျား တော်တော်ကို စိတ်ခိုင်တာပဲနော်'

စိုးပိုင်က အကဲခတ်ရင်း မေးလိုက်သည်။

'ကျွန်မ သာမန်လူတစ်ယောက်လည်း ဖြစ်ချင်တယ်၊ ဒါပေမယ့် တာဝန်ကကြီးနေတော့ အလေ့အထလိုဖြစ်နေတာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့ရှင်၊ တည်ငြိမ်လို့တော့ မဟုတ်ပါဘူး'

'မန္တလေးသွားတုန်းက အဲဒီညနေခင်းတစ်ခုလုံး ခင်မောင်ကြီး ခင်ဗျားအနားမှာ ရှိနေသလား'

'ရှင် ကျွန်မကို ဒီလိုမေးတာ ဘယ်ကောင်းမလဲ'

'ခင်ဗျားက သူ့ကို သိပ်ချစ်တာကိုး၊ ချစ်တာနဲ့ပဲ သူ့ကို အကာအကွယ်ပေးသင့်တယ်လို့ မြင်တော့မှာပေါ့'

'ပြီးတော့ တောင်ကြီးမှာတုန်းကရော၊ မနေ့ကတစ်နေ့လုံး သူ ခင်ဗျားအနားမှာရှိခဲ့သလား'

'ဟင့်အင်း... သူ တစ်နေ့လုံး မရှိဘူး၊ ဒါကြောင့် စိတ်တိုနေတာ'

'သူ ဘယ်သွားတာလဲ'

'ဟင့်အင်း... ကျွန်မ မသိဘူး၊ သူ တစ်ရေးအိပ်ဦးမယ် ပြောပြီး အခန်းထဲဝင်သွားတယ်၊ တစ်နာရီလောက်ကြာတော့ ကျွန်မ သွားကြည့်တဲ့အခါ သူမရှိတော့ဘူး၊ ကျွန်မကို ချုပ်ချယ်တယ်လို့ သူထင်မှာ ကျွန်မ အစိုးရိမ်ဆုံးပဲ၊ ကျွန်မပိုင်တဲ့ ငွေတွေက သူ့ကို အရာရာ လွတ်လပ်ခွင့်ရအောင် လုပ်ပေးလိမ့်မယ်ဆိုတာပဲ သူ သိစေချင်တယ်'





ထိုစဉ် ခင်မောင်ကြီးတစ်ယောက် တောတန်းဆီမှ လျှောက်လာနေသည်။

'ငြိမ်းရေ... မင်း ဒီလို ဟိုဟိုသည်သည် လျှောက်သွားနေဖို့ မကောင်းဘူးနော်၊ ကိုစိုးပိုင်က မင်းကို စောင့်ရှောက်ရမယ့်တာဝန်ရှိတာတော့ မှန်ပါတယ်၊ ဒါပေမဲ့ ဒီတာဝန်က ကိုယ့်အတွက်ရှိတယ်ဆိုရင် ပိုပြီး သဘာဝကျပါတယ်'

သူ့မျက်နှာက ပြုံးနေသော်လည်း သူ့ရင်ထဲမှာ ကျေနပ်မှုမရှိကြောင်း စိုးပိုင် အကဲခတ်မိသည်။

'ကိုစိုးပိုင်ရေ၊ ဟောဟိုမှာ ဒေသခံလူမျိုးစုတွေ ကျုပ်တို့ခရီးကို ကူညီဖို့ဆိုပြီး ဟိုဘက်တောင်ကြားလမ်းကနေ လာနေကြပြီ'

ဦးမင်းနိုင်သည် အသံက ခါတိုင်းလိုပျော့ပျော့ပျောင်းပျောင်း မဟုတ်တော့။

'သူတို့က ကျုပ်တို့ကို မိတ်ဆွေအဖြစ် ကူညီမယ်ဆိုတာ ခင်ဗျားယုံသလား'

'မယုံရေးချ မယုံပေါ့ကွာ'

'သူတို့လူတွေက တစ်ရာလောက်ရှိတယ်၊ ကျွန်တော်တို့

www.burmeseclassic.com

www.burmeseclassic.com



လူက သုံးဆယ်လောက်ပဲရှိတာ၊ သူတို့ နှစ်ယောက်ထားပြီး သွားဖို့လည်း ကျွန်တော် စိတ်မချဘူး။ ငြင်းပယ်လိုက်ရင်လည်း ဒီဒေသကို ဖြတ်သွားခွင့်ပြုမှာ မဟုတ်ဘူး'

'ရပါတယ်ကွာ၊ တခြားဒေသက တောင်ကိုပတ်ပြီး သွားပါ့မယ်လို့ သူတို့ ကျေနပ်အောင်ပြောပြလိုက်ပါ့မယ်'

ဦးမင်းနိုင်က ရှေ့သို့ထွက်သွားပြီး လူမျိုးစုခေါင်းဆောင်ဖြင့် အချိန်အတန်ကြာ ဆွေးနွေးလျက်ရှိ၏။ တော်တော်ကြာမှ လူမျိုးစုခေါင်းဆောင်မှာ သူ့လူများဖက်လှည့်ပြီး ပြန်ကြရန် အမိန့်ပေးလိုက်သည်။

'ခုချိန်ကစပြီး လက်ဖြောင့်တပ်သားတွေအနေနဲ့ သတိရှိရှိနေကြဟေ့'

ဦးမင်းနိုင်က တည်ငြိမ်စွာဖြင့် သူ့လူများကို အမိန့်ပေးလိုက်သည်။

✣ ✣ ✣



# အခန်း(၁၅)

## စခန်းတစ်ထောက်

ထို့နောက် ဆက်၍ခရီးထွက်ခဲ့ရာ ရေအိုင်ကြီးတစ်အိုင်အနီးတွင် ညနေစောင်းသွားပြီဖြစ်၍ စခန်းချနားနေဖို့ ဆုံးဖြတ်လိုက်ကြသည်။ ထို့နောက် ရိက္ခာအတွက် ချက်ပြုတ်ကြသည်။ ...ညင်ဆီဖြင့် မီးတိုင်များထွန်းညှိထားပြီး ရွက်ဖျင်တဲများထိုးကြသည်။ မကြာမီ ထွက်လာသည့် လရောင်ဖြင့် တောင်တန်း...များကို အထင်းသားမြင်နေရသည်။

'ကျွန်တော်တို့ထဲက တစ်ယောက်ယောက်သီမှာ မြေပုံ...နေရမယ်လို့ ခင်ဗျား သံသယရှိနေတုန်းပဲလား'



www.burmeseclassic.com

www.burmeseclassic.com



ဦးမင်းနိုင်က လရောင်အောက်တွင် လမ်းလျှောက်ရင်း စိုးပိုင်ကို မေးသည်။

'ဒါ သေချာပါတယ်ဗျာ၊ မကြာခင် အဖြေသိရတော့မှာပါ၊ ကျွန်တော်တို့ စခန်းကို ကြားဖြတ်အတိုက်မခံရဘူးဆိုရင်ပေါ့လေ၊ ခုလောလောဆယ်တောင် ဟောဟိုတောင်ပေါ်က စောင့်ကြည့်နေတဲ့လူတွေ ရှိနေလိမ့်မယ်၊ အဲဒီ တောင်ပေါ်က လက်ခနဲလက်ခနဲ ကျွန်တော် မြင်တွေ့လိုက်ရတယ်၊ သေနတ်ပြောင်းရဲ့ လရောင်ထိုးတာပဲ'

ဦးမင်းနိုင်က အံ့သြသွားပုံရသည်။

'ဟုတ်လိမ့်မယ်၊ ဒါဆိုရင် ကျုပ်တို့လုံခြုံမှုအတွက် ညတွင်းချင်း စခန်းပြောင်းမှ ဖြစ်မယ်ထင်တယ်'

'ဟုတ်တယ်၊ ပြောင်းရလိမ့်မယ်၊ ဒါပေမဲ့ သတိတော့ ကြီးကြီးထားရလိမ့်မယ်'

သူတို့စခန်း ရုတ်ခြည်းပင် တိတ်တဆိတ်ရုပ်သိမ်းရန် အမိန့်ပေးလိုက်သည်။ နေမထွက်မီ ခြောက်နာရီမျှ ခရီးထွက်လျှင် သိပ်မဆိုးလှ။ ညဆယ်နာရီအချိန်တွင် လူတိုင်းအိပ်ပျော်နေကြသည်။ စိုးပိုင်က ရွက်ဖျင်တဲထဲဝင်ပြီး ခဏမျှ လဲလျောင်း





လိုက်သည်။ ထို့နောက် အိပ်မရသဖြင့် ခင်မောင်ကြီးရှိရာ ရွက်ဖျင်တဲဆီသို့ သွား၍ အကဲခတ်ကြည့်သည်။ ခင်မောင်ကြီးမှာ စောင်ခြုံ၍ အိပ်မောကျနေလေပြီ။

စိုးပိုင်က ခြေဖျားထောက်၍ ဝင်သွားပြီး ခင်မောင်ကြီး၏ ကျောပိုးအိတ်ကို ဖြည်၍ ရှာဖွေလိုက်သည်။ ရိက္ခာ၊ အောက်ဆီဂျင် မျက်နှာဖုံးတစ်ခုနှင့် အောက်ဆီဂျင်ဘူးနှစ်လုံး၊ လမ်းပြ အိမ်မြှောင်နှင့် ဓာတ်မီးတစ်လက် တွေ့ရသည်။ ထရန်စစ္စတာ ရေဒီယိုတစ်လုံးလည်း ပါသည်။ ပြီးတော့ စာအိတ်ကြီးတစ်အိတ်။

စိုးပိုင်က စာအိတ်ကြီးကိုဖွင့်၍ ရှာဖွေလိုက်သည်။ ထိပ်ဘင်ငြိမ်း၏ စာနှစ်စောင် တွေ့ရသည်။

'ခင်ဗျား တော်တော်ခိုးကြောင်ခိုးဝှက်နိုင်တဲ့လူပဲ'

ရုတ်တရက် ခင်မောင်ကြီး ရောက်လာသည်။ သူဘာကယ် အိပ်ပျော်နေခြင်းမဟုတ်။ အိပ်ရာပေါ်တွင် လူတစ်ယောက် အိပ်ပျော်နေပုံပြုလုပ်၍ စောင်ခြုံပေးထားခြင်းဖြစ်သည်။

'ဘာများ ထူးခြားတာတွေ့ရလို့လဲ'

စိုးပိုင်က ခေါင်းခါသည်။



www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျား ကျုပ်အပေါ်မှာ သံသယရှိနေတာ ကျုပ်သိပါတယ်၊ လုံးဝ အခြေအမြစ်မရှိတဲ့ကိစ္စပဲ'

'ဒီကိစ္စနောက်တော့ ရှင်းသွားမှာပါ၊ ခင်ဗျားကိုယ်တိုင် အလိုလို ပွင့်ချင်လည်း ပွင့်လာမှာပေါ့'

'ခင်ဗျားရော၊ ကျွန်တော်ပါ ခရီးတူသွားတဲ့လူချင်းပဲ၊ ရန်သူတွေ မဖြစ်သင့်ပါဘူး၊ ခင်ဗျား ထင်ရာမြင်ရာတွေ ပြောထားလို့ ငြိမ်းက ကျွန်တော့်ကို စိတ်ဆိုးနေတယ်'

'ခင်ဗျား ဦးဇော်မှိုင်းရဲ့ မြေပုံ ဘာလုပ်ပစ်လိုက်ပြီလဲ'

'အဲဒီမြေပုံ ကျုပ်အိတ်ထဲမှာ ရှိနေလိမ့်မယ်လို့ ခင်ဗျား ထင်နေခဲ့တယ်မို့လား၊ ခင်ဗျား တော်တော်ရူးတဲ့လူပဲ'

စိုးပိုင်ဘာမှ ဆက်မပြောတော့ဘဲ လက်လျှော့ပြီး ထွက်လာခဲ့သည်။ စိုးပိုင်စိတ်ထဲမှာ ကျေနပ်မှုမရှိသေး၊ ထရပ်ကားနောက်မြီးသို့သွား၍ စုနန္ဒာ၏ ခရီးဆောင်အိတ်ကို ဆွဲယူဖွင့်ကြည့်လိုက်သည်။ ကြိုးကိုဖြည်ရုံ ဖြည်ရသေးသည်။ အနှောင့်အယှက်ရောက်လာသည်။ တခြားသူမဟုတ်၊ ထိပ်တင်ငြိမ်းကိုယ်တိုင်ပင်ဖြစ်သည်။

'ကျွန်မ ရှင့်ကိုချောင်းကြည့်နေတာ ကိုစိုးပိုင်'





ညတွင်းချင်း ဆက်လက်ချီတက်မည့် ခရီးစဉ်အတွက် သူမ အဝတ်အစား အသင့်ပြင်ဆင် ဝတ်ဆင်ပြီးနောက် အားကစားဘောင်းဘီရှည်နှင့် ရှူးဖိနပ်အပြင် ဂျာကင်အင်္ကျီကိုပါ ဝတ်ထားသည်။ သူမဆံပင်ကို အပြာရောင်ဖဲကြိုးသေးသေးဖြင့် ချည်နှောင်ထားသည်။

'စုနန္ဒာရဲ့ ပစ္စည်းတွေကို ရှင်က ဘာလုပ်ဦးမလို့လဲ'

'ဦးဇော်မှိုင်းရဲ့ မြေပုံရှာမလို့'

စိုးပိုင်က ပြတ်ပြတ်သားသား ပြောလိုက်သည်။

'စုနန္ဒာဆီမှာ ရှိလား မရှိလားတော့ ဘယ်သိမလဲ၊ ဘယ်မှာရှိတယ်ဆိုတာတော့ ခင်မောင်ကြီးက ပိုသိပါလိမ့်မယ်'

'ဩော်... ရှင်က ကျွန်မနဲ့ စေ့စပ်ထားတဲ့လူကို သူလျှိုလူသတ်မှုနဲ့ စွပ်စွဲနေတာပေါ့'

'ဟုတ်တယ်'

သူက ယတိပြတ် ပြောပစ်လိုက်သည်။ သူမမျက်နှာ ဖြူရော် ဖြစ်သွားသည်။

'ခင်ဗျားကိုရော မြေပုံလိုဟာမျိုး ခင်မောင်ကြီးဆီက ...ထားဖူးတာ မရှိဘူးလား'



www.burmeseclassic.com

www.burmeseclassic.com



'မြေပုံလား ဘာလားတော့ မသိဘူး၊ စာအိတ်ရှည်တစ်လုံးကိုတော့ အပ်ထားဖူးတယ်၊ ကျွန်မလည်း ရှင်က သူ့အပေါ် သံသယရှိတဲ့ စကားတွေ ပြောခဲ့တာနဲ့ အဲဒါတွေအားလုံ သူ့ကို ပြန်ပေးဖို့ စုနန္ဒာကို ပြောပြီးထားခဲ့တယ်'

'အဲဒါတွေ ခုဘယ်မှာလဲ'

'အဲဒီထဲမှာရှိမှာပေါ့'

သူမက စုနန္ဒာ၏ ကျောပိုးအိတ်ကို မေးငေါ့ပြသည်။ စိုးပိုင်က စုနန္ဒာ၏ အိတ်ကိုဆက်၍ ဖြည်မည်ပြုသည်။ ထိုစဉ်မှာပင် အနှောင့်အယှက် တစ်ခုက ထပ်မံပေါ်ပေါက်လာပြန်သည်။

'စုနန္ဒာနဲ့ ပတ်သက်သမျှ ပစ္စည်းတွေ ခင်ဗျား လုံးဝကိုင်မကြည့်ပါနဲ့'

ဖော်ဝိတ်က ကြီးမားသော ခန္ဓာကိုယ်ကြီးဖြင့် သူ့ရှေ့ရောက်လာသည်။

'ကျုပ်က ခင်ဗျားအိပ်ပြီ အောက်မေ့နေတာ'

'စုနန္ဒာရဲ့ အန္တရာယ်နဲ့ ပတ်သက်လာရင် ကျုပ်အိပ်လေ့အိပ်ထမရှိဘူး၊ ပြီးတော့ ခင်ဗျားအတွက်လည်း အန္တရာယ်ရှိတယ်'





'ဘာလဲ ခင်ဗျားပေးမယ့် အန္တရာယ်လား'

ဖော်ဝိတ်က တက်တစ်ချက် ခေါက်လိုက်သည်။

'ခင်ဗျား ကျုပ်ဆီက တစ်စုံတစ်ခုကို ယူသွားသလို ကျုပ် ခံစားနေရတယ်၊ ဘာပဲဖြစ်ဖြစ်ပေါ့လေ၊ ကျုပ်တို့နှစ်ယောက် ဘယ်သူက ကျောက်ဖြူတောင်ပေါ်က အသက်ရှင်ချက် ပြန်ဆင်းလာနိုင်မယ်ဆိုတာ ကြည့်ကြသေးတာပေါ့'

ထိုအချိန်မှာပင် ဦးမင်းနိုင်က ရောက်ရှိလာသည်။ သူက ခရီးစတင်ထွက်ခွာဖို့ အမိန့်ပေးလိုက်သည်။

စိုးပိုင်က ဦးမင်းနိုင်နှင့်အတူ လျှောက်လာရင်း အဖြစ်အပျက်ကို ပြောပြလိုက်သည်။

'ဘာဖြစ်လို့ လောနေရတာလဲ ကိုစိုးပိုင်၊ ဒီမြေပုံ ဒီလူတွေထဲမှာ ရှိနေလည်း ကျုပ်တို့နဲ့ အတူတူလိုက်လာကြမယ့်သူတွေပဲ မဟုတ်လား၊ သူတို့ လှုပ်ရှားမှုတွေကို ကျုပ်တို့ အနီးကပ် လေ့လာအကဲခတ်လို့ရနေတာပဲနော်၊ သူတို့ ဘာရည်ရွယ်ချက်ရှိတယ်ဆိုတာ ကျုပ်တို့ စောင့်ကြည့်ကြပါစို့'

သူတို့ ခရီးစတင် ထွက်လာစဉ် စုနန္ဒာက စိုးပိုင်နှင့်အတူ လမ်းလျှောက်၍ လိုက်ပါလာသည်။



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မဆီမှာ ရှင်လိုချင်တဲ့ ပစ္စည်းမရှိပါဘူး ကိုစိုးပိုင် အဲဒီပစ္စည်းကို ဘာလုပ်ပစ်လိုက်တယ်ဆိုတာ ကျွန်မ မသိဘူး တောင်ကြီးမြို့ရဲ့ ညတုန်းက ဦးဇော်မှိုင်း သေရတဲ့ကိစ္စမှာဘယ်သူ သတ္တာဖောက်သလဲဆိုတဲ့ မေးခွန်းကို ရှင်လည်း မေးခွင့်မရှိဘူး'

'နေပါဦး၊ ခင်ဗျားကော ကျုပ်လို မစဉ်းစားမိဘူးလား ခင်ဦးဆွေ သေတဲ့ကိစ္စရော၊ ဦးဇော်မှိုင်း သေတဲ့ကိစ္စပါ ခင်မောင် ကြီးနဲ့ ဟစ်နည်းမဟုတ် တစ်နည်း ပတ်သက်နေလိမ့်မယ်လို့ လေ'

'ရှင် ဘာတွေလာပြောနေတာလဲ၊ ကျွန်မတို့ မိသားစု မှာ အရင်းအချာဆိုလို့ ကျွန်မရယ်၊ ဒီအစ်ကိုရယ်ပဲရှိတာ၊ ကျွန်မ သူ့ကို ကာကွယ်ရမယ်၊ ကယ်တင်ရမယ်၊ ရှင်သာ သမိုင်း ဘာသာရပ်ကို လေ့လာဖူးမယ်ဆိုရင် လူတွေဟာ သူတို့မျိုးနွယ် ရဲ့ ဂုဏ်သိက္ခာကို ဘယ်လောက်လေးစားတယ်ဆိုတဲ့ အချက်ကို တွေ့ရမှာပဲ'

'ဟုတ်ပြီလေ၊ အဲဒီလူဟာ အပြစ်ကင်းစင်တဲ့လူမျိုးဆိုရင်တော့ ခင်ဗျားပြောသလို ဟုတ်ပါလိမ့်မယ်'

✣ ✣ ✣



# အခန်း(၁၆)

## ချောက်ကမ်းပါးကို ဖြတ်ကျော်ခြင်း

အရုဏ်တက်ချိန်ရောက်သည်နှင့် မိုးဖွဲဖွဲကလေး ကျလာပြန်သည်။ သစ်ပင်မရှိသော ကျောက်တောင်ကြောပေါ်၌ မြူနှိုးမြူငွေ့များ အုံ့ဆိုင်းမှိုင်းဝေလျက် ရှိသည်။ ထိုနေရာ၌ သူတို့ နားကိစားစားရန် ရပ်နားခဲ့ကြပြန်သည်။ ဘေးပတ်လည်၌ မြင့်မား၍ မတ်စောက်သော တောင်ထိပ်များ ဝန်းရံကာဆီးနေသည်။

မကြာမီ ဦးမင်းနိုင် စေလွှတ်သောရှေ့ပြေးကင်းထောက် အဖွဲ့ ပြန်လည်ရောက်ရှိလာသည်။



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်တို့ ရှေ့ဆက်သွားရမယ့်နေရာက ပြဿနာပဲ ဆရာ၊ မြောက်ဘက်ကို တစ်မိုင်လောက်ထိ သွားရမယ့်ခရီးမှာ ကျောက်သားပကတိဖြစ်ပြီး အောက်ဘက်ကို တဖြည်းဖြည်းနိမ့်ဆင်းသွားတယ်၊ ဘယ်အချိန်က လုပ်ထားမှန်းတော့ မသိဘူး၊ ဒိုင်းနမိုက်ဖောက်ခွဲထားတဲ့ အရာတွေလည်း တွေ့ရတယ်၊ ကျောက်သားကိုထွင်းပြီး ဖောက်ထွက်ရမယ့် လမ်းပျက်စီးသွားပြီပေါ့ဗျာ၊ ကျွန်တော်တို့ လမ်းကို ရှောင်သွားလို့ကလည်း မဖြစ်ကွေ့သွားလို့ကလည်း မရ၊ လှိုဏ်ကို ဖြတ်ပြီး တံတားခင်းမယ်ဆိုရင်တော့ ကိုဇော်ဝိတ်ကြီးပဲ အားကိုးရလိမ့်မယ်'

'ဘယ်သူတွေကများ လမ်းဖျက်ခဲ့ပါလိမ့်'

စိုးပိုင်က တစ်ကိုယ်တည်း ရေရွတ်သလိုလိုနှင့် မေးလိုက်သည်။

'ဝံပုလွေရိုင်းအုပ်စုက တစ်ဖက်နိုင်ငံက ကင်းထောက်တပ်ဖွဲ့တွေလား မပြောတတ်ပါဘူး၊ ဒါပေမဲ့ သူတို့ဖက်ကဆိုရင်တော့ တော်တော် အလှမ်းကွာပါသေးတယ်'

နာရီဝက်ခန့် နားပြီးနောက် သူတို့ခရီးဆက်ကြသည်၊ စိုးပိုင်နှင့် ကင်းထောက်တပ်ဖွဲ့ကို ဦးမင်းနိုင်က ရှေ့မှခေါ်ဆောင်





သွားခဲ့သည်။ ရှေ့သို့ အတော်လေးသွားကြည့်သောအခါ ကာဆီးနေသော လှိုဏ်ကြီးကို တွေ့ရသည်။ ဒီလှိုဏ်ကြီးထဲ သူတို့ဆင်းသွားရလိမ့်မည်၊ နောက်တခြား တစ်ဖက်သို့ ပြန်၍တက်ရပေဦးမည်။ ဆင်းရမည့်လမ်းက ပေနှစ်ဆယ်ထက်မနည်း ချောက်များဖြင့် ဝိုင်းပတ်ထားသည်။

ထို့နောက် အောက်ဘက်တွင် ဆက်၍သွားပါက ပေဘစ်ရာထက်မနည်းသော ချောက်ကမ်းပါးတစ်ခုက ရှိနေပြန်သေးသည်။

ဇော်ဝိတ်က သူ့လုပ်ငန်းကို သူကျွမ်းကျင်သည်။ သူ့စစ်လွယ်အိတ်ထဲမှ သံမှိုလက်တစ်ဆုပ်စာနှင့် သံတစ်ချောင်းကို ယူလိုက်သည်။

ထို့နောက် ပထမဆုံး ချောက်ကမ်းပါးကို တွယ်ကပ်၍ သံမှိုများ ရိုက်သွင်းရန် ကြိုးစားရသည်။ ကျောက်တောင်နံရံတွင် အကွာအဝေး ညီမျှအောင် ရိုက်ရသည်။

သူက ကျောက်နံရံကို ကျွမ်းကျင်စွာ တွယ်ကပ်၍ ကျောက်သားနံရံရှိ ပပ်ကြားအက်ကလေးများနှင့် အထစ်က[illegible]များကို ဂရုစိုက်ရွေးချယ်၍ ခြေကုပ်ယူထားသည်။ လက်ကိုင်ရန်



www.burmeseclassic.com

www.burmeseclassic.com



သံငုတ်များကိုလည်း အစီစဉ်တကျ ရိုက်သွားသည်။

လမ်းပေါ်မှ ထိပ်တင်ငြိမ်းက စိုးပိုင်နှင့်အတူ ယှဉ်၍ ရပ်ကြည့်ရင်း တအံ့တသြ ဖြစ်နေသည်။ တစ်စတစ်စ အောင်မြင်စွာ လုပ်ဆောင်သွားသော ဇော်ဝိတ်၏ လုပ်ပုံကိုကြည့်၍ အသည်းတထိတ်ထိတ် ရင်တဖိုဖို ရှိနေကြသည်။ ပထမ မိနစ်နှစ်ဆယ်အတွင်းမှာပင် ပထမချောက်ကမ်းပါးတစ်ခုကို အောင်မြင်စွာ ကျော်ဖြတ်နိုင်ခဲ့သည်။

သူက နောက်တွင်ကျန်ရစ်သူများကို လက်ပြ၍ ရှေ့သို့ ခက်ခဲစွာ ဆင်းသွားသည်။ သူဆင်းသွားရာ လမ်းတစ်လျှောက်၌ တောင်တက်ကြိုးရှည်တစ်ချောင်းကိုလည်း စနစ်တကျ ချည်နှောင်၍ ချသွားခဲ့သည်။

သည်နေရာတွင် ကျောက်ဆောင်စွန်းနှင့် ချောက်ကမ်းပါး များပြားလှလေရာ သည်နေရာရောက်မှပင် မိုးကလည်း သည်းထန်စွာ ရွာ၍ လေပြင်းက တအားကုန် တိုက်ခတ်နေပြန်သည်။ တောင်တက်အဖွဲ့ဝင်များက ဇော်ဝိတ်ချသွားသော ကြိုးကို ကျောက်စွန်းတွင် ညီညာစွာ ချည်နှောင်၍ စောင့်ဆိုင်း ကျန်ရစ်ခဲ့ကြသည်။





နောက်ဆုံးအဆင့် အောင်မြင်ပြီးမှ ဇော်ဝိတ်က ကျန်လူများကို လိုက်ခဲ့ရန် အချက်ပြလိုက်သည်။

ဦးမင်းနိုင်က နိုင်လွန်ကြိုးကို တွယ်၍ ရှေ့ဆုံးမှ ဆင်းလိုက်သွားသည်။ တစ်ခါတစ်ရံ ကျောက်နံရံကြိုးကို တွယ်ထားသည့် ခြေကုပ်လွတ်သွားပြီး ကြိုးတွင်ဆွဲလျက် တွဲလောင်းဖြစ်သွားသည်။ အလွန်နက်ရှိုင်းလှသော ချောက်ကမ်းပါးတွင်းသို့ ကျလုကျခင် အသည်းယားစရာ ဖြစ်သွားတတ်သည်။ သို့သော် သူတို့ကျွမ်းကျင်ပြီးသား လုပ်ငန်းဖြစ်၍ လွယ်ကူအောင်မြင်စွာ ကူးဖြတ်နိုင်ခဲ့ကြသည်။

နောက် ခင်မောင်ကြီးနှင့် ထိပ်တင်ငြိမ်းတို့ လိုက်ပါသွားကြသည်။ ပြီးတော့မှ စုနန္ဒာက–

စုနန္ဒာမှာ တောင်တက်သမားတစ်ဦး ပီသစွာ ခဏချင်းပင် လွယ်ကူစွာ ကူးဖြတ်နိုင်ခဲ့သည်။ စိုးပိုင်က နောက်ဆုံးမှ လိုက်သွားသည်။

ပထမသံငုတ်များ သေချာစွာ စိုက်သွင်းထားသောကြောင့် လွယ်ကူစွာ ကူးဖြတ်နိုင်ခဲ့သည်။ ဒုတိယလျှိုကိုလည်း အလွယ်တကူပင် ကူးဖြတ်နိုင်ခဲ့သည်။ မတ်စောက်စွာ နိမ့်ဆင်း



www.burmeseclassic.com

www.burmeseclassic.com



သွားသည့် တောင်စောင်းအဆုံးတွင် တတိယလျှိုသို့ ရောက်ရှိလာသည်။

စိုးပိုင် အလှည့်ရောက်ခါမှ သံငုတ်တစ်ချောင်းက ကျောက်သားနံရံမှ ပြုတ်ထွက်သွားသည်။ စိုးပိုင်မှာ လေထဲတွင် တိုးလိုးတန်းလန်းဖြင့် ခြေကားရားလက်ကားရားဖြစ်နေသည်။

သို့သော် သူ သတိကောင်း၍သာ တော်တော့သည်။ သူ ချက်ချင်းပင် နိုင်လွန်ကြိုးကို ဝှေ့ယမ်း၍ ရစ်ပတ်ထားနိုင်ခဲ့သည်။ တခြားတစ်ဖက်မှာတော့ ဇော်ဝိတ်က နိုင်လွန်ကြိုးကို ကျောက်စွန်းဖြင့် ရစ်ပတ်ထားဆဲဖြစ်သည်။

ဇော်ဝိတ်မှာ ကြိုးစတစ်ဖက်ကို ကိုင်ရင်း ကူးဖြတ်လာသူများကို ကူညီပေးနေရသည်။ စိုးပိုင်က ခြေထောက်ကို ကွေးညွှတ်၍ မြှောက်တင်ထားပြီး ကျောက်နံရံကို ခြေနင်းဖိနပ်ဖြင့် ဖိနှိပ်ထားသည်။

သူကိုင်ထားသည့် နိုင်လွန်ကြိုးက တဖြည်းဖြည်း လျှော့ကျလာသဖြင့် သူ့ခမျာ လေထဲတွင် ချာချာလည်နေတော့သည်။ ထိပ်တင်ငြိမ်းနှင့် တချို့က ကြောက်အားလန့်အားဖြင့် အစွမ်းကုန်အော်ဟစ်လိုက်ကြသည်။ လျှိုထဲတွင် ပဲ့တင်သံများ





ညံသွားတော့သည်။ သူ့ကို ငုံ့ကြည့်နေကြသည့် ဦးမင်းနိုင်တို့နှင့် အဖွဲ့သားများ၏ ဦးခေါင်းများကို မြင်တွေ့နေရသည်။

ဇော်ဝိတ်က တောင်တက်ပုဆိန်ကြီးကို ကိုင်ပြီး ခပ်တည်တည်ဖြင့် ရပ်ကြည့်နေသည်။ သူ့အောက်တွင် ကြိုးစကတန်းလန်းကျနေသည်။ စိုးပိုင်က ကျန်လက်တစ်ဖက်ဖြင့် ကြိုးစကို အားယူ၍ဆွဲတက်နေသည်။ ဇော်ဝိတ်က ကြိုးစကိုပြန်၍ လျှောကျသွားစေရန် ကြိုးစားပြီး ဆွဲတင်ပေးနေသည်။ သူ့မျက်နှာကတော့ မှုန်ကုပ်ကုပ်ပင် ရှိနေသည်။

သူ့မျက်နှာ ကျောက်စွန်းထိပ်သို့ ပေါ်မလာမချင်း စိုးပိုင်စိတ်ထဲတွင် အတိုင်းအဆမရှိသော ပူပင်စိတ်များဖြင့် လောင်ကျွမ်းနေသည်။ ကျန်သူများက သူ့ထက်ပင်ပို၍ စိုးရိမ်နေကြပုံရသည်။

ဦးမင်းနိုင်က ရှေ့သို့တိုးပြီး လက်တစ်ဖက် ကမ်းပေးသည်။ သို့သော် စိုးပိုင်က ခေါင်းကိုခါယမ်း၍ အားစိုက်တက်ပြန်သည်။ ဇော်ဝိတ်ကလည်း ထပ်မံ၍ အားစိုက်ကြိုးစားပါသည်။

စိုးပိုင်၏ ဒူးခေါင်းများ ပေါ်လာပြီးနောက် ခြေနင်းစီး



www.burmeseclassic.com

www.burmeseclassic.com



ထားသော ခြေထောက်များက ချောက်ကမ်းပါးထိပ်ပေါ်သို့ ချနိုင်ခဲ့သည်။

'ကျေးဇူးပဲဗျာ၊ တကယ့်ကို ကျေးဇူးပါပဲ'

ဇော်ဝိတ်က ရှုတည်တည်ကြီး လုပ်နေသည်။

'ကျုပ် အချိန်မှီ ကြိုးစသတိမပေးနိုင်တာမျိုး ဖြစ်ချင် လည်း ဖြစ်လာဦးမှာပေါ့၊ ခင်ဗျားကော နောက်တစ်ကြိမ်ခြေ ချော်မကျဘူးလို့ ပြောနိုင်လို့လား'

ခြိမ်းခြောက်ခြင်းလား၊ သတိပေးခြင်းလား စိုးပိုင် ဝေခွဲ မရဖြစ်သွားသည်။ သို့သော် သူ ခေါင်းရှုပ်ခံ၍ မစဉ်းစားလိုတော့ ပေ။ တခြားသူများ နောက်သို့မီအောင် ခပ်သုတ်သုတ် လိုက်လာ ခဲ့တော့သည်။

တောင်နှစ်လုံးကြား လျှိုမြောင်ကြီးကို ကျော်ဖြတ်ခဲ့ကြ ပြီးနောက် ဂေါ်ရခါး ရွာတစ်ရွာသို့ သူတို့ ရောက်ခဲ့ကြသည်။ ရွာ၏မြောက်ဘက်ရှိ စေတီတော်တစ်ဆူအနီး၌ သူတို့စခန်းချခဲ့ ကြသည်။ ဆင်းတုရုပ်ပွားတော်များမှာ ရှေးအလွန်ကျ၍ ရာ နှစ်ပေါင်းများစွာကတည်းက တည်ရှိခဲ့ပုံရသည်။

ကျောက်ပြားထူထပ်သော နေရာတွင် ဗုဒ္ဓဘာသာဘုန်း





ကြီးကျောင်းပျက်ကြီးတစ်ခုလည်း တွေ့ရသည်။ အနီးတွင် ဆီး နှင်းများ ပျော်ကျရာမှ စီးဆင်းလာသည့် ရေခဲမြစ်ကလေးတစ် ခုရှိသည်။ သည်စခန်းတွင် သူတို့ကို လုံးဝ မီးဖိုခွင့်မပြုတော့ ချေ။ ရိက္ခာခြောက်များဖြင့်ပင် တင်းတိမ်ခဲ့ကြသည်။ ဦးမင်းနိုင် က ထုံးစံအတိုင်း ကင်းပုန်းများချထားသည်။ မိုးကာတဲများထိုး ၍ အသီးသီး အနားယူ အိပ်စက်ကြသည်။

ထိပ်တင်ငြိမ်းက အဝေးသို့ လက်ညှိုးထိုး၍-

'အဲဒီတောင်ထိပ်ရောက်အောင် ဘယ်လောက်ဝေးဦး မယ်ထင်သလဲ'

ဟု မေးသည်။

'ဆယ့်ငါးမိုင်လောက်တော့ ရှိမယ်ထင်တယ်၊ မနက် ဖြန် နေ့လယ်မွန်းတည့်ချိန်လောက်ဆိုရင် ကျွန်တော်တို့ ရောက် နိုင်လောက်ပါပြီ'

စိုးပိုင်က စဉ်းစဉ်းစားစား ပြောလိုက်သည်။

'ကျွန်မတို့ ခရီးစဉ်မှာ တစ်လျှောက်လုံးလိုလိုပါပဲ၊ စောင့်ကြည့်တာကို ခံစားနေရတယ်'

'သိပ်ဖြစ်နိုင်တာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ချင်မှလည်း ဟုတ်မှာပေါ့ရှင်'

'ဒီခရီးလိုက်လာရတဲ့အတွက် ခင်ဗျား နောင်တရနေသလားလို့'

'ကြံကြီးစည်ရာရှင်၊ ဘာဖြစ်လို့ နောင်တရရမှာလဲ'

'ခင်ဗျား ခင်မောင်ကြီးနဲ့ စကားများခဲ့ကြသေးတယ်မို့လား'

ထိပ်တင်ငြိမ်းထံမှ အဖြေမရပါ။

'ဒီတောင်ပေါ်ရောက်မှတော့ ပြောသင့်ပြောထိုက်တာကို ကျွန်တော်သိရအောင် ပြောပြသင့်ပြီထင်တယ်၊ ဒီထက်ပိုပြီး ခင်ဗျား လျှို့ဝှက်မနေသင့်ပါဘူး'

စိုးပိုင်က တိုက်တွန်းလိုက်သည်။

'ဒါက ကိုယ်ရေးကိုယ်တာကိစ္စပါရှင်'

နောက်တော့ သူလည်း သူ့ရွက်ဖျင်တဲထဲ သူ ဝင်သွားသည်။ စိုးပိုင်အဖို့ အိပ်၍ မပျော်နိုင်သေးပါ။ ဦးမင်းနိုင်ကတော့ သူ့လူများကို တစ်နာရီတစ်ကြိမ် အိပ်ရာမှထပြီး လှည့်ပတ်ကြည့်ရှု စစ်ဆေးနေသည်။ ကင်းများကို ကြည့်ရှုစစ်ဆေးသည်။

စိုးပိုင်က အိပ်ပျော်မလိုလိုဖြစ်နေစဉ်မှာပင် ရုတ်တရက်





သန့်နိုးခဲ့သည်။ သူ့နားထဲမှာ အော်သံလိုလို ကြားမိသည်။ သူ အိပ်ရာထဲမှ လူးလဲထလိုက်သည်။ ရွက်ဖျင်တဲတွင်းမှာ ရေနံဆီမီးအိမ်ကို ခပ်မှိန်မှိန် ထွန်းညှိထားသည်။ သူ အပြင်သို့ထွက်လာခဲ့သည်။

'အော်သံလိုလို ကြားမိသလားလို့'

'လေပြင်းတိုက်လို့နေမှာပါဗျာ'

မှန်ပါသည်။ လေပြင်းများက ရွက်ဖျင်တဲများကို စက္ကူငှက်ကလေး တစ်စုတ်လို စုတ်ဖြဲပစ်မည့်ပုံသဏ္ဌာန် ရှိသည်။ အရုဏ်တက်လာပြီဖြစ်၍ စိုးပိုင်တို့ လူတချို့ကိုနှိုးပြီး မီးဖိုစေခဲ့သည်။ ရေနွေးအိုးတည်ပြီး ကော်ဖီသောက်ကြသည်။ လေတဟူးဟူးဖြင့် အေးချမ်းလှသည့်ကြားတွင် ကော်ဖီနံ့ကလေးသင်း၍ အရသာထူးကဲလှသည်။

စိုးပိုင်က တောင်တက်ဝတ်စုံများ ဝတ်ဆင်လိုက်ပြီး ဒေနရှာ ကော်ဖီဖျော်သောက်နေသော အနီးဆုံးမီးဖိုဆီသို့ သွားခဲ့သည်။ ဓနရှာက ကော်ဖီသောက်ရင်း ကျောက်ဖြူတောင်ထိပ်ဆီသို့ ငေးမောကြည့်ရှုနေသည်။

'ခင်မောင်ကြီး အိပ်ရာက မထသေးဘူးလား'



www.burmeseclassic.com

www.burmeseclassic.com



စုနန္ဒာက ခေါင်းခါသည်။

'ဟင့်အင်း… ကျွန်မ မသိဘူး၊ မြင်တော့မမြင်မိသေးဘူး'

စိုးပိုင်က စုနန္ဒာ၏ လေတိုက်ခတ်မှုကြောင့် ဆံပင်များ လွင့်ပါးပြီး ဆော့ကစားနေသည့် မျက်နှာကလေးကို ငေးကြည့်နေလိုက်သည်။

'ခင်ဗျား ထိပ်တင်ငြိမ်းနဲ့အတူ ဒီရွက်ဖျင်တဲမှာ အိပ်တာပဲ မဟုတ်လား'

'ကျွန်မ အိပ်ရာထတော့ သူတို့မရှိကြဘူး'

'ဟင်… ခင်မောင်ကြီးရော၊ ထိပ်တင်ငြိမ်းရော မရှိဘူး ဟုတ်လား'

စုနန္ဒာ ခေါင်းညိတ်ပြသည်။

စိုးပိုင်က ဦးမင်းနိုင်နှင့် တောင်တက်အဖွဲ့ဝင်တချို့ကို ခေါ်၍ ထိပ်တင်ငြိမ်းတို့ ရွက်ဖျင်တဲကို ဝင်ကြည့်ကြသည်။ သူတို့ ဘယ်သူမှမရှိကြတော့။ စိုးပိုင် ဇော်ဝိတ်ရှိရာ မီးဖိုသို့သွားပြီး မေးကြည့်သည်။

'သူတို့ ဘယ်သွားကြသလဲ'





ခါတိုင်းလိုပင် မှုန်တေတေ မျက်နှာဖြင့် ဇော်ဝိတ်က ပြန်ပြောသည်။

'သူတို့ထွက်သွားပြီလို့ ကျွန်တော်ထင်တယ်'

'ဘယ်ကိုလဲ'

ဇော်ဝိတ်က ပခုံးတွန့်လိုက်သည်။

'ဒါတော့ သူတို့ကိုယ်ရေးကိုယ်တာ ကိစ္စပဲဖြစ်မှာပေါ့'

သူတို့ မည်သည့်အချိန်က ထွက်ခွာသွားသည်ကို မည်သူမျှမသိနိုင်ကြပါ။ ဦးမင်းနိုင်တို့အဖွဲ့က နောက်ထပ်ငါးမိနစ်ခု ရှာဖွေကြည့်ကြပါသေးသည်။ ကျောပိုးအိတ်နှင့်တကွ တောင်တက်ကိရိယာများပါ မရှိတော့။ အထုပ်အပိုးထဲမှ စားစရာ ရိက္ခာတချို့ပါ ထုတ်ယူသွားကြလေပြီ။

သူတို့ ဘယ်ဆီသို့သွားသည်ကို ခြေရာခံ၍ မရချေ။ သူတို့၏ ခြေရာများကိုလည်း နှင်းပွင့်များက ဖုံးလွှမ်းခဲ့ပြီဖြစ်ပါသည်။ ခင်မောင်ကြီးနှင့် ထိပ်တင်ငြိမ်းမှာ စခန်းမှစနစ်တကျ ခွာခဲ့ကြခြင်းပင် ဖြစ်ပေမည်။

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၇)

## အရိုးခေါင်းတစ်ထောင်ဂူ

နေရောင်ခြည် မှိန်ပျပျအောက်တွင် သေးငယ်သော အစက်ကလေး တစ်စက်ရွေ့လျားသည်ကို စိုးပိုင် စိုက်ကြည့်နေသည်။ နောက် ထိုအမည်းစက်ကလေးက ပျောက်သွားပြန်သည်။ နောက်တစ်ခါ ပြန်ပေါ်လာပြန်သည်။ အမည်းစက်ကလေးက နှစ်ခု ဖြစ်နေသည်။ နောက် ပျောက်သွားပြန်သည်။ ပြီးတော့ တခြားနေရာမှာပဲ အမည်းစက်ကလေးတစ်ခု တွေ့ရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော့်မျက်စိမကောင်းလို့လား မသိဘူး၊ အမည်းစက်ကလေးတွေ ရွေ့လျားနေတာ ခင်မောင်ကြီးနဲ့ ထိပ်တင်ငြိမ်း ဖြစ်မှာပဲ၊ ဒါပေမဲ့ အမည်းစက်ကလေးသုံးခု ဖြစ်ချင်ဖြစ်နေမယ်၊ ကျွန်တော်တို့မသိတဲ့ တခြားလူတွေလည်း ပါချင်ပါနေဦးမယ် ထင်တာပဲ'

နောက်သူတို့ အရုဏ်တက်ချိန်တွင် ဆက်၍ ခရီးထွက်ခဲ့ကြသည်။ တောင်ကြောမှာ ရှည်လျား၍ ငွေရောင်ဖုံးလွှမ်းနေသည်။ နေထွက်လာသည်နှင့် အလင်းရောင်များက စူးစူးရဲရဲ တောက်ပသောကြောင့် နေကာမျက်မှန်များကို တပ်လိုက်ကြသည်။

နှစ်နာရီ သုံးနာရီကြာမျှ ခရီးဆက်ခဲ့ကြပြီးနောက် လိပ်ခုံးပမာ ညီညာ၍ မို့မောက်သော ကျောက်ကုန်းပြင်သို့ ရောက်ခဲ့ကြသည်။ ဟိုးအဝေးမှာ လုံးပတ်ညီညာစွာ လုံးဝန်းလျက်ရှိသော တောင်နှစ်လုံးကို တွေ့ရသည်။

စုနန္ဒာက ဦးမင်းနိုင်နှင့် စိုးပိုင်တို့အနီးသို့ ရောက်လာသည်။

'ကျွန်မအထင်တော့ ပန္နဝပြောတဲ့ အပျိုမဝမ်းဗိုက်ဆို





တာ ကျွန်မတို့ အခုရောက်နေတဲ့ နေရာလို့ ထင်တာပဲ၊ ဟောဟိုက မြင်ရတဲ့ တောင်နှစ်လုံးကရော ရင်သားမို့မို့နဲ့ မတူဘူးလား၊ ပန္နဝပြောတာ အမှန်သာဆိုရင် နေထွက်ချိန်မှာ ဒီနေရာကနေ ကျောက်ဖြူတောင်ကို လှမ်းကြည့်ရင် အရိုးခေါင်းတစ်ထောင်ဂူကို တွေ့ရမှာပဲ၊ မှန်သာမှန်ပါစေ၊ ဒါမှလည်း ကျွန်မ ဒီဂူအကြောင်း သုတေသနစာတမ်း တော်တော်များများ ပြုစုနိုင်မှာ'

'စိတ်အေးအေးထားစမ်းပါ စုနန္ဒာ၊ ကျုပ်တို့ အခု ဒီဂူကိုမှ မရောက်ကြသေးဘဲ'

'ဘာလဲ ရှင်က ထိပ်တင်ငြိမ်းအတွက် စိုးရိမ်နေတာလား'

'ခင်ဗျားကကော မစိုးရိမ်လို့လား'

'အစ်ကိုက သူ့ကိုကောင်းကောင်းစောင့်ရှောက်လိမ့်မယ်လို့ ကျွန်မ ထင်ပါတယ်'

'ညက ခင်ဗျား ထိပ်တင်ငြိမ်းနဲ့ တစ်ခန်းတည်းအိပ်ခဲ့တာပဲ၊ သူ့ဆီက ဘာသံမှ မကြားဘူးလား'

'ကျွန်မ အိပ်ပျော်သွားတယ်၊ တကယ်လို့ အစ်ကိုကသာ သူ့ကို အနိုင်ကျင့်ပြီး ခေါ်သွားတယ်ဆိုရင် ဘယ်နည်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



မဆို ကျွန်မ နီးမှာပဲ၊ ဒီတော့ သူတို့နှစ်ဦး သဘောတူသွားတာ ပဲ ဖြစ်လိမ့်မယ်'

'စုနန္ဒာ ကျွန်ကော်မေးပါရစေ၊ ခင်ဗျားအစ်ကိုဆီမှာ ဦးဇော်မှိုင်းဆီက မြေပုံရှိနေတယ် မဟုတ်လား'

'ဟင့်အင်း… ရှင်ပြောသလိုဆိုရင် အစ်ကိုဟာ ဦးဇော် မှိုင်းကို သတ်တဲ့လူသတ်သမား ဖြစ်နေမှာပေါ့၊ သူတို့ ကျွန်မတို့ တက် အရင်ဦးအောင်သွားတာတော့ ဖြစ်နိုင်ပါတယ်'

'သူက ဘာလို့အဲဒီလို လုပ်ရမှာလဲ'

'ဦးဇော်မှိုင်း စိုက်ခဲ့တဲ့ အလံတွေ သူ အရင်တွေ့အောင် လို့ပေါ့၊ ဒါမှ တစ်ဖက်နိုင်ငံကို သတင်းပို့လို့ရမယ်လေ'

'ဒါဆို သူ သစ္စာဖောက်ပြီပေါ့'

စုနန္ဒာက မျက်နှာငယ်လေးဖြင့် ဆိုသည်။

ထို့နောက် သူတို့သုံးဦးဆွေးနွေးကာ ပန္နဝပြောသည့် အတိုင်း နေရောင်ခြည် [illegible]မရင်ညွှန်ပေါ် ရောက်ချိန်ကို စောင့် နေကြသည်။ မကြာမီ နေလုံးက မြင့်တက်လာသည်။

'ဟောဟိုက ကျောက်ဖြူတောင် ဘယ်ဘက်အခြမ်းမှာ အက်ကွဲကြောင်း တွေ့ရတယ်၊ ဟုတ်ရဲ့လား မသိဘူး'





စုနန္ဒာက စစ်သုံးမှန်ပြောင်းဖြင့် လှမ်းကြည့်ရင်းပြော သည်။ ထိုစဉ် တိမ်လွှာများ ဖုံးလွှမ်း၍ အလင်းရောင်ပြောင်းသွား သောကြောင့် အက်ကြောင်းမှာ ပျောက်ကွယ်သွားပြန်သည်။

တိမ်တိုက်လွင့်ပါးသွားချိန်တွင် အလင်းရောင် ပြောင်း လဲသွားပြန်သည်။ ကြည့်ရင်း ကြည့်ရင်းမှာပင် အက်ကြောင်းက ပို၍ ပီပြင်လာသည်။ နေက ပွင့်သည်ထက်ပွင့်လာသည်။

'အက်ကြောင်းရဲ့အောက်ခြေမှာ ခပ်မည်းမည်းအပေါက် ကြီး တစ်ပေါက်လား၊ ဒါမှမဟုတ် ကျောက်ဆောင်အရိပ်လား မသိဘူး၊ တောင်ပြိုပြီး တောင်ခေါင်းပိတ်သွားခဲ့တာလို့လည်း သိရတယ်၊ ငလျင်လှုပ်ပြီး ပြန်ပွင့်လာတာလို့လည်း ကြားဖူး တယ်၊ ကြည့်စမ်းပါဦး သေချာ'

စုနန္ဒာလက်ထဲမှ မှန်ပြောင်းကို စိုးပိုင်နှင့် ဦးမင်းနိုင်တို့ တစ်ယောက်တစ်လှည့် ယူကြည့်ကြသည်။

'အရိပ်မည်း မဟုတ်ပါဘူး၊ တောင်ခေါင်းတစ်ခုပဲ၊ အထဲမှာ ဘယ်လောက်ထိ နက်တယ် မနက်တယ်တော့ မသိ ဘူး၊ ဒါပေမဲ့ ဒီကနေ အဲဒီထိသွားရမယ်ဆိုရင် တော်တော်တော့ ခဲယဉ်းလိမ့်မယ်'



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး မှန်ပြောင်းက စုနန္ဒာလက်ထဲ ပြန်ရောက်သွားသည်။ စုနန္ဒာက အားမရသေးဘဲ ထပ်မံ ကြည့်ရှုပြန်သည်။

'မည်းမည်းအရိပ်ကလေးတွေ နှစ်ခုသုံးခု တွေ့ရတယ်။ ကဲပါ ဦးဇော်မှိုင်း စိုက်ခဲ့တဲ့ အလံနေရာပဲ'

ဦးမင်းနိုင်က ပြောသည်။

'ဟုတ်တယ်ထင်တယ်၊ ဒါဆို သေချာနေပြီ'

တောင်ထွတ်ကို လှမ်း၍ကြည့်လေရာ အလွန်ဝေးလံသော တစ်နေရာဆီမှ တောင်ပြိုသံလား၊ တော်လဲသံလား မသိ ကြီးမားသော မြည်ဟည်းသံကြီးကို ကြားလိုက်ကြရသည်၊ မြည်ဟည်းသံကြီးက လေထုတွင် ပဲ့တင်ထပ်သွားသည်။

'အိုး... ဟိုး... ဟိုး... ဟောဟိုမှာ တောင်ပြိုနေပြီ။ ပပ်ကြားအက်ကြီးကို ထင်ထင်ရှားရှား တွေ့နေရပြီ'

စုနန္ဒာက ခုန်ပေါက်မတတ် ဝမ်းသာအားရ ဖြစ်နေသည်။

'ကဲ... သွားကြစို့ဟေ့၊ မမှောင်ခင် ဟိုရောက်မှဖြစ်လိမ့်မယ်'

ဦးမင်းနိုင်က ဆော်ဩသည်။





'ဘုရား... ဘုရား... မဟာမြိုင်ဘုရင်မရဲ့ သရဖူများ ရှိနေခဲ့ရင်တော့လား ဟွန်း'

စုနန္ဒာ၏ မျက်လုံးများမှာ ဝင်းလက်တောက်ပြောင် လျက်ရှိသည်။ သူမသည် နတ်မိမယ်တစ်ပါးလို မြူးမြူးကြွကြွ ရှိလှသည်။

နေရောင်ခြည်ကြောင့် သူတို့သွားရာလမ်းတစ်လျှောက်ရှိ နှင်းပွင့်များမှာ အရည်ပျော်ကုန်ကြပြီဖြစ်သည်။

တောင်ထွတ်နှစ်လုံးကြားရှိ လျှိုမြောင်ထဲသို့ ဆင်း၍ သွားရသည်မှာ ခက်ခဲပင်ပန်းသလောက် ပရိယာယ်များလှသည်။ တစ်ဖက်တောင်ကမ်းပါးယံသို့ တစ်ဆင့်ပြီးတစ်ဆင့် တက်ကြရသေးသည်။ သူတို့မှာ အားအင်ကုန်ခန်းလုမတတ်ရှိနေသည်။

'ရှေ့ပြေးကင်းအဖွဲ့က ဘာသတင်းမှ မပို့ပါလား'

'ဟုတ်တယ်၊ ကျွန်တော်တို့ မြန်မြန်ခရီးနှင်ကြမှ ဖြစ်လိမ့်မယ်'

'ဟောဟိုဟာ ဦးဇော်မှိုင်းရဲ့ အလံတိုင်ပဲ'

မှန်ပါသည်။ အလံတိုင်မှာ နှင်းဒဏ်၊ နေဒဏ်၊ လေ



www.burmeseclassic.com

www.burmeseclassic.com



ဒဏ်ကြောင့် စုတ်ပြတ်နေသည်။ စုန္ဒာက ကုန်းလျှောအတိုင်း ပြေး၍ ဆင်းသွားလေရာ ဦးမင်းနိုင်က လှမ်းအော်လိုက်သည်။ သူမ တုံ့ခနဲရပ်သွားသည်။

ဦးမင်းနိုင်က ထောင်ချောက်ဆင်ထားခြင်း ရှိမရှိ သူ့လူတွေကို စစ်ဆေးစေပြီးမှ သွားခွင့်ပြုသည်။ သူ့အဖွဲ့ဝင်နှစ်ဦးက ပပ်ကြားအက်ကြီးတည့်တည့်ဆီသို့ ဦးတည်သွားနေသည်။ ကျောက်ပုံကြီး တစ်ပုံကို လွန်သွားပြီးနောက် သူတို့သဏ္ဍာန်တွေ ကွယ်ပျောက်သွားပြန်သည်။ မည်းမည်းသဏ္ဍာန် ပပ်ကြားအက်ဆီရောက်ပြီးမှ နောက်ပြန်ဆုတ်လာကြသည်။ သူတို့က ကျန်လူများလိုက်လာရန် လက်ပြပြီး အော်ခေါ်သည်။

ဦးမင်းနိုင်၊ စိုးပိုင်နှင့် ဇော်ဝိတ်တို့က ပပ်ကြားအက်ကြီးရှိရာသို့ ဦးစွာရောက်ရှိလာသည်။ ပြီးမှ စုန္ဒာက အပြေးကလေး ရောက်ရှိလာသည်။ သူတို့နောက်မှာတော့ ဝန်စည်စလယ် သယ်ပိုးသည့် အထမ်းသမားများ ရောက်လာကြသည်၊

ကင်းထောက်သမားနှစ်ဦးက ဂူပေါက်ဝမှရပ်၍ စောင့်နေသည်။

'ဦးခွံရိုးတစ်ထောင်ဂူဆိုတာ ဒါပဲ'





'မင်း ဝင်ကြည့်ခဲ့သေးလို့လား'

စိုးပိုင်က မေးလိုက်သည်။

'ခြေလှမ်းနည်းနည်းပဲ ဝင်ရပါသေးတယ်၊ အထဲမှာ မှောင်မည်းပြီး ရွံစရာကောင်းတဲ့ အနံ့အသက်တွေကြောင့် ပြန်ထွက်လာခဲ့ရတာ'

ဦးမင်းနိုင်က လက်နှိပ်ဓာတ်မီးထုတ်ပြီး ဂူထဲဝင်ရန်ပြင်သည်။ သူ့လူနှစ်ယောက်က တွန့်ဆုတ် တွန့်ဆုတ်ဖြစ်နေသည်။

'ဒီနေရာကို ကျွန်မတို့ အရင်ရောက်တာ သေချာတယ်၊ တကယ်သတ္တုရိုင်းတွေ့တဲ့နေရာကို သတ္တုတိုင်နဲ့ အလံသုံးခုရယ်၊ ကျောက်ပုံရယ် မှတ်သားထားခဲ့တယ်လို့ ဦးဇော်မှိုင်း ပြောဖူးတယ်၊ တခြားသူတွေသာ အရင်ရောက်ရင် ဒီအမှတ်အသားတွေ ဖျက်ဆီးခဲ့မှာပေါ့'

'သရဖူအကြောင်းတော့ ဦးဇော်မှိုင်း ဘာမှမပြောခဲ့ဘူးလား'

စိုးပိုင်က မေးလိုက်သည်။

'အဲဒါတော့ မပြောပါဘူး'

'အဲဒီအကြောင်းကို သူတစ်ဦးတည်းအတွက်များ လျှို့



www.burmeseclassic.com

www.burmeseclassic.com



ဝှက်ထားသလားမှ မသိတာ’

‘အို·· မဟုတ်တာ၊ ဦးဇော်မှိုင်းက သူ့ရဲ့ဘူမိဗေဒဘာသာရပ်ကလွဲပြီး ဘာမှစိတ်ဝင်စားတာ မဟုတ်ပါဘူး’

နောက် သူတို့ လျှပ်စစ်မီးလုံးများ တပ်ဆင်ပြီး စိုးပိုင်၊ ဇော်ဝိတ်နှင့် စုနန္ဒာတို့ ရှေ့ဆုံးမှ ဝင်သွားကြသည်။ ပပ်ကြားအက်တွင်းသို့ ဝင်မိလေ အလင်းရောင်က မှိန်လေလေဖြစ်ကာ နေရောင်ခြည်နှင့် မတွေ့ရသည်မှာ နှစ်ပေါင်းများစွာ ကြာပြီဖြစ်သော လေထုမှ စိမ်းရွှေရွှေ ပုပ်ဟောင်သော အနံ့များ ရလိုက်သည်။ နေရောင်ခြည်သည် ပပ်ကြားအက်အတွင်းသို့ တိုက်ရိုက်ရောက်ရှိနိုင်စွမ်း မရှိပါ။ သူတို့ အမိုးပေါ်တွင်မူ ပေသုံးရာခန့် အမြင့်တွင် နေရောင်ခြည်မှိန်မှိန် ကျရောက်နေသည်ကို တွေ့ရ၏။ ထိပ်ပိုင်းတွင် တဖြည်းဖြည်း အဝကျဉ်းသွားပြီး ဂူအမိုးသဖွယ် ဖြစ်သွားသည်။

ဂူထဲသို့ တဖြည်းဖြည်းတိုးဝင်ခဲ့ကြရာ သံသေတ္တာတစ်လုံးကို ကျောက်ပုံပေါ်တွင် တွေ့ရ၍ ဦးမင်းနိုင်ကကောက်ယူပြီး ဖွင့်ကြည့်လိုက်သည်။ သော့ခတ်ထားသော သေတ္တာထဲ၌ စက္ကူခေါက်တချို့၊ သတ္တုရိုင်းနမူနာနှင့် မှတ်စုစာအုပ်တစ်အုပ်ကို





တွေ့ရသည်။

အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော မှတ်စုစာအုပ်ထဲတွင် နှစ်ကယ်သတ္တုကြောကို တွေ့ထားပြီးဖြစ်ကြောင်းနှင့် သည်နေရာတစ်ဝိုက် တခြားနေရာများတွင် ထပ်မံရှာပါကလည်း သတ္တုကြောများ တွေ့နိုင်သေးကြောင်း ရေးသားထားသည်။

ဦးမင်းနိုင်မှာ သည်ကိစ္စအတွက် ရောက်ရှိလာခဲ့ခြင်းဖြစ်သည် မဟုတ်ပါလား။

‘ကျွန်တော်တို့ လိုချင်တာတော့ တွေ့ပြီ’

ဟု ဦးမင်းနိုင်က ဂုဏ်ယူဝံ့ကြွားစွာ ပြောလိုက်သည်။

‘ဒီသတင်းကို သက်ဆိုင်ရာတွေဆီ ရေဒီယိုနဲ့ သတင်းပို့မှ ဖြစ်မယ်၊ ဦးဇော်မှိုင်းရဲ့ သတ္တုရိုင်းနမူနာတွေရယ်၊ ဒီနမူနာ စုဆောင်းခဲ့တဲ့ နေရာရယ်၊ သူရေးခဲ့တဲ့ မှတ်စုတွေရယ် ဘာမှ သံသယရှိစရာ မလိုတော့ပါဘူး၊ ဘူမိဗေဒအဖွဲ့တစ်ဖွဲ့၊ အင်ဂျင်နီယာ တပ်စုတစ်စုနဲ့ လက်နက်ကိုင် အစောင့်အရှောက်တွေကို သက်ဆိုင်ရာက ပို့ပေးလိမ့်မယ်၊ ကျွန်တော်တို့ တိုင်းပြည်အတွက် ဂုဏ်ယူစရာပါပဲဗျာ’

သူတို့အား ဝိုင်းအုံပိတ်ဆို့ထားသော ကျောက်သားနံရံ



www.burmeseclassic.com

www.burmeseclassic.com



ကြီးကို ဦးမင်းနိုင် ဝေ့ဝိုက်၍ ကြည့်လိုက်သည်။

'ဒီနေရာက ရေဒီယိုထရန်စစ္စတာ အလုပ်လုပ်မှာ မဟုတ်ဘူး၊ ကျွန်တော်တို့ အပြင်ဖက်ထွက်ရအောင်'

'နေပါဦး'

စိုးပိုင်က တားသည်။

'ဦးဇော်မှိုင်းလည်း ခင်ဗျားလိုပဲ ဒီနေရာကလှည့်ပြန်သွားပုံရတယ်၊ ကျွန်တော်တို့ ဟိုထဲထိဆက်ပြီး ဝင်ကြည့်ချင်သေးတယ်'

'ဘာလုပ်စရာ ကျန်သေးလို့လဲ'

'မဟာမြိုင်မင်းသမီးရဲ့ သရဖူလေ၊ စိန့်တိုင်းရဲမက်တွေရော၊ ဒေသခံလူရိုင်းတွေကိုပါ ဒီတောင်ပေါ်မှာ တောင်စောင့်နတ်က စတေးခဲ့တယ်လို့ ဆိုတယ်၊ ဒါကြောင့်လည်း ဦးခွံရိုးတစ်ထောင်ဂူလို့ ခေါ်ကြတာပေါ့၊ စုနန္ဒာအတွက် ဒီကိစ္စက အရေးကြီးတယ်လေ'

'အဲဒီလို ဒဏ္ဍာရီတွေ ကျုပ် အယုံအကြည်မရှိဘူး၊ ဒါပေမဲ့ ခင်ဗျားတို့ သွားချင်လည်း သွားကြပါ၊ သိပ်တော့ အချိန်မဖြုန်းနဲ့ဗျာ'





'မိနစ်ပိုင်းလောက်ပါ၊ ကျွန်မ ကိုစိုးပိုင်နဲ့ ကိုဇော်ဝိတ်ကို ခေါ်သွားပါရစေ'

ဦးမင်းနိုင်က ခေါင်းညိတ်ပြီး အပြင်သို့ ထွက်သွားသည်။ စိုးပိုင်က လျှပ်စစ်မီးလုံးကို ယူ၍ ရှေ့မှလမ်းပြရင်း ဝင်သွားသည်။ အပေါ်ပိုင်းတွင် ဆက်စပ်မိမလို ဖြစ်နေသော ကျောက်နံရံက အောက်ဘက်တွင် တဖြည်းဖြည်း နိမ့်ဆင်းသွားသည်။ တချို့နေရာတွင် နိမ့်လွန်းသောကြောင့် ခေါင်းငုံ့ပြီး သွားကြရသည်။ မှောင်မိုက်လွန်းသောကြောင့် သူတို့ပါလာသည့် မီးလုံးမှာ အဝေးထိ မမြင်ရချေ။

စိုးပိုင်က ဆက်၍သွားသင့် မသွားသင့် စဉ်းစားသည်။ ဦးမင်းနိုင်၏ အချိန်မရှိဘူးဆိုသည့် ဆုံးဖြတ်ချက်ကို သဘောကျသည်။ သက်ဆိုင်ရာသို့ မြန်မြန်သတင်းပို့နိုင်မှ သူတို့လုံခြုံရေးအတွက် အပြန်ခရီး စိတ်ချရပေမည်။

ထိုအချိန်တွင် လက်နှိပ်ဓာတ်မီးတစ်လက်ဖြင့် ထိပ်ဆုံးမှ ကျော်တက်သွားသော စုနန္ဒာ၏ အထိတ်တလန့် အော်သံကြောင့် အသံကြားရာသို့ လှမ်းကြည့်လိုက်သည်။ ဂူကြီး၏အတွင်းဘက် ခပ်လှမ်းလှမ်းဆီတွင် စုပုံနေသော အရာဝတ္ထုများကို စုနန္ဒာ



www.burmeseclassic.com

www.burmeseclassic.com



လက်နှိပ်ဓာတ်မီးဖြင့် ထိုးလျက်ရှိသည်။ စိုးပိုင်ကလည်း သူ၏ လျှပ်စစ်မီးလုံးအလင်းရောင်ဖြင့် အားဖြည့်ပေးလိုက်သည်။ လှိုဏ်ခေါင်း မြင်ကွင်းကြောင့် ပါးစပ်အဟောင်းသား ဖြစ်ကုန်သည်။

တစ်ချိန်က ကျောက်ဂူကြီး ထွက်ပေါက်ပိတ်ပြီး ပိတ်သွားခဲ့ပုံရသည်။ လှုရာပေါင်းများစွာ တောင်ခေါင်းထဲတွင် ပိတ်မိပြီး သေကြေပျက်စီးခဲ့ရသည်။ သည်မြင်ကွင်းက ရာစုနှစ်ပေါင်းများစွာ အပြင်လောကနှင့် အဆက်ပြတ်ခဲ့သည်။ အဖြစ်မှန်ကို မည်သူမျှ တိတိကျကျ သိနိုင်မည် မထင်ချေ။ အရိုးခေါင်းခွံများက သူတို့အား သွားဖြဲပြီး ကြည့်နေကြသည်။ တစ်နေရာတွင် ကြေးဝါရောင် လှံသွားများကို ကိုင်ဆောင်ထားသည့် သံခမောက်ဆောင်း ချပ်ဝတ်တန်ဆာများနှင့် လူဆိုးများ တွေ့နေရသည်။ ၄င်းတို့ကို ထိလိုက်သည်နှင့် ကြွေကျကုန်သည်။

ရုတ်တရက် မည်သူမျှ စကားမပြောနိုင်တော့ချေ။

'ဦးခွံရိုးတစ်ထောင်ဂူကြီးပါလား'

စိုးပိုင်က လွှတ်ခနဲ ပြောလိုက်သည်။

'ဒဏ္ဍာရီက မှန်နေပြီပဲ၊ ကျွန်မတို့ မယုံလို့ မရတော့ဘူး'





ထို့နောက် စုနန္ဒာက ရှေ့သို့တဖြည်းဖြည်း တိုးသွားကာ သူမအား သွားဖြဲ၍ ခြောက်လှန့်နေသော အရိုးများကြားရှိ ဦးခေါင်းခွံများဆီ တစ်လှမ်းချင်း တိုးသွားသည်။

တချို့ သံခမောက်ဆောင်း စစ်သည်များ၏ အရိုးကြားတွင် ဓားများစိုက်ဝင်လျက် ရှိသည်။ ဝေဒနာ မခံစားလိုတော့၍ မိမိကိုယ်မိမိ အဆုံးစီရင်ခဲ့ကြခြင်းဖြစ်သည်။ ဂူကြီးမှာ ကျယ်ဝန်းလှသဖြင့် စကားတိုးတိုး ပြောရုံမျှဖြင့် ကျယ်လောင်စွာ ပဲ့တင်ထပ်သွားသည်။

စိုးပိုင်က စုနန္ဒာနောက် လိုက်သွားသည်။ လမ်းတစ်လျှောက်လုံး အရိုးစုများကို ရှောင်၍မလွှတ်။

နောက်ဆုံး နံရံမှီ၍နေသော အရိုးစုကို တွေ့လိုက်ကြရသည်။ အရိုးစုက ထူးခြားသော ချပ်ဝတ်တန်ဆာဝတ်လျက်သွားဖြီးပြနေသည်။ စုနန္ဒာက အရိုးစုများကြားမှ တစ်စုံတစ်ခုကို ကုန်း၍ကောက်နေသည်။ သူမ ပြန်၍မော့လာသောအခါ မျက်ရည်ရစ်ဝဲနေသည်ကို တွေ့လိုက်ရသည်။

'သရုပ်တွေ့ပြီ ကိုစိုးပိုင်၊ ဒါပေမဲ့ ကျွန်မ မျှော်လင့်သလိုတော့ ဖြစ်မလာတော့ဘူး'



www.burmeseclassic.com

www.burmeseclassic.com



သူမက သရဖူပုံစံ ရွှေပြားဝိုင်းကလေးတစ်ခုကို လက်ဖြင့် ကိုင်ထားသည်။ ကြေးသျှော်များ တက်နေ၍ မှေးမှိန်လျက်ရှိသည်။ ရှေးခေတ်ဟောင်းက အမြတ်တနိုး တန်ဖိုးထားခဲ့သော တန်ခိုးကြီးလှသည့် ဓကရီတစ်ပါးအား ဆက်သမည့် သရဖူနှင့် လုံးဝမတူတော့ချေ။

ကျောက်မျက်ရတနာများ စီခြယ်ထားခဲ့သော နေရာအနှံ့အပြားတွင် ချိုင့်ခွက်ကလေးများဖြစ်နေသည်ကို စုနန္ဒာက လက်ညှိုးဖြင့် ထိုးပြသည်။

'ကျောက်မျက်ရတနာတွေကတော့ ရှေးနှစ်ပေါင်း ပဝေသဏီကတည်းက အခိုးခံခဲ့ရပြီ ထင်ပါရဲ့၊ ဒါမှမဟုတ် ဒေသလူရိုင်းတွေရဲ့ လက်ချက်ပဲလား မဆိုနိုင်ဘူး'

သူမ၏ မျှော်လင့်ချက်တို့မှာ သဲထဲရေသွန်ဖြစ်ခဲ့ရလေပြီ။ သူ့မျှော်လင့်ချက်အတိုင်းသာ ဖြစ်ခဲ့လျှင် ဤနေရာမှ လွတ်မြောက်ခဲ့သည်နှင့် သူမသည် သမိုင်းပညာရှင်တစ်ဦးအဖြစ် ထင်ပေါ်ကျော်ကြားလျက် အသိအမှတ်ပြုခြင်းကို ခံရပေလိမ့်မည်။ သို့သော် စုနန္ဒာက သရဖူ နောက်သို့ လိုက်နေခြင်းမှာ သရဖူ၏ တန်ဖိုးကြောင့်သာ ဖြစ်ပါသည်။ ကျောက်မျက်ရတနာများမှာ နှစ်ဆယ်ရာစုတိုင်အောင်ပင် တန်ဖိုးရှိနေဆဲဖြစ်သည် မဟုတ်ပါလား။

'ကျွန်မ ရည်မှန်းချက်တွေတော့ ပျက်ပါပြီရှင်၊ ကျွန်မ မိသားစုနဲ့ ဆင်းရဲမွဲတေတဲ့ဘဝကို လွတ်မြောက်ချင်လွန်းလို့ ကျွန်မ ကြိုးစားခဲ့ရတာတွေ အခုတော့ အချည်းနှီး အလဟဿ ဖြစ်ကုန်ပြီ'

သူမသည် ငိုသံပါဖြင့် ပြောဆိုရာ သူမ၏လက်ထဲမှ သရဖူသည်လည်း လွတ်၍ကျသွားလေတော့သည်။

ထိုအချိန်မှာပင် အပြင်ဘက်ဆီမှ ရိုင်ဖယ်သေနတ်များ တဒိုင်းဒိုင်းဖြင့် ပစ်ခတ်သံမှာ ဂူ၏နက်ရှိုင်းသော အတွင်းဘက်ထိ ဝင်ရောက်လာလေတော့သည်။

✣ ✣ ✣







www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၈)

တေးစာခံ

ဦးမင်းနိုင်၏ အမိန့်ပေးသံများ ဆူညံစွာ ကြားနေရ [illegible] သေနတ်သံများက အဆက်မပြတ် ဆူညံလျက်ရှိနေ [illegible] ဂူပေါက်ဝမှ ပေနှစ်ရာခန့်မျှဝေးသော အပြင်ဘက်တွင် [illegible]နှံ့းချထားသည်။ ကင်းပုန်းများက ပြတ်တောင်းပြတ် [illegible]ပြန်လည်ပစ်ခတ်နိုင်ကြသည်။

ကင်းသမားများနှင့် အပြင်ဘက်မှလူများပါ ဂူအတွင်း [illegible]ဝင်လာခဲ့ကြသည်။ ဂူ၏တောင့်ချိုးကို သူတို့တွေ့လိုက် [illegible] စိုးပိုင်နှင့် ဦးမင်းနိုင်တို့ ရှိနေကြသည်။ ကျောက်နံရံ



www.burmeseclassic.com

www.burmeseclassic.com



နှစ်ခုကြား ပပ်ကြားအက်မှ အလင်းရောင်ခပ်ရေးရေးကို မြင်နေရသည်။ အချိန်က ညနေစောင်းနေပြီ။

ဂူပေါက်ဝရှိ မြေကြီးပေါ်တွင် တောင်တက်သမားနှစ်ဦး ဝမ်းလျားမှောက်နေကြသည်။ မမြင်နိုင်သော နေရာဆီမှ လက်ပစ်ဗုံးပေါက်ကွဲပြန်သည်။ ဂူပေါက်ဝသို့ နောက်ထပ် လက်ပစ်ဗုံးတစ်လုံး ကျရောက်လာပြန်သည်။ စိုးပိုင်နှင့် ဦးမင်းနိုင်တို့ ဝပ်နေရာသို့ ကျောက်ခဲအစအနများ လွင့်စဉ်ကျလာသည်။

နောက် ကင်းသမားတစ်ဦး ပြေးဝင်လာရာ ကင်းသမားမှာမျက်နှာကို လက်ဝါးဖြင့်အုပ်ပြီး ငယ်သံပါအောင် အော်လျက်လဲကျသွားသည်။

စိုးပိုင်က ခေါင်းထောင်ကြည့်သည်။ ဂူပေါက်ဝမှ ဖေ တစ်ရာခန့်ဝေးသောနေရာတွင် သူတို့ရောက်ရှိနေကြသည်။ ထို နေရာတွင် ဦးဇော်မှိုင်း၏ အလံကလေးက တလူလူလွင့်နေသည်။

'အဲဒါ တစ်ဖက်နိုင်ငံက ဝံပုလွေရိုင်း အုပ်စုပဲ၊ အဲဒီ ဂိုဏ်းက ခင်မောင်ကြီးနဲ့ အဆက်အသွယ်ရှိတယ်'

ဦးမင်းနိုင်က စိုးပိုင်ဖက်လှည့်၍ ပြောလိုက်သည်။





ကျည်ဆန်များက ဂူပေါက်ဝတွင် အဆက်မပြတ် ရောက်လျက်ရှိသည်။ ကင်းစောင့်တပ်သားတစ်ဦးက ဂူပေါက်ဝသို့ပြေးသွားပြီး သူ၏ရိုင်ဖယ်သေနတ်ဖြင့် အပြင်ကို ရမ်းသန်းပြီး ပစ်နေသည်။ ဦးမင်းနိုင်က ကျည်ဆန်မဖြုန်းဖို့ သတိပေးလိုက်သည်။

'ရိက္ခာတွေက အပြင်မှာ ကျန်ရစ်တယ်၊ ဂူထဲမှာတော့ နှစ်ရက်စာလောက် လုံလုံလောက်လောက် ရှိနေပါတယ်'ဟု စိုးပိုင်က ပြောလိုက်သည်။

'ကျုပ်တို့လည်း အပြင်ထွက်မလို့ မရတော့ဘူး မဟုတ်လား'

ဦးမင်းနိုင်က စိတ်တိုသည့် လေသံဖြင့် ပြောသည်။ စုနန္ဒာက စိုးပိုင်တို့အနီး တိုးကပ်လာပြီး စောင်တစ်ထည်ပေါ်မှာ ဒူးထောက်ပြီး ထိုင်ရှာသည်။ မှောင်ထဲမှာမို့ တစ်ယောက်မျက်နှာကို တစ်ယောက် ခပ်ရေးရေးသာ မြင်နိုင်သည်။

'ဒီကထွက်လာနိုင်လို့ အပြင်လောကထဲ ရောက်တာနဲ့ ခင်ဗျားရဲ့တွေ့ရှိမှုကို တစ်ကမ္ဘာလုံးက ချီးကျူးကြမှာပါ၊ စောစော က ခင်ဗျားတွေ့ခဲ့ရတဲ့ ပစ္စည်းတွေ၊ သရဖူနဲ့ စစ်သည်တော်တွေကို



www.burmeseclassic.com

www.burmeseclassic.com



စစ်လက်နက်တွေ၊ ချုပ်ဝတ်တန်ဆာတွေက ခင်ဗျားကို သမိုင်း ပညာရှင်အဖြစ် မြှင့်တင်ပေးပါလိမ့်မယ်'

'အေးလေ… ကျွန်မ မျှော်လင့်တဲ့ကျောက်မျက်ရတနာ တွေမှ မရှိတော့တာ၊ ဒါနဲ့ပဲ ကျေနပ်နစ်သိမ့်ရတော့မှာပေါ့'

'ခင်ဗျား အစ်ကိုကို ခင်ဗျား မြေပုံပေးလိုက်တယ် မဟုတ်လား'

'မြေပုံလား၊ ဘာလားတော့ မသိဘူး၊ မမငြိမ်းက ပြန် ပေးခိုင်းလို့ စာအိတ်ရှည်ကြီး တစ်လုံးတော့ ပြန်ပေးလိုက်ရတယ်၊ အဲဒီထဲမှာ ဦးဇော်မှိုင်းရဲ့ မြေပုံပါမယ်လို့ ထင်တာပဲ၊ ဒါကြောင့် လည်း သူတို့ ဒီနေရာ သိကြတာပေါ့၊ ကျွန်မတို့အတွက်တော့ မလိုပါဘူး၊ ဆရာစိန်ရဲ့ ကျေးဇူးကြောင့်လို့ ဆိုရမှာပဲ၊ အင်း… ဟိုနေ့ညကအဖြစ်မျိုး ကျွန်မ ပြန်မတွေးချင်တော့ပါဘူးရှင်'

ထိုအချိန် မီးကျည်လေးတစ်ခု ဝှပေါက်ဝဆီသို့ ကျလာ သည်ကို တွေ့လိုက်ရသည်။ တစ်စုံတစ်ဦးဆီမှ အော်သံကြား လိုက်သည်။

'စိုးပိုင် မလှုပ်နဲ့နော်'

အသံရှင်မှာ ခင်မောင်ကြီးဖြစ်သည်။ မီးကျည်ကျလာ





သော နေရာက စိုးပိုင်ရှေ့ ကိုက်အနည်းငယ်သာ ကွာသည်။ သူ့အုပ်စုရော၊ ကိုယ့်အုပ်စုပါ အုပ်စုနှစ်ခုစလုံးကို မြင်တွေ့နေရ သည်။ ထို့ကြောင့် စိုးပိုင်လည်း အသာပင်ငြိမ်နေလိုက်ရသည်။

'အထဲမှာ စုနန္ဒာ မင်းနဲ့အတူ ရှိနေသလား'

'ရှိတယ်'

'မင်းတို့မှာ ဘာမျှော်လင့်ချက်မှမရှိတော့ဘူးဆိုတာ သိ ရဲ့လား'

'မင်း ငါမြင်ရတဲ့နေရာထိ ထွက်လာခဲ့စမ်းပါ'

'ကောင်းပြီ၊ ငါထွက်ခဲ့မယ်၊ ငါတို့အစီအစဉ်တစ်ရပ် ရေးဆွဲရအောင်၊ ငါတို့ထဲမှာ ဘယ်သူမှ ဒီနေရာမျိုးမှာ သေစရာ အကြောင်းမရှိဘူး၊ ဒါပေမဲ့ ငါ အပြင်မထွက်ခင်တော့ မင်းနဲ့ အပေးအယူလုပ်ရလိမ့်မယ်၊ မင်း ငါ့ကိုပြန်တိုက်ရင် ထိပ်တင် ငြိမ်း အသက်နဲ့ကိုယ် အိုးစားကွဲမယ်ဆိုတာ သိရဲ့လား'

'သူက မင်းနဲ့အတူ ရှိနေလို့လား'

'အေး… ရှိတယ်'

'ဒါဆို ထွက်ခဲ့စမ်းပါ၊ ငါမြင်ရမှ ယုံမယ်'

'ဘယ်ရမလဲကွ၊ ငါပြောတဲ့အချက် လက်ခံမလား မခံ



www.burmeseclassic.com

www.burmeseclassic.com



ဘုရားလားဆိုတာ မင်းမှ မပြောသေးဘဲ'

စိုးပိုင် စဉ်းစားမနေတော့။

'သဘောတူပါတယ်'

သူ ထွက်လာသည်။ သို့သော် သူတစ်ယောက်တည်းသာဖြစ်သည်။ ဂူပေါက်ဝမှ သူ့ကို ထီးထီးကြီး မြင်နေရသည်။ စိုးပိုင်က သူ့လူများကို မပစ်ဖို့သတိပေးရသည်။ ခင်မောင်ကြီးက ထိပ်တင်ငြိမ်းကို စားစာခံ လုပ်ထားကြောင်း ရှင်းပြရသည်။

'ကိုင်း... ဘယ်လိုလဲ'

ခင်မောင်ကြီးက မေးသည်။ ပြီး သူကပင်ဆက်၍ပြောသည်။

'ကျုပ်တို့ အမှန်အတိုင်း ပြောကြရအောင်'

'ပြောဖို့အချိန်ထက်တောင် လွန်လာပြီ'

စိုးပိုင်က စောဒကတက်လိုက်သည်။

'ခင်ဗျားတို့အားလုံး ဂူထဲမှာပိတ်မိနေကြပြီ၊ အပြင်ဘက်ကို ခြေတစ်လှမ်း ထွက်လိုက်တာနဲ့ စက်သေနတ်က ပစ်ချလိုက်ဖို့ အဆင်သင့်ချိန်ပြီးသား၊ ခင်ဗျားတို့ ခေါင်းမာနေမယ်ဆိုရင် ကျုပ် အချိန်နည်းနည်းပဲ စောင့်နိုင်မယ်၊ ခင်ဗျားတို့ ပထမဆုံး





အစာရေစာပြတ်မယ်၊ ပြီးတော့ အအေးဒဏ်ခံရမယ်၊ နောက်ဆုံးတော့ အရိုးတွေနဲ့အတူရောပြီး မိတ်ဆွေဖွဲ့ကြရလိမ့်မယ်'

'မကြာမီ စစ်ကူရောက်လာတော့မှာပါ'

စိုးပိုင်က ရေဒီယိုကို ညွှန်ပြပြီး ပြောလိုက်သည်။

'ဟား... ဟား... ဟား... သိပ်လည်း ကြွားလုံးထုတ်မနေပါနဲ့၊ ဂူထဲမှာ ဘယ်လိုမှ အဆက်အသွယ်လုပ်လို့မရပါဘူး၊ နှစ်ဦးနှစ်ဖက် ညှိနှိုင်းလုပ်ကြရအောင်'

'ဒီတော့ ခင်ဗျားတို့ဘက်က ဘာပြန်ပေးနိုင်မှာလဲ'

'ခင်ဗျားတို့ အသက်တွေ ပြန်ပေးနိုင်တယ်လေ'

'ခင်ဗျားနှုတ်ကတိနဲ့ ဖြစ်ပါ့မလား'

'လုပ်မနေပါနဲ့၊ ခင်ဗျားတို့မှာ တခြားရွေးချယ်စရာလမ်းမရှိပါဘူး'

'ကျုပ်တို့အားလုံးကို ခင်ဗျား လုံးဝ ကင်းလွတ်ခွင့်ပေးမှာလား'

'ခဏတစ်ဖြုတ်လောက်တော့ ထိန်းသိမ်းထားရဦးမှာပေါ့၊ ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားက ကျုပ်ကို စီအိုင်ဒီလက်ထဲအပ်မယ့် အန္တရာယ်ရှိနေသေးတယ်လေ'



www.burmeseclassic.com

www.burmeseclassic.com



'ဘာလဲ ခင်ဦးဆွေ သတ်တဲ့ကိစ္စလား'

'မဟုတ်ပါဘူး၊ သူက ကျုပ်ကို နည်းနည်းစိတ်အနှောင့်အယှက်ပေးလို့ ဆုံးမလိုက်ရတာပါ'

'ဦးဖော်မှိုင်းကိစ္စကတော့ရော'

'ဒါကလည်း သူ့ကိစ္စ သူရှင်းသွားတာပေါ့၊ သူ့တာဝန်ပိုင်း ပြီးဆုံးသွားပြီဆိုတော့လည်း လမ်းဆုံးပို့ပေးရတယ်လို့ဆိုရမှာပေါ့'

'ဒါဖြင့် ကိုယ့်ကိုယ်ကိုယ် မှတ်ကြီးလို့ အမည်ခံယူထားတဲ့ လူဟာ ခင်ဗျားပဲပေါ့'

စိုးပိုင်က တည်ငြိမ်စွာ မေးလိုက်သည်။

'ဘာလဲ ခင်ဗျား အံ့သြနေသလား'

'မအံ့သြပါဘူး၊ ကျုပ်သိတာ အချိန်တော်တော်ကြာပါပြီ၊ ဒါပေမဲ့ ခင်ဗျားရဲ့ တွဲဖက်ကို ဘယ်လိုရှာရမလဲ စဉ်းစားမိလို့ ကြိုးရှည်ရှည်နဲ့ ချည်ထားတာပါ'

'တွဲဖက် ဟုတ်လား'

ခင်မောင်ကြီးက အားရပါးရ ရယ်မောလိုက်ပြန်သည်။

'ကျုပ်တွဲဖက်ကိုရှာမတွေ့ဘဲ ခုတော့ ခင်ဗျားနဲ့ တခြား





လူတွေပဲ ထောင်ချောက်ထဲမှာ ပိတ်မိနေပြီ မဟုတ်လား'

'ခင်ဗျားညီမ စုနန္ဒာပါ ကျုပ်တို့နဲ့အတူ ထောင်ချောက်ထဲမှာ ပိတ်မိနေတယ်ဆိုတာလည်း သတိထားဦးမှပေါ့'

ခင်မောင်ကြီးက ခေါင်းညိတ်သည်။

'ဒါပေမဲ့ သူ့မှာ အန္တရာယ်မရှိနိုင်ပါဘူး။ ကျုပ်ဆီမှာလည်း ခင်ဗျားတို့ရဲ့ သခင်မ ရှိနေတာပဲမို့လား'

'ခုတော့ သူက ခင်ဗျားအပေါ် ဘယ်လိုသဘောထားသလဲ ဆိုစမ်းပါဦး'

'သူ့သဘောထားက အရေးမကြီးပါဘူး၊ ဘယ်တုန်းကမှလည်း အရေးမပါခဲ့ပါဘူး၊ ကျုပ်ပြောတာသာ ခင်ဗျား နားထောင်စမ်းပါ'

'နားမထောင်ချင်ဘူးဆိုရင်ကောဗျာ'

'အားလုံး ဂူထဲမှာ သေပွဲဝင်ကုန်မှာပေါ့'

'စုနန္ဒာရော ပါသေးလား'

'လိုအပ်ရင် သူလည်း ပါသွားမှာပဲပေါ့ဗျာ'

'ကျုပ် ခင်ဗျားနဲ့ အပေးအယူ မလုပ်နိုင်ပါဘူး'

စိုးပိုင်က ပြတ်ပြတ်သားသား ပြောချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မီးကျည်လည်း ငြိမ်းသွားသောကြောင့် အားလုံး မှောင်အတိကျသွားလေတော့သည်။

✣ ✣ ✣



# အခန်း(၁၉)

## သေတူရှင်ဖက်

'ကိုဇော်ဝိတ်'

စိုးပိုင်က ခပ်တိုးတိုးခေါ်လိုက်သည်။

'ခင်ဗျား ဘာလုပ်ချင်လို့လဲ'

'ခင်ဗျားနဲ့ ကျုပ် ဂူအပြင်ထွက်ပြီး စနည်းနာရအောင်၊ ဒီအတိုင်းငုတ်တုတ်ငြိမ်ပြီး အသေခံလို့တော့မဖြစ်သေးဘူး'

'ကျုပ်က ဘာလုပ်နိုင်မှာမို့လဲ'



www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်တို့ ကျောက်ဂူခေါင်မိုးပေါ် တက်ကြမယ်၊ ဒါဆိုရင် သူတို့အားလုံးကို အပေါ်စီးက မြင်လို့ရမယ်၊ ပြီးတော့ ဂူထဲ ကလူတွေ တစ်ယောက်ပြီးတစ်ယောက် ဆွဲတင်လို့ရမယ်'

'မလွယ်ပါဘူး၊ ပေနှစ်ရာနီးပါးမြင့်တယ်၊ နှစ်ယောက်စလုံး သေကုန်ကြလိမ့်မယ်'

'ဒီဂူထဲပိတ်ပြီးလည်း သေရမှာပဲ မဟုတ်လားဗျာ၊ စုနန္ဒာကို မကယ်တင်ချင်တော့ဘူးလား၊ ကျုပ်တစ်ယောက်တည်း တတ်နိုင်တဲ့ကိစ္စသာဆိုရင် ကျုပ် ခင်ဗျားကို ခေါ်မနေဘူး၊ ခင်ဗျားပါမှ ဖြစ်မှာမို့ပါဗျာ၊ ခင်ဗျားဟာ ဒီမှာအတော်ဆုံး တောင်တက်သမားဆိုတာ ကျုပ်သိထားပါတယ်'

'ဒါပေမဲ့ ကျုပ် ဆုံးဖြတ်ချက်ချထားတာ ရှိတယ်၊ ခင်ဗျားကို ကျုပ် တစ်ချိန်ချိန်မှာ အသေပစ်သတ်မယ်လို့'

'ဘာလဲ စုနန္ဒာအတွက်လား'

'ဟုတ်တယ်'

'ခင်ဗျားဘာပဲ ဆုံးဖြတ်ထားထား၊ ကျုပ်က အရေးမစိုက်ဘူး၊ ကျုပ် လုပ်စရာရှိတာ လုပ်ရမှာပဲ'

'ဒီချောက်ကမ်းပါးမှာ ခင်ဗျားကို ကျုပ် လုပ်ကြံလို့ရ





ဘယ်နော်၊ ခင်ဗျား ကျုပ်ကို မယုံနဲ့'

'ယုံတာက မယုံပါဘူး၊ ဒါပေမဲ့ လုပ်စရာရှိတာ လုပ်ရသိမ့်မယ်၊ လုပ်ကြံတဲ့ကိစ္စကို ကျုပ်နည်းနဲ့ကျုပ် ရှောင်ရမှာပေါ့'

'ခင်ဗျား ကိုယ့်ကိုယ်ကိုယ် တော်တော် အထင်ကြီးတာပဲ'

'လာပါဗျာ၊ မနက်လင်းလို့ အလင်းရောင်မြင်တာနဲ့ ကျုပ်တို့အားလုံး မသာပေါ်ကုန်လိမ့်မယ်'

စိုးပိုင်က မှောင်ရေးရေး အလင်းရောင်တွင် ဓော်ဝိတ်ကို ဖွတ်ဆွဲ၍ ဂူအပြင်ဘက်သို့ထွက်ခဲ့သည်။ ဓော်ဝိတ်က နိုင်လွန်ကြိုးခွေနှင့် သူ၏ကျောပိုးစစ်လွယ်အိတ်ကို လွယ်လာခဲ့သည်။ လက်ယာဘက်သို့ ချိုးကွေ့ပြီး ဂူအပြင်သို့ လှစ်ခနဲကွယ် ဝှက်၍ ထွက်ခဲ့ကြသည်။

သူတို့ ကြိုးခွေများ၊ သံမှိုများနှင့် တူများကို အသင့်ပြင်ထားကြသည်။ ထို့ပြင် သားရေအိတ်ဖြင့် ထည့်ထားသော ခဲခွဲပုဆိန်ကိုလည်း တစ်ပါတည်း ယူခဲ့ကြသည်။ သူတို့လုပ်ငန်းများကို ဦးမင်းနိုင်က စိတ်မပါတပါဖြင့် ကြည့်နေသည်။

'ဒီပေါ်ကို ဘယ်သူတက်လို့ရမှာလဲ၊ မဖြစ်နိုင်တာပဲ



www.burmeseclassic.com

www.burmeseclassic.com



ဗျာ၊ ခင်ဗျားတို့လုပ်လို့ အသံတွေ ဆူညံလာမယ်၊ ကျောက်ခဲတွေ ကျကုန်မယ်ဆိုရင် သူတို့သိသွားပြီး ကျည်ဆန်တွေ ပြေးဝင်လာလိမ့်မယ်'

'ခင်ဗျားရဲ့ အစောင့်တွေကို ဟန်ဆောင်ပန်ဆောင်ဖြစ်ဖြစ် အပစ်ခိုင်းပေးပါဗျာ၊ ဒါမှ ကျုပ်တို့ အသံကို လူမကြားမှာ'

'ကျုပ် ကျည်ဆန်မဖြုန်းနိုင်ဘူး'

'ဒီထက်ပိုပြီးတော့လည်း ခင်ဗျားကျည်ဆန်တွေက အသုံးချလို့ ရတော့တာမှ မဟုတ်တာပဲဗျာ၊ ကျုပ်ပြောသလိုသာ ဆက်လုပ်ပါ'

စိုးပိုင်၏ ဆင်ခြေကြောင့် ဦးမင်းနိုင်မှာ ခေါင်းညိတ်လိုက်ရတော့သည်။

ဇော်ဝိတ်က တောင်တက်ကိရိယာများဖြင့် ဆင်းနေစဉ် စုနန္ဒာက စိုးရိမ်ထိတ်လန့်ဟန်ဖြင့် တတွတ်တွတ် မှာကြားနေသည်။ စိုးပိုင်ထံသို့လည်း ကြည့်ကွက်ကြည့်ကွက် လုပ်နေသေးသည်။

နံနက်တစ်နာရီလောက်တွင် အသင့်ပြင်ဆင်ပြီးချေပြီ၊ ပပ်ကြားအက်ကြီးထဲမှ မော့၍ကြည့်လျှင် ကြယ်များကို မြင်ရ





သည့်နေရာသို့ သူတို့ထွက်လာခဲ့ကြသည်။

အတွင်းဘက်သို့ ကိုင်းညွတ်နေသော ကျောက်နံရံကြီးများကို ဇော်ဝိတ်က လက်ဖြင့် စမ်းကြည့်နေသည်။

'ဒီနေရာကနေပြီး ကျွန်တော် ကြိုးစားကြည့်ဦးမယ်'

ဇော်ဝိတ်က ပြောလိုက်သည်။ သူသည် နံရံတစ်ဖက်ကို ခြေထောက်ဖြင့် ထောက်ကန်၍ နံရံတစ်ဖက်ကို သူ့ပခုံးဖြင့် မှီရင်း တက်သွားသည်။ ဦးမင်းနိုင်က ဂူပေါက်သို့ကျည်ဆန်နှစ်တောင့်လောက် ပစ်ထည့်ရန် အမိန့်ပေးလိုက်သည်။ စိုးပိုင်က ဇော်ဝိတ်နောက်မှ အလားတူ တက်လိုက်သွားသည်။ ပပ်ကြားအက်မှာ တဖြည်းဖြည်း ကျဉ်းမြောင်းသွားပြီး လက်ဝဲဘက်သို့ ကွေ့ကောက်သွားပြန်သည်။

တစ်နေရာအရောက်တွင် ကျောက်စွန်းပေါ်သို့ ဇော်ဝိတ်က ရပ်ပြီး စိုးပိုင်အား ခဏနေဦးဟု လက်ပြပြီး တားလိုက်သည်။ နောက် သူ၏ စစ်လွယ်အိတ်ထဲမှ သံမှိုများကို ဆုပ်၍ ယူကာ ကျောက်နံရံတွင် တဒက်ဒက်ဖြင့် ထုနှက်နေတော့သည်။ နောက် နိုင်လွန်ကြိုးတစ်ခွေ စိုးပိုင်ထံ ချပေးလိုက်သည်။ တူနှက်သံ ပေါ်လာပြန်သည်။ ဦးမင်းနိုင်က သေနတ်သံများကို



www.burmeseclassic.com

www.burmeseclassic.com



ကြိုးကြားကြိုးကြား ပေးနေသည်။

တစ်နေရာအရောက်တွင် ကျောက်ပြားက ဦးခေါင်းပေါ် မိုးနေသည်။

'တက်လို့မရတော့ဘူးဗျို့၊ ဘယ့်နှယ့်လုပ်ကြမလဲ'

ဇော်ဝိတ်က လှမ်းပြောလိုက်သည်။

'ရအောင်တော့ တက်ရမှာပဲ'

'ကွေးညွှတ်နေပုံက အရမ်းဆိုးတယ်၊ တွယ်စရာလည်း ရှိပုံမပေါ်ဘူး'

'ကြိုးစားကြည့်ပါဦးဗျာ၊ ခင်ဗျားလုပ်ရင် ဖြစ်ပါတယ်'

ဇော်ဝိတ်က သက်ပြင်းချသည်။

'အေးပါလေ၊ လုပ်ကြည့်ကြသေးတာပေါ့'

ပြီး သူက ဆက်ပြောသည်။

'ကျွန်တော်တို့ကိုယ်လုံးကို ကြိုးနဲ့ ချည်ထားရလိမ့်မယ်၊ တကယ်လို့ သံမှိုပြုတ်ပြီး ချော်ကျတောင် အောက်မှာ တွဲလောင်းဖြစ်ပြီးနေလိမ့်မယ်၊ ခင်ဗျား ကျွန်တော့်ကို ပြန်ပြီး ထိန်းနိုင်ပါ့မလားဆိုတာ ကျွန်တော် စဉ်းစားလို့မရဘူး'

'ကျွန်တော် အစွမ်းကုန် ကြိုးစားပါ့မယ်ဗျာ'





နောက် လုပ်ငန်းပြန်စကြသည်။ ဇော်ဝိတ်က ကျွမ်း ကျင်ပိုင်နိုင်စွာပင် တက်သွားသည်။ အချိန်တော့ တော်တော်လေး ဝေးရသည်။ ပေနှစ်ဆယ်လောက်ရောက်ဖို့ တစ်နာရီလောက်ကြာ သည်။ စိုးပိုင်က လွတ်လွတ်လပ်လပ်တက်၍ရရန် သူ၏အကျီ ကို ချွတ်၍ပစ်လိုက်သည်။ အောက်မှ စုနန္ဒာ လူကျလာသည် အထင်ဖြင့် အော်ဟစ်လိုက်သံကို ကြားရသည်။

နောက် သူတို့တူနှက်သံများက ဖုံးလွှမ်းနေပြန်သည်။ တူနှက်သံကို ဖုံးကွယ်ရန် အောက်ဆီမှ ရှဲဖန်ရှဲခါ သေနတ်သံ ပေါက်ပေးရသည်။

ဇော်ဝိတ်မှာ ခက်ခက်ခဲခဲ လုပ်ဆောင်နေရသည်။ တစ နေရာတွင် ချောက်ကမ်းပါးကြီးကို လက်တစ်ဖက်ဖြင့် တွယ်ပြီး ကျန်လက်တစ်ဖက်တည်းဖြင့် သံမှိုကို အားကုန်ရိုက်သွင်းနေရ သည်။ သံမှိုကို မြဲမြံစွာ ရိုက်သွင်းနိုင်ခဲ့သည်။

ထို့နောက် ဇော်ဝိတ်သည် သူ့ကိုယ်ကို အားကုန်လွှဲ လိုက်ပြီး ကျောက်ကမ်းပါးယံသို့ အားယူ၍ ခန္ဓာကိုယ်အပေါ် ပိုင်းကို တွန်းတင်လိုက်သည်။ ထိုအခိုက်မှာပင် သူဆုပ်ကိုင်ထား သော ကျောက်စွန်းက ပဲ့ထွက်သွားပြီး သူ၏ခန္ဓာကိုယ်ကြီးမှာ



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ကမ်းပါးယံမှ လျှောကျလာသည်။ တစ်ဆက်တည်းပင် ကျောက်တုံးကျောက်ခဲများလည်း လျှောကျပါလာသည်။ ဇော်ဝိတ်တစ်ယောက် လေထဲတွင် တွဲလောင်းဖြစ်နေသည်။

အကယ်၍သာ စိုးပိုင်၏ ကိုယ်ခန္ဓာပေါ်၌ နိုင်လွန်ကြိုးဖြင့် တွဲ၍ ရစ်ပတ်ချည်နှောင်ထားခြင်းမရှိပါက ဇော်ဝိတ်၏ ခန္ဓာကိုယ်မှာ ပေနှစ်ရာခန့်နက်သည့် ချောက်ကြီးထဲသို့ တစ်ဟုန်ထိုးကျဆင်းသွားမည်သာ ဖြစ်ပေသည်။

တခြားသူတစ်ဦးဦးသာဆိုလျှင် မုချသေဖို့သာ ရှိတော့သည်။ ထိုမျှမက ငယ်သံပါအောင်လည်း အော်ပေလိမ့်ဦးမည်။ သို့သော် ဇော်ဝိတ်ပြုတ်ကျသွားပုံကတော့ တိတ်ဆိတ်လွန်း သည်။ သူ၏ကိုယ်အလေးချိန်ကြောင့် စိုးပိုင်၏ ကိုယ်ခန္ဓာမှာ မချိမဆံ့ ခံလိုက်ရသည်။

သူ၏ ရှေမခန္ဓာကိုယ်ကြီးဖြင့် ဆောင့်ဆွဲခြင်း ခံလိုက်ရသဖြင့် ဘယ်ဘက်လက်မှ သံတစ်ချောင်း ပြုတ်ထွက်သွားသည်။ သူ၏လက်မောင်းများမှာ နာကျင်ကိုက်ခဲလျက် မခံမရ နိုင်အောင်ပင် ဖြစ်ရသည်။ သို့သော် စိုးပိုင်မှာ မလှုပ်ရှားရဲချေ။ သူ လှုပ်လိုက်သည်နှင့် ဇော်ဝိတ်မှာ ဟန်ချက်ပျက်ပြီး





နိုင် ဖြစ်သွားပေမည်။

ဇော်ဝိတ်သည် လေထဲတွင် တွဲလောင်းကျပြီး ယမ်းခါနေသည်။ သူသည် တစ်ချက်မျှ အသံမထွက်ဘဲ အံကိုတင်းတင်းကြိတ်ကာ နိုင်လွန်ကြိုးကို သူ့လက်ဖြင့် ရစ်ပတ်ပြီး ကိုယ်ကို လွှဲလိုက်သည်။ ကိုယ်လုံးက ကျောက်နံရံတစ်ဖက်ဆီသို့ ကပ်ဆွဲရာ သူက သံငုတ်ကို လှမ်းပြီး ဆွဲလိုက်သည်။

နောက် သူသည် သံငုတ်ကို လက်နှစ်ဖက်ဖြင့် အားယူဆွဲကာ ကျောက်နံရံကို ကုပ်ကပ်၍ တက်လာသည်။ နောက် ကျောက်နံရံဖြင့် သူ့ကိုယ်သူ ကပ်လိုက်သည်။ ကျောက်နံရံ၏ အေးစက်မာကျောသော အထိအတွေ့ကို ခံစားလိုက်ရသည်။ စိုးပိုင်မှာ သူ၏ခန္ဓာကိုယ်အလေးချိန်ကြီးကို ထိန်းထားရသဖြင့် တင်းကျပ်စွာ ချည်နှောင်ထားသလို ခံစားနေရသည်။

ခဏကြာလျှင် သူသည် စိုးပိုင်၏ဘေးနား ကျောက်ခါးပန်းပေါ်သို့ တစ်ကိုယ်လုံး ရောက်ရှိခဲ့လေတော့သည်။ ထိုအချိန်မှာပင် မီးကျည်ဘစ်လုံးက မျက်စိစူးလောက်အောင် လင်းထိန်လျက် ပပ်ကြားအက်တစ်ခုလုံးကို လွှမ်းခြုံလိုက်လေတော့သည်။

သူတို့နှစ်ဦးမှာ အသက်ပင် မရှူရဲချေ။ ကျောက်နံ



www.burmeseclassic.com

www.burmeseclassic.com



တွင် ကပ်၍နေလိုက်ကြသည်။ သေနတ်သံများကြားရပြန်သည်။ သေနတ်သံက ချောက်ကမ်းပါးယံ တစ်ခုလုံး ဆူညံလွှမ်းခြုံသွားတော့သည်။ သို့သော် သေနတ်မှာ ပပ်ကြားအက်ထဲသို့ ပစ်ခြင်း မဟုတ်ဘဲ အောက်ခြေမြေကို ရှုပ်ပစ်သော သေနတ်သံဖြစ်သည်။ ဦးမင်းနိုင်တို့ဖက်မှ ပြန်ပစ်သော သေနတ်သံတချို့လည်း ကြားရသည်။

မကြာမီ မီးကျည်မှိန်၍ ပြန်လည်မှောင်ကျသွားပြန်သည်။ ပပ်ကြားအက်ထဲတွင် ကြယ်ရောင်လရောင်တချို့ တစ်ဝက်သာ တွေ့မြင်နေရသည်။

✣ ✣ ✣



# အခန်း(၂၀)

## သောဘ၏နိဂုံး

များမကြာမီမှာပင် သူတို့နှစ်ဦး တောင်ထိပ်ပေါ်သို့ ရောက်ရှိသွားခဲ့ကြသည်။ နှစ်ဦးသား ကျောက်တောင်ထိပ်တွင် ာက်လက်လှန်၍ အနားယူနေလိုက်ကြသည်။ မကြာမီ အရုဏ် ာက်ပေတော့မည်။

စိုးပိုင်က မတ်တတ်ရပ်၍ တောင်တက်ကြိုးကို ဖြည် ့လိုက်သည်။ ဇော်ဝိတ်ကလည်း မတ်တတ်ရပ်လိုက်သည်။

'ကျန်တဲ့လူတွေကို ကျွန်တော်တို့ ဆွဲတင်ကြရအောင်'



www.burmeseclassic.com

www.burmeseclassic.com



စိုးပိုင်ကမူ အောက်ခြေကို လှမ်းမျှော်ကြည့်ရင်း ပြော လိုက်သည်။

'ဝမ်းနည်းစရာပဲဗျာ၊ အချိန်မရှိတော့ဘူး၊ ကျုပ်အနေနဲ့ ကတော့ ဘယ်သူတစ်စုံတစ်ယောက်ကိုမှ ဂူထဲကနေ လွတ် ထွက်မသွားစေချင်ဘူး၊ ခင်ဗျားကိုတောင် ကျုပ်နဲ့အတူ နှစ် ယောက်တက်မှ ဖြစ်မှာမို့ ဒီပေါ်ကိုခေါ်လာရတာ'

နောက် ဇော်ဝိတ်က သေနတ်ကိုဆွဲထုတ်ပြီး စိုးပိုင်ကို ထိုးချိန်လိုက်သည်။

'ဩ... ခင်ဗျားက ကိုယ်ပိုင်အစီအစဉ်နဲ့ကိုး'

'လူဆိုတာ အကြံအစည်ရှိရတာပေါ့ဗျာ၊ ဒီကမ္ဘာပေါ်မှာ အင်အားကြီးတဲ့လူရယ်၊ သိပ္ပံနည်းကျ နေထိုင်တတ်တဲ့လူရယ်ပဲ အသက်ရှင် နေထိုင်ခွင့်ရှိလိမ့်မယ်၊ ခင်ဗျား ကျုပ်ခြေရာကို တုန်းက မကယ်တင်ဘဲနေခဲ့ရင် ရရက်နဲ့ ကယ်တင်ခဲ့တဲ့အတွက် တော့ ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ ကိစ္စတွေအားလုံးက စီစဉ် ပြီးသားဖြစ်နေပြီ'

'ဒါဆို စုနန္ဒာအတွက်ရော ခင်ဗျား မစဉ်းစားဘူးလား'

'ဒါက ကျွန်တော့်ကိစ္စပါလေ၊ ဂူထဲက လူတွေအားလုံး





သေတောင် သူကတော့ ခြင်းချက်နဲ့ ကျန်ရစ်နေဦးမှာပါ၊ ခင်ဗျား အနေနဲ့ ခင်မောင်ကြီးအပေါ် သံသယဝင်နေခဲ့တယ်ဆိုတာ ကျွန် တော် သိသားပဲ၊ ဒါပေမဲ့ ကျွန်တော်နဲ့ ပတ်သက်လို့တော့ ခင်ဗျား ဘယ်တုန်းကမှ မစဉ်းစားမိခဲ့ဘူး မဟုတ်လား'

'စဉ်းစားမိတာပေါ့ဗျာ၊ ခင်မောင်ကြီးက တစ်ကိုယ် ေတာ်လူမိုက် လုပ်နေပေမယ့် သူ့နောက်မှာ အမည်မဖော်ဘဲ ညွှန်ကြားနေတဲ့ အရိပ်စနစ်နဲ့လူတစ်ယောက် ရှိနေလိမ့်ဦးမယ်လို့ ေတာ့ ကျုပ် တွေးမိသားပဲ၊ ခုတော့ ကျုပ်တွေးတာ ကွက်တိမှန် ေပြီ၊ ခင်ဗျားရဲ့ မြှောက်ပင့်နိုင်းစေမှုကြောင့် ခင်မောင်ကြီးဟာ အသုံးအဖြုန်းကြီးပြီး ဘဝင်မြင့်လာတယ်၊ သူ့ဘကြီး လူမိုက် ခေါင်းဆောင်ကို အားကျအောင် ဥပါယ်တံမျဉ်နဲ့ ပုံစံသွင်းပေးပြီး ဘကြီးဆိုတဲ့အမည်နဲ့ လှုပ်ရှားနိုင်အောင် ခင်ဗျား ကြိုးကိုင်ခဲ့ ာယ် မဟုတ်လား'

'ခင်ဗျား တော်တော်သိနေပြီပဲ'

'ဒါတင်မကဘူး၊ ဒီမှာတွေ့တဲ့ သတ္တုကြောကို နိုင်ငံ ခြားကုမ္ပဏီတွေဆီမှာ သတင်းရောင်းပြီး ချမ်းသာဖို့ ကြိုးစားနေ ာလေ'



www.burmeseclassic.com

www.burmeseclassic.com



'ကောင်းလိုက်လေ၊ ဒီတော့ ကျုပ်ဘာဆက်လုပ်မယ် ဆိုတာ ခင်ဗျား သိပြီလား'

'ကျုပ်ကို သတ်ပစ်ရုံပေါ့၊ ပြီးတော့ ဂူထဲကလူတွေကို လည်း ကုန်အောင်သတ်ပစ်လိမ့်မယ်၊ နောက်ပြီး စုနန္ဒာကို ကယ်တင်ဖို့ ခင်မောင်ကြီးကို ခင်ဗျား ညွှန်ကြားချက်ပေးလိမ့် မယ်'

ခင်မောင်ကြီးက ရှေ့တစ်လှမ်းချင်း တိုးလာသည်၊ စိုးပိုင်ကို နောက်ဆုတ်ခိုင်းသည်။ စိုးပိုင် တစ်လှမ်းချင်းဆုတ် လာသည်။ တစ်လှမ်း၊ နှစ်လှမ်း၊ သုံးလှမ်း။

စိုးပိုင်နောက်တွင် ရေမချောက်ကြီး ရှိနေသည်။ စိုးပိုင် သူ၏ဦးနောက်ကို အလျှင်အမြန် အသုံးချသည်။ တစ်ဖက် ချောက်ကမ်းပါးစွန်းပေါ်မှာ အရိပ်လိုလို လှမ်းမြင်လိုက်ရသည်၊

ဇော်ဝိတ်က သေနတ်ကို လက်ကမချဘဲ ကျန်လက်ဖြင့် ရေခဲပုဆိန်ကို ဆွဲထုတ်လိုက်သည်။ စိုးပိုင် နောက်မဆုတ်ဘဲ ရပ်နေသည်။ ဇော်ဝိတ်က ပုဆိန်ဖြင့် လွှဲ၍ ခုတ်ချလိုက်သည်၊ ထိုအချိန်တွင်ပင် စိုးပိုင်က ငုံ့၍ရှောင်လိုက်ရာ ဇော်ဝိတ်မှာ အားလွန် ပြီး အရှိန်ဖြင့် ချောက်ကမ်းပါးထဲသို့ ထိုးကျသွားလေတော့သည်။





ထိုသို့ ထိုးကျရာသို့ စိုးပိုင်လှည့်၍ ကြည့်လိုက်ရာ သူ၏နောက်ကျောတွင် မားမြှောင်တစ်ချောင်း ထိုးစိုက်ဝင်လျက် ရှိကြောင်း တွေ့လိုက်ရသည်။

ထို့နောက် မျက်နှာကိုပြန်၍ လှည့်လိုက်ရာ အရဏ်ဦး လင်းလုဆဲ အမှောင်ထဲတွင် အရိပ်မည်းမည်းသုံးခုကို တွေ့လိုက် ရသည်။ တစ်ဦးကိုတော့ သူသိသလိုလို ရှိသည်။

ခင်မောင်ကြီးနှင့် ထိပ်တင်ငြိမ်းတို့ထံသို့ နောက်ယောင် ခံလိုက်သွားရန် သူ့တပ်ဖွဲ့ဝင်လေးဦးကို ဦးမင်းနိုင် စေလွှတ်ခဲ့ သည်ကို သတိရသည်။ သည်သုံးဦးသာ အသက်ရှင်၍ ကျန်ရစ် ခဲ့ဟန်တူသည်။

'ခင်ဗျား ဒဏ်ရာမရဘူးမို့လား ကိုစိုးပိုင်'

'မရပါဘူး'

'တခြားလူတွေ အောက်မှာကျန်ခဲ့တယ် မဟုတ်လား၊ ခင်ဗျားတို့ ဘယ်လိုရောက်လာကြတာလဲ'

'ဦးမင်းနိုင်တို့ ဘာမှမဖြစ်ပါဘူး၊ ဂူထဲမှာ သူတို့ပိတ်မိ နေကြပြီ၊ ကျုပ်အနေနဲ့ကတော့ ဇော်ဝိတ်အကူအညီမပါဘဲ ဒီ ပေါ်ကို ရောက်မလာနိုင်ပါဘူးဗျာ'



www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်တို့၊ ခင်ဗျားတို့ တက်လာတဲ့အသံကို ကြားနေရတယ်၊ ခင်ဗျားတို့နှစ်ယောက် ပြောတာတွေလည်း အကုန်ကြားခဲ့ပြီးပြီ၊ ခင်ဗျား တော်တော်သတ္တိကောင်းတဲ့လူပဲဗျာ၊ ကံကောင်းလို့ ချောက်ထဲကျမသေတာပါလား၊ ကျုပ်လည်း သူ့ကိုယ်ထဲ ဓားမြှောင်တစ်ချောင်းနဲ့ လှမ်းပေါက်လိုက်ရတယ်'

'ဒါဆို သူ သစ္စာဖောက်တာ ခင်ဗျားတို့ သိပြီးပြီပေါ့'

ထိုလူက ခေါင်းညိတ်လိုက်သည်။

နောက်တော့ သူတို့အောက်သို့ ကြိုးတစ်ချောင်းပစ်ချပေးပြီး တစ်ဦးချင်းဆွဲတင်ခဲ့သည်။ ဦးမင်းနိုင်တို့ အပေါ်ရောက်လာချိန်တွင် စိုးပိုင်က အဖြစ်အပျက်များကို ခြုံငုံ၍ ပြောပြလိုက်သည်။

'ဇော်ဝိတ်အလောင်းကြီး အောက်ကျလာတာနဲ့ စုန္ဒာခမျာ မျက်ရည်မစဲ ငိုပွဲဆင်တော့တာပါပဲဗျာ၊ သူ့ကျောမှာ ကျုပ်တောင်တက်အဖွဲ့ဝင်တွေရဲ့ ဓားမြှောင်တစ်ချောင်း တွေ့လိုက်မှပဲ အဖြစ်အပျက်အမှန်ကို ကျုပ်သဘောပေါက်သွားတယ်'

ထိုအချိန်မှစ၍ စိုးပိုင်နှင့် ပတ်သက်သမျှ ပြဿနာများမှာ ရှင်းလင်းသွားပြီဖြစ်သည်။ ဂူထဲမှလူများလည်းတစ်ယောက်





ပြီးတစ်ယောက် တက်လာကြသည်။ ဆွဲတင်ရသူများမှာ လက်ပန်းကျလှပြီ။ နောက်ဆုံးမှ စုန္ဒာကို ဆွဲတင်ခဲ့ကြသည်။

သူမက ကျောက်တောင်ပေါ် ရောက်ရောက်ချင်း ခြေပစ်လက်ပစ် ထိုင်ငိုသည်။

'ရှင် ခုလိုလုပ်တာ ကောင်းသေးရဲ့လား ကိုစိုးပိုင်၊ ရှင် ကျွန်မနဲ့ ပတ်သက်သမျှ လူတိုင်းကို ဆွဲထုတ်ယူသွားတာပဲ'

'သူက ကျွန်တော့်ကိုသတ်ဖို့ ကြိုးစားခဲ့တာကိုးဗျာ'

နောက် စိုးပိုင်က အဖြစ်အပျက် အခြေအနေအရပ်ရပ်ကို ရှင်းလင်းပြောပြလိုက်သည်။

'ဟုတ်လိမ့်မယ် ကိုစိုးပိုင်၊ သူနဲ့ အစ်ကိုနဲ့ တော်တော်ရေး တွဲခဲ့ကြဖူးတယ်၊ အစ်ကို့ကို ဒီတောင်ပေါ်တက်ဖို့ သူပဲ ညွှန်ကြားခဲ့တာနေမှာ၊ ဒါနဲ့ မမငြိမ်းကောဟင်၊ သူ့ကို ဘယ်လို လုပ် ကယ်တင်ကြမလဲ'

'သိပ်မကြာခင် ကျွန်တော်တို့ အဖြေသိရတော့မှာပါ'

'အို... ကျွန်မတော့ မမငြိမ်းအတွက်ပဲ စိုးရိမ်တယ်၊ အင်ကို သူ့ကို သတ်ပစ်လိမ့်မယ်၊ သူ ခင်ဦးဆွေကိုလည်း သတ်ခဲ့ပြီးပြီ၊ ဦးလေးဇော်မှိုင်းကိုလည်း သတ်ခဲ့ပြီးပြီ၊ ဒါတွေ



www.burmeseclassic.com

www.burmeseclassic.com



အားလုံးကို ဖော်ဝိတ် ညွှန်ကြားလို့ လုပ်ခဲ့ရတာနေမှာပါ'

'ဒါတွေအကုန်လုံး အမှန်ပဲပေါ့ စုနန္ဒာရယ်'

စိုးပိုင်က စုနန္ဒာ၏ ပခုံးကို ဆုပ်ကိုင်၍ နှစ်သိမ့်လိုက်သည်။ စုနန္ဒာမှာ မျက်နှာကို တစ်ဖက်သို့လွှဲပြီး အသံမထွက်ဘဲငိုနေသည်။ စိုးပိုင် ဘာမျှထပ်ပြီး ပြောမနေတော့ချေ။

ထိုအချိန်တွင် ဦးမင်းနိုင်က အပေါ်စီးမှနေ၍ ရန်သူ့အခြေအနေကို မှန်ပြောင်းတစ်လက်ဖြင့် လှမ်း၍ကြည့်နေသည်။ ရန်သူများမှာ အားလုံးနီးပါး စိတ်ချလက်ချ အိပ်မောကျနေကြသည်။ ဂူတွင်း ပိတ်မိနေသောသူများကို သူတို့အဖို့ အချိန်မရွေးအနိုင်ယူ၍ ရသည်ဟု ထင်မြင်ယူဆပြီးဖြစ်ပေလိမ့်မည်။

ဦးမင်းနိုင်က ခပ်ဝေးဝေးသို့ မှန်ပြောင်းဖြင့် လှည့်ပတ်၍ ကြည့်ရှုလိုက်ရာ သူတို့ဖက်မှ တပ်ကူများ ချီတက်လာနေသည်ကို တွေ့လိုက်ရသည်။ ဦးကျော်ခေါင်၏ အစီအစဉ်ပင်ဖြစ်ပေလိမ့်မည်။ မကြာမီ တိုက်ပွဲအပြင်းအထန်ဖြစ်ကြရာ ဦးမင်းနိုင်တို့ တောင်တက်တပ်ဖွဲ့မှ အပေါ်စီးမှရသဖြင့် ရန်သူများမှာ နှစ်ဖက်ညှပ်ပူးညှပ်ပိတ် ပိတ်မိပြီး မရှုနိုင် မကယ်နိုင်ဖြစ်ကုန်သည်။





တိုက်ပွဲမှာ အချိန်တိုတိုအတွင်းမှာပင် ပြီးဆုံးသွားသည်။ တိုက်ပွဲပြီးဆုံးချိန်တွင် ရန်သူအများအပြား ကျဆုံး၍ တချို့ကို အရှင်ဖမ်းမိသော်လည်း ခင်မောင်ကြီးနှင့် ထိပ်တင်ငြိမ်းတို့မှာ ပျောက်ချင်းမလှ ပျောက်လျက်ရှိသည်။

ဦးမင်းနိုင်က တပ်ကူရောက်လာသောအဖွဲ့နှင့် စစ်ဆေးစရာရှိသည်များကို စစ်ဆေးနေစဉ် စိုးပိုင်က ရန်သူများ စခန်းချနေရာအနှံ့အပြားသို့ လိုက်လံရှာဖွေခဲ့သည်။ ရန်သူ၏ ရွက်ဖျင်တဲတော်တော်များများမှာ မီးစွဲလောင်နေသည်။

အမိုးတစ်ခြမ်း မီးစွဲလောင်လျက်ရှိသော ရွက်ဖျင်တဲတစ်လုံးသို့ စိုးပိုင် ဝင်ရောက်ကြည့်ရှုလေရာ ခင်မောင်ကြီးနှင့်ထိပ်တင်ငြိမ်းကို တွေ့လိုက်ရသည်။ ထိပ်တင်ငြိမ်းမှာ အိပ်ရာပေါ်တွင် အံကြိတ်လျက်ရှိပြီး ခင်မောင်ကြီးနှင့် ရန်ဖြစ်နေပုံရသည်။ ခင်မောင်ကြီးမှာ ရွက်ဖျင်တဲအပေါက်ဘက်သို့ ကျောပေးပြီး ရပ်နေရာမှ သူ့ခြေသံကြား၍ လှည့်ကြည့်လိုက်သည်။

စိုးပိုင်ကို တွေ့သည်နှင့် သူသည် ဝုန်းခနဲခုန်အုပ်ကာ ...းထွေးသတ်ပုတ်ကြလေတော့သည်။ ဘတစ်ပြန် ကျားတစ်... လုံးထွေးသတ်ပုတ်နေရာမှ ခင်မောင်ကြီးလက်ထဲ ...ား



www.burmeseclassic.com

www.burmeseclassic.com



ရောက်သွားပြီး စိုးပိုင်ကို ဓားမြှောင်ဖြင့် ပင့်၍ထိုးလိုက်သည်။ စိုးပိုင်က ဘေးသို့ခါးညွတ်လျက် ရှောင်တိမ်းလိုက်ပြီး ခင်မောင်ကြီး၏ပါးချိပ်ရိုးဆီသို့ လက်သီးတစ်လုံး ပစ်သွင်းလိုက်သည်။ ခင်မောင်ကြီးသည် နောက်သို့ အနည်းငယ် ယိုင်သွားရာမှ အားယူပြီး တစ်ဟုန်ထိုးပြေးဝင်ကာ စိုးပိုင်အား ယမ်းပုံမီးကျဒေါသကြီးစွာဖြင့် တိုက်ခိုက်သတ်ဖြတ်လေတော့သည်။

ဤသို့ဖြင့် အပြန်ပြန်အလှန်လှန် သတ်ပုတ်နေကြလေရာ ခင်မောင်ကြီး၏လက်မှ ဓားမှာ လွင့်စဉ်သွားလေတော့သည်။ ထိုသို့ လွင့်စဉ်သွားချိန်တွင် ခင်မောင်ကြီးသည် ရုတ်တရက် ရွက်ဖျင်တဲဘေးတွင်ကျနေသော ရဲတင်းကို ကောက်ကိုင်လိုက်ကာ စိုးပိုင်ကို ရင်ဆိုင်လိုက်ပြန်လေ၏။ စိုးပိုင်မှာ တောင်တက်ထားရသဖြင့် ပင်ပန်းနွမ်းလျလျက်ရှိရာ လက်ပန်းကျလျက်ရှိလေ၏။ ထို့ကြောင့် သတ်ပုတ်ရင်းဖြင့် တစ်ချိန်တွင် ထောင့်ပိတ်မိပြီး လဲကျသွားလေရာ ခင်မောင်ကြီးမှာ အခွင့်အရေးသာသွားပြီး လက်ထဲမှ ရဲတင်းဖြင့် စိုးပိုင်၏ဦးခေါင်းအား ခွဲချလိုက်လေတော့သည်။

စိုးပိုင်မှာ ဘာမှမလုပ်သာဘဲ ရုတ်တရက် အံ့အားသင့်





မျက်စိကို စုံမှိတ်ထားလိုက်ရလေတော့သည်။

ထိုအချိန်မှာပင် 'ဒိုင်း' ခနဲ သေနတ်သံတစ်ချက် ကြားလိုက်ရပြီးနောက် ခင်မောင်ကြီး၏ ကိုယ်ခန္ဓာကြီးမှာ စိုးပိုင်၏ ကိုယ်ပေါ်သို့ ပြိုလဲ၍ ကျလာလေတော့သည်။

သူ မျက်စိကို ပြန်လည်ဖွင့်ကြည့်လိုက်သောအခါ ထိပ်တင်ငြိမ်းသည် သေနတ်ကိုကိုင်ရင်း ပြုံးကြောင်ကြောင်ဖြစ်နေရာမှ သေနတ်ကို ရုတ်တရက် လွှတ်ချလိုက်ပြီး ရှိုက်ကြီးတငင် ငိုကြွေးလေတော့သည်။

မရှေးမနှောင်းမှာပင် သေနတ်သံကြောင့် ဦးမင်းနိုင်နှင့် တောင်တက်အဖွဲ့တချို့လည်း ရောက်ရှိလာခဲ့ကြလေ၏။ သူတို့နှင့်အတူ စုနန္ဒာလည်း လိုက်ပါလာလေရာ စုနန္ဒာမှာ ထိပ်တင်ငြိမ်းကိုလည်းကောင်း၊ ခင်မောင်ကြီးကိုလည်းကောင်း ကြည့်၍ အံ့အားသင့်လျက် ကျောက်ရုပ်ပမာ ဖြစ်နေလေ၏။ ဤတွင် စိုးပိုင်က သူ့ကိုယ်ပေါ်တွင် ပိနေသော ခင်မောင်ကြီးအလောင်းကို ဘေးသို့ပစ်ချလိုက်ကာ စုနန္ဒာထံသို့ ပြေးသွားပြီး ပခုံးနှစ်ဖက်အား ဆွဲယမ်းလှုပ်ခါလိုက်လေသည်။

'စုနန္ဒာ... စုနန္ဒာ... သတိထားလေ'



www.burmeseclassic.com

www.burmeseclassic.com



သို့သော် စုနန္ဒာခမျာ သူ့စိတ်ကို သူမနိုင်တော့ဘဲ စိတ်ထိခိုက်လွန်းသဖြင့် ပုံလျက်သား လဲကျသွားလေတော့သည်။

✣ ✣ ✣



# အခန်း(၂၁)

## ချစ်စံအိမ်

ထိပ်တင်ငြိမ်းသည် ခရီးဆောင်အိတ်တစ်လုံးနှင့်အတူ ...လေးဘူတာကြီးစင်္ကြံတွင် ရပ်၍ တစ်စုံတစ်ရာကို တွေးတော ...နေလေ၏။

ထိုအချိန်တွင် စိုးပိုင်နှင့် စုနန္ဒာတို့သည် သူမရှိရာသို့ ...ပြည်းနှင့် မှန်မှန် ရောက်ရှိလာခဲ့ကြသည်။ ထိပ်တင်ငြိမ်း ...ကဲဝန်းတွင် မျက်ရည်စကလေးများ စို့လျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



'ပြီးခဲ့တာတွေ ပြီးခဲ့ပြီပဲ မမရယ်၊ ကိုယ့်စိတ်ကိုထိန်းပါဦး၊ ကျွန်မလည်း ကျွန်မအစ်ကိုအတွက် ခံစားရတာပေါ့၊ မမ ဘာဖြစ်ချင်လဲ မမဖြစ်ချင်တာသာ ပြောပါ၊ ကျွန်မ လုပ်ပေးပါ့မယ်'

ထိပ်တင်ငြိမ်းက ခေါင်းကို ခါယမ်းလိုက်သည်။

'မလိုပါဘူးကွယ်၊ မမအတွက် လိုအပ်တဲ့ အချစ်ဟာ ရနိုင်တော့မှာ မဟုတ်ပါဘူး၊ သူ မမကို လိမ်ခဲ့တယ်၊ မမကိုမှ မဟုတ်ပါဘူးလေ၊ အားလုံးကို လိမ်ခဲ့တာပါပဲ၊ မမကို နိုင်ငံခြားသားတွေဆီ ရောင်းစားမလို့တဲ့၊ သူ မမကို တကယ် ကူညီခဲ့တာ မဟုတ်ပါဘူး၊ ဟန်ဆောင်ခဲ့တာပါ၊ သူခေါ်လာတဲ့ ဝံပုလွေအုပ်စုက ဗိုလ်တစ်ယောက်က မမကို သဘောကျလို့တဲ့၊ တစ်ဖက်နိုင်ငံထိ ခေါ်သွားမယ်လို့ပြောတယ်'

သူမက တိုးတိတ်ညင်သာစွာ ပြောသည်။

'ဒါကို ခင်မောင်ကြီးက သဘောတူသတဲ့လား'

'အင်းပေါ့၊ သူ ဘယ်တုန်းကမှ ကျွန်မကို ချစ်ခဲ့တာ မဟုတ်ပါဘူး၊ တကယ်တော့ သူဟာ လောဘဇောတိုက်နေတဲ့ မောဟသားကောင် တစ်ကောင်ပါပဲ၊ သူနဲ့ လက်မထပ်ဖြစ်တာ





တော်သေးတာပေါ့နော်'

'ဒါနဲ့ ခင်ဗျားမျက်နှာပေါ်က ကော်ကိုင်းမျက်မှန်ကရော ဘာလို့ မတပ်တော့တာလဲ'

'ကျွန်မအတွက် ဒါတွေ မလိုတော့ပါဘူးရှင်၊ ကျွန်မ လွှင့်ပစ်လိုက်ပါပြီ၊ အထိမ်းအမှတ်တစ်ခုလိုတော့ ဖြစ်သွားတာပေါ့နော်၊ ကျွန်မကိုယ် ကျွန်မ အံ့သြမိတယ်၊ မလုံခြုံတဲ့ အကာအကွယ်ယူထားမိတဲ့အတွက်ပေါ့၊ ကျွန်မစိတ်ကို ကျွန်မ ခုထက်ရင့်ကျက်လာအောင် လုပ်ရလိမ့်ဦးမယ်၊ အသက်အရွယ်နဲ့ ဟန်ပန်ရင့်ကျက် တည်ငြိမ်ဖို့ထက် စိတ်သဘောထား ရင့်ကျက်တည်ငြိမ်ဖို့က ပိုပြီး လိုအပ်တယ်ဆိုတာ ကျွန်မ အခုတော့ သဘောပေါက်ပါပြီ'

ထိုအချိန်တွင် ရထားထွက်ရန် ငါးမိနစ်မျှ လိုတော့ကြောင်း အချက်ပြ သံချောင်းခေါက်လေရာ ထိပ်တင်ငြိမ်းက သူမ၏ လက်ပွေ့အိတ်ထဲမှ စာအိတ်ကလေးတစ်အိတ်ကို ထုတ်၍ ခုနန္ဒာလက်ထဲ ထည့်လိုက်သည်။

'ကဲ… မမသွားတော့မယ်နော်။ နောက်မှ ဆုံကြသေးတာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့ မမ'

'သွားတော့မယ် ကိုစိုးပိုင်'

'ဟုတ်ကဲ့… ကျွန်တော်တို့ ထပ်တွေ့ပါဦးမယ်'

ထို့နောက် ထိပ်တင်ငြိမ်း ရထားပေါ်တက်၍ လက်ကလေးပြသွားရာ ရထားဘီးမှာ လိမ့်စပြုနေပြီဖြစ်၍ စိုးပိုင်နှင့် စုနန္ဒာမှာ သံဆန်ခါကြားမှ လှမ်း၍ လက်ပြနှုတ်ဆက်လိုက်ကြသည်။

ထိပ်တင်ငြိမ်း၏မျက်နှာနှင့် လက်ကလေးမှာ တဖြည်းဖြည်း ဝေး၍ဝေး၍ သေးငယ်လျက် ပျောက်ကွယ်သွားလေတော့သည်။

စိုးပိုင်နှင့် စုနန္ဒာတို့သည် ဘူတာမှနေ၍ ထိပ်တင်ငြိမ်းမှ တည်းခိုရန်ပေးထားသော တိုက်အိမ်ကလေးဆီသို့ အငှားကားဖြင့် ပြန်လာခဲ့ကြသည်။

သူတို့ ကားပေါ်မှဆင်းသည်နှင့် ခြံစောင့်အဘိုးကြီးက ဝင်းတံခါးကို ဖွင့်ပေးပြီး အရိုအသေပြုလိုက်သည်။ နောက် သူတို့သည် ဧည့်ခန်းသို့ရောက်သည်နှင့် စိုးပိုင်က ဆိုဖာပေါ်သို့ ပစ်ထိုင်၍ ခြေလက်တို့ကို ဆန့်ထုတ်ပြီး အညောင်းဆန့်လိုက်





သည်။ စုနန္ဒာက သူ့အပါးသို့ ဝင်ထိုင်ပြီး လက်ထဲမှ စာအိတ်ကလေးကို စိုးပိုင်အား ပေးလိုက်သည်။ စိုးပိုင်က စာအိတ်အား မယူဘဲ စုနန္ဒာ၏ ပခုံးအားပွေ့ဖက်ကာ စာအိတ်ကို မေးငေါ့ပြ၍ စုနန္ဒာအား ဖတ်ရန် အမူအရာဖြင့် ပြလိုက်သည်။

စုနန္ဒာက စာအိတ်ကလေးကို ညင်သာစွာ ဖွင့်ဖောက်၍ အထဲမှ စာရွက်ခေါက်ကလေးကို ဆွဲထုတ်ယူလိုက်သည်။ စာရွက်ခေါက်ကလေးပေါ်တွင်-

မောင်စိုးပိုင်နှင့် စုနန္ဒာတို့အတွက်-

မင်္ဂလာလက်ဖွဲ့

ဟု ရေးသားထားသည်ကို တွေ့ရသည်။

'ဟင်… ဘာများပါလိမ့်၊ ပြစမ်းပါဦး'

ဟုဆိုကာ စိုးပိုင်က စာရွက်ခေါက်ကလေးကို ဆွဲ၍ ဖတ်ကြည့်လိုက်သည်။

'ဟင်… စာချုပ်ကြီးပါလား'

စိုးပိုင် ထပ်မံရေရွတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟင်… ဟုတ်လား၊ ဘာစာချုပ်တဲ့လဲဟင်'

စုနန္ဒာက စိတ်ဝင်စားစွာဖြင့် နှစ်ယောက်အတူ လုဖတ်ကြသည်။ နှစ်ယောက်ပြိုင်တူ အသံတိုးတိုးကလေးဖြင့် တိတ်တဆိတ် ဖတ်ရှုပြီးနောက် စုနန္ဒာက လက်နှစ်ဖက်ကို မြှောက်ကာ အော်ဟစ်လိုက်သည်။

'ဟေး… မမငြိမ်းက မောင်နဲ့ နန္ဒာအတွက် ဒီစံအိမ်ကြီးကို လက်ဖွဲ့အဖြစ် ပေးတယ်တဲ့ဟော့'

'အေးကွာ၊ မင်္ဂလာဆောင်ပြီးရင်လည်း သူနဲ့အတူ လာနေပြီး သူ့ကုမ္ပဏီမှာ ကိုယ်တို့နှစ်ယောက်စလုံး ဦးဆောင်ပြီး လုပ်ရမယ်တဲ့၊ မင်္ဂလာဆောင်မယ့် ကိစ္စအဝဝကိုလည်း အပြီးအစီး စိတ်တိုင်းကျ လုပ်မယ်တဲ့၊ တကယ်တော့ မင်းကို ညီမအဖြစ် မွေးစားလိုက်တာပဲ'

'ဟုတ်တယ်နော်၊ ဟုတ်တာပေါ့ကွယ်၊ မောင် မပျော်ဘူးလားဟင်'

'ပျော်တာပေါ့ နန္ဒာရယ်'


စိုးပိုင်က စုနန္ဒာအား ပွေ့ဖက်၍ ပါးကလေးကို ချွေကြူလိုက်ရာ အိမ်ကြီးတွင်ရှိသမျှ သော့အားလုံးအား အပ်နှံခဲ့





ယူဆောင်လာသော အိမ်ဖော်အမျိုးသမီးကြီးသည် ရုတ်တရက် ရှေ့မတိုးရဲသေးဘဲ ဓာခန်းဆီးကိုကွယ်ကာ ခပ်ပြုံးပြုံးကြီးလုပ်နေလေတော့သည်။

သု နက္ခတ္တံ သု မင်္ဂလံ
သုပဘာတံ သုဟုဋ္ဌိတံ'



ဂျဴနီရမောင်မောင်



www.burmeseclassic.com